
www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


# ချမ်းမြေ့သရဖီလှိုင်

## ဆားပုလင်းမင်းနောင်နှင့်ထီးဖြူဆောင်းမယ်တော်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၅၁၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း(ဝ)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇)၊ (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၁၂)၊ သရဖီလမ်း၊ အလုံမြို့နယ်။

ဖြန့်ချိရေး
ရွှေမင်းသမီးစာပေ
ဖုန်း-၀၉ ၄၃၀၃၃၁၅၂ ၀၁ ၄၀၀၆၇၄

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅.၈၃
ချမ်းမြေ့သရဖီလှိုင်
ဆားပုလင်းမင်းနောင်နှင့် ထီးဖြူဆောင်းမယ်တော်/ချမ်းမြေ့သရဖီလှိုင်။ - ရန်ကုန်
ရဲအောင်စာပေ ၂၀၁၁။
၂၃၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဆားပုလင်းမင်းနောင်နှင့် ထီးဖြူဆောင်းမယ်တော်


## ထွက်ရှိပြီးသောစာအုပ်များ

၁။ ဆားပုလင်းမင်းနောင်နှင့် ပန်းဦးဆက်ခင်ခင်ကြီး

၂။ ဆားပုလင်းမင်းနောင်နှင့် နှစ်ဆောင်ပြိုင်မိမိလေး

၃။ ဆားပုလင်းမင်းနောင်နှင့် တမာန်တော်ရွှေသွေး

ယခု…

"ဆားပုလင်းမင်းနောင်နှင့် ထီးဖြူဆောင်းမယ်တော်"

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ...

ကျွန်ုပ် မောင်ပြုံးချိုသည် အင်းစိန်စီအိုင်ဒီရုံးခန်းအတွင်း ထိုင်လျက် ရာဇဝတ်မှုခင်းများနှင့်ပတ်သက်သည့် အစီရင်ခံစာအား ရေးသားနေစဉ် ပြာတာလေးပေါက်စ ရောက်ရှိလာပြီး ...

"ဗျာပိုင်းကြီး လည်နေပြီ ဆရာလူဝကြီးရေ၊ ရုံးခန်းထဲ အမြန်ပြေးပေတော့"

ဟု ဆိုသဖြင့် ကျွန်ုပ်က ...

"ဗျာပိုင်းကြီးလည်တော့လည်း တက်စီးလိုက်ရုံပေါ့ကွာ၊ လည်လည်း လည်နိုင်လွန်းတဲ့ ဗျာပိုင်းကြီး၊ အလုပ်များရတဲ့အထဲကွာ"

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တု ညည်းညူလိုက်လေ၏။

ဂျာဝိုင်းကြီးဟူသည်မှာ အင်းစိန်စီအိုင်ဒီရှိ ပုလိပ်မင်းကြီး ချားယ်တာတ်အား ကျွန်ုပ်တို့ နောက်ပြောင်ခေါ်ဝေါ်သော နာမည်ပြောင် တစ်ခုပင် ဖြစ်၏။

ကျွန်ုပ်မှာ အလုပ်ကို လက်စသတ်၍ မင်းကြီးရုံးခန်းအတွင်းသို့ အပြေးတစ်ပိုင်း ဝင်ခဲ့လေ၏။

ရုံးခန်းတွင်း၌မူ အိုင်ပီစိန်ထွန်း၊ သွားခေါ်မင်းစိန်၊ ဘိုရှူးပီတာ တို့အားလုံး ရောက်ရှိနေကြ၏။

၎င်းတို့သည် ဆရာရှေ့၌ စာရွတ်ပြရမည့် ကျောင်းသားများ နှယ် စိုးရိမ်မှု ယှက်သန်းနေသည်။ မျက်နှာငယ်လေးများဖြင့် ရှိနေချေ၏။

ကျွန်ုပ်မှာ အခြေအနေမဟန်မှန်း ရိပ်စားမိသွားပြီး အိုင်ပီ စိန်ထွန်း၏နံဘေး၌ ကပျာကယာ ဝင်ရောက်တန်းစီလိုက်ရ၏။

မင်းကြီးချားလ်ဘတ်မှာ ကျွန်ုပ်အား မြင်တွေ့သွားပြီး . . .

"လူကလေး မောင်ပြုံးချို . . . ကျွန်ုပ်ခေါ်တဲ့အချိန်တိုင်း လူကလေးဟာ သူများထက် နောက်ကျပြီးမှ ရောက်လာတယ်၊ ဒါဟာ ရာဝင်အိုးလောက်ကြီးမားတဲ့ လူလေးရဲ့ဗိုက်ကြီးကြောင့် ခြေလှမ်းတွေ





ဟာ လိပ်လိုနှေးကွေး လေးလံသွားရတယ်၊ လူကလေး စီအိုင်ဒီမှာ ဆက်နေချင်ရင် လူကလေးရဲ့ဗိုက်ကြီးကို ရာဝင်အိုးကနေ သေးနိုင်သမျှ သေးအောင် အမြန်ကြိုးစားပါ . . .၊

လူကလေးတို့ မြန်မာတွေဟာ လက်ရဲဇက်ရဲ သိပ်နိုင်ကြတယ်၊ အားအားရှိ သတ်ဖြတ်ဖို့လောက်ပဲ တွေးတောနေကြတယ်၊ အချိန်းမှာ လူသတ်မှုဖြစ်ပြီး လူတစ်ယောက် သေနေတယ်လို့ မှော်ဘီတ်က အကူအညီတောင်းနေပြီ၊ လူကလေးတို့အားလုံး အမြန်သွားကြပါ၊ လူသေအလောင်းကြီးကနေ လူသတ်သမားကို အမြန်ဆုံး ဖော်ထုတ်ဖို့ ကြိုးစားကြပါ . . .၊

လူကလေးတို့နဲ့အတူ ဆာဗွီးလင့်စ် မင်းနောင်ကိုပါ တစ်ခါ တည်း ခေါ်သွားကြပါ၊ ယူ အာ အင်ဒါစတန်း"

ဟု စားပွဲအား ဒုန်းခနဲထု၍ပြောလိုက်ရာ ကျွန်ုပ်တို့ စုံထောက်တော်များသည် အလျင်အမြန် သတိဆွဲ၍ . . .

"ယက်စ် ဆာလ်"

ဟု ဖြေလိုက်ရလေ၏။

ထို့နောက်တွင်မူ မင်းကြီး ချားလ်ဘတ်သည် ကျွန်ုပ်တို့ စုံထောက်တစ်စုအား မောင်းနှင်ထုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မှာ မင်းကြီးရှေ့မှ ထွက်ခွင့်ရသည်နှင့် ကြိုးမိန့်မှ လွတ်ကင်းသည့် တရားခံနယ် များစွာ စိတ်လက်ပေါ့ပါးသွားရလေ၏။

"အစီရင်ခံစာအကြောင်းတွေ ပုံနေလို့ စိတ်ရှုပ်ရတဲ့အထဲ လူသတ်မှုက ပေါ်ပြန်ပြီဗျို့၊ မင်းကြီးကလည်း ဆားပုလင်းမင်းနောင်ကို ခေါ်သွားဖို့ ပြောနေတယ်၊ ကိုမင်းနောင်ကို ဘယ်မှာရှာကြမလဲ ကိုစိန်ထွန်း"

ကျွန်ုပ်၏ ညည်းညူသံကြောင့် အိုင်ပီစိန်ထွန်းမှာ ၎င်း၏ အစဉ်သဖြင့် မှေးစင်းနေသော မျက်လုံးများအား ပြူးလျက် ...

"သူ့အိမ်မှာရှိမှာပေါ့ လူဝကြီးရ၊ ကျုပ်တို့ တစ်ခါတည်း ဝင်ခေါ်သွားကြမယ်လေဗျာ၊ ကျုပ်လည်း ခင်ဗျားလိုပါပဲ လူဝကြီးရာ၊ အမှုအခင်းလေးပါးတုန်း အိမ်ပြန်အိပ်မလား မှတ်ပါတယ် ... ဂျာပိုင်ကြီးက ခေါ်တော့တာပဲ"

ဟု ပြောလေ၏။

"ကိုယ့်လူကတော့ နှစ်ဆယ့်လေးနာရီပတ်လုံး အိပ်ဖို့ပဲ စဉ်းစားနေတာပဲ၊ အိမ်ပြန်အိပ်စရာ မလိုပါဘူးဗျာ၊ ခင်ဗျား လုပ်နေကျအတိုင်းပေါ့၊ ရုံးခန်းထဲဖြစ်ဖြစ်, အိမ်သာထဲဖြစ်ဖြစ် ဝင်အိပ်လို့ရတာပဲဗျ၊ အိမ်သာထဲ ဝင်အိပ်ရင်တော့ သတိထားဗျ ... မတော် အိမ်သာ





တွင်းထဲ ခေါင်းစိုက်နေဦးမယ်"

ကျွန်ုပ်၏စကားကြောင့် အိုင်ပီစိန်ထွန်းမှာ မျက်နှာရှုံ့မဲ့လျက်

"ဘိန်းစားချင်း ပိုမရှုချင်ပါနဲ့ လူဝကြီးရာ၊ ခင်ဗျားရော ဘာထူးလဲ ... နှစ်ဆယ့်လေးနာရီပတ်လုံး စားဖို့ပဲ စဉ်းစားနေတာ မဟုတ်လား"

"ဟဲ ဟဲ ... မင်းကြီးပြောတာ ကြားတယ်နော်၊ အဆမတန်ပူထွက်နေတဲ့ ခင်ဗျားရဲ့ရာဝင်အိုးလောက် ဗိုက်ကြီးကို အမြန်ပြုတ်အောင် လုပ်ပေတော့ဗျို့၊ မဟုတ်လို့ကတော့ အလုပ်ပြုတ်ဖို့ သေချာတယ်နော်"

ဟု ချေပစကားဆို၍ ရုံးခန်းတွင်းမှ ထွက်သွားလေ၏။

"ဒီမယ် ကာလနဂါးကြီးရဲ့ ... ပြူးချီဆိုတဲ့ကျုပ်က အလုပ်ပြုတ်ခံနိုင်တယ်၊ ဗိုက်တော့ ဘယ်တော့မှ ပြုတ်မှာမဟုတ်ဘူးဗျို့၊ အဲဒါ မြဲမြဲမှတ်ထား"

ကျွန်ုပ်မှာ အိုင်ပီစိန်ထွန်းအား ချေပစကားဆို၍ အမီလိုက်ရှာ ပြင်လိုက်၏။

"လူကလေးပြူးချီ ... သင် ဘာပြောလိုက်သလဲ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောဆီမှ ထွက်ပေါ်လာသောအသံကြောင့် ကျွန်ုပ်မှာ ခြေလှမ်းတုံ့လျက် ခေါင်းနားပန်းကြီးသွားရ၏။

"ဟို ဟို . . . ဒီလိုပါ မင်းကြီး . . . မင်းကြီးပြောတဲ့အတိုင်း အဆမတန် ပူထွက်နေတဲ့ ကျွန်တော်မျိုးရဲ့ဗိုက်ကြီးကို အမြန်ဆုံး ပိန်အောင် ကြိုးစားမယ်လို့ ပြော . . . ပြောလိုက်တာပါ မင်းကြီး"

ကျွန်ုပ်၏မှသားစကားကြောင့် မင်းကြီးမှာ ခေါင်းဆတ်ဆတ် ညိတ်လျက် . . .

"သက်စ် ရိုက် . . . ထရှိုင်း ထရှိုင်း"

ဟုဆို၍ ထွက်ခွာသွားလေ၏။

ထိုအခါမှ ကျွန်ုပ်မှာ သက်ပြင်းချနိုင်၍ အိုင်ပီစီနီထွန်း နောက်သို့ ပြေးလိုက်ရလေတော့၏။

✵ ✵ ✵



ပညာရှိဟာ . . .

အရာအားလုံးကို

ကျေနပ်နိုင်စွမ်းရှိတယ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် အိုင်ပီစိန်ထွန်းတို့သည် ရုံးအပိုင် ဖို့ဒ်ကားလေးဖြင့် ကိုမင်းနောင်နေထိုင်ရာ အမှတ် (၁၆)၊ ပြည်လမ်းနေအိမ်သို့ ထွက်ခွာခဲ့လေ၏။

ကိုမင်းနောင်၏ခြံရှေ့သို့ရောက်လျှင် ခြံတံခါး စေ့ထားသည်ကို မြင်ရသဖြင့် ကျွန်ုပ်မှာ ဆင်း၍ ဖွင့်ရလေ၏။

ကျွန်ုပ်တို့စုံထောက်ကျော်နှစ်ဦးမှာ ခြံပတ်လမ်းအတိုင်း ကားကိုမောင်းနှင်၍ ဆင်ဝင်အောက်၌ ရပ်တန့်လိုက်၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏နှာခေါင်းတွင်းသို့ လွန်စွာမွှေးကြိုင်သောအနံ့ ဝင်ရောက်လာ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မွှေးလိုက်တာ ဟင်းနံ့ဗျာ၊ စိန့်စိန့်ကြီးနဲ့ ပေါင်းလာ
တာ အိုပြီသေတော့မယ်၊ ဒီလိုဟင်းနံ့မျိုး တစ်ခါမှ မရဖူးဘူးဗျို့
တို့ဆားပုလင်းကြီးတော့ အိမ်သူသက်ထားများ ရလေရော့သလား"

ကျွန်ုပ်မှာ ဟင်းနံ့ကြောင့် ဆာလောင်လာသည့် ဝမ်းဗိုက်ကို
ပွတ်သပ်၍ ပြောလိုက်လေ၏။

"လူဝကြီးကတော့ဗျာ ဟင်းနံ့ရတာနဲ့ ခွေးလေး အမဲရိုးမြင်
သလို ဖြစ်နေပြီ၊ စိတ်ကိုထိန်းစမ်းပါ၊ ခင်ဗျားကို မကျေနပ်တဲ့ တရား
ခံရှိရင် အစာအဆိပ်ခပ်ပြီး လုပ်ကြံဖို့ သိပ်လွယ်တယ်၊ လျှာတဖျာ
လျှော့စမ်းပါဗျာ"

အိုင်ပီစိန်ထွန်း၏စကားကို ကျွန်ုပ်က ဆတ်ဆတ်ထိမခံ

"ဒါတော့မဟုတ်နဲ့ဗျို့၊ ကျုပ်ကို လုပ်ကြံမယ့်လူ မပေါ်သေးဘူး
ဗျို့၊ ပြုံးချိုရဲ့အစွမ်းကို ခင်ဗျား သိတယ်မဟုတ်လား"

ဟု ချေပပြောလိုက်ရာ အိုင်ပီစိန်ထွန်းမှာ မျက်နှာရှုံ့မဲ့လျက်

"သိပ်ပါဗျာ သိပ်ပါ ... ခင်ဗျားအစွမ်းနဲ့သာ တရားခံဖမ်းရ
နောင်ဆယ်သက် လက်သည်ပေါ်မှာ မဟုတ်ဘူး ... ယုံပါတယ်
ကိုပြုံးချိုရယ်"

ဟု ကျွန်ုပ်အားကြည့်၍ ပြောလိုက်လေ၏။





ထိုအခိုက်မှာပင် ကိုမင်းနောင်မှာ စားဖိုမှူးဝတ်စုံဖြင့် အိမ်ရှေ့
သို့ ထွက်လာပြီး ...

"ကိုပြုံးချိုတို့ပါလား ... အထဲဝင်ကြလေဗျာ၊ မော်ဘီ
သချိုင်း လူသတ်မှုအတွက် ကျွန်တော့်ကို လာခေါ်တာလားဗျ"

ဟု ကျွန်ုပ်တို့အား ပြောလေ၏။

"အလို ... အိမ်မှာထိုင်ပြီး ဟင်းချက်နေတဲ့လူက မော်ဘီက
လူသတ်မှုကို ဘယ်လိုများ သိနေရတာလဲ"

အိုင်ပီစိန်ထွန်း၏အမေးကြောင့် ကိုမင်းနောင်မှာ ပို့လိုစီးက
ရက်အား မီးညှိလျက် ...

"အိုင်ပီတို့ အလာလမ်းမှာ ကားဘီးပေါက်သေးတယ် မဟုတ်
လား၊ ဒါကြောင့် ကျွန်တော့်အိမ်ရောက်တာ ဆယ့်ငါးမိနစ်တိတိ
နောက်ကျတယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်တို့နှစ်ဦးမှာ များစွာ အံ့ဩသွားရ
လေ၏။

"မှန်လိုက်တာ ကိုမင်းနောင်ရာ၊ အကြားအမြင်များ ပေါက်
ရောက်နေသလား၊ နို့ နေပါဦးဗျ ... မော်ဘီလူသတ်မှုရော ကားဘီး
ဘီးပေါက်တာရော ဘယ်လိုများ သိနေရတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အမေးကို ဆားပုလင်းမင်းနောင်က ...

"အိုင်ပီဘောင်းဘီရဲ့ ဒူးဆစ်နေရာကို ငုံ့ကြည့်လိုက်ပါဦး မြေမှုန့်တွေ ကပ်နေတယ်ဗျ။ ဒါဟာ မြေပေါ်ဒူးထောက်ခဲ့တဲ့ သင်္ကေတပဲ၊ ရုံးမှာရှိတဲ့ကားတွေအားလုံး တစ်နေ့ကပဲ ဆာဗစ်စင်လုပ်ထားတာဗျ။ ဒါပေမဲ့ ဘီးတွေတော့ မလဲရသေးဘူး။ ဒါကြောင့် အိုင်ပီဘောင်းဘီပေါ်က မြေမှုန့်တွေမြင်ရုံနဲ့ အတပ်ပြောနိုင်တာပါဗျာ"

ဟု ပြောလေ၏။

"ဒါဆို လူသတ်မှုကရောဗျာ၊ ပြောပါဦး"

ကျွန်ုပ်၏အမေးကြောင့် ကိုမင်းနောင်မှာ စီးကရက်အား ဖွာရှိုက်လျက် ...

"အိုင်ပီတို့က လမ်းမှာ ကားဘီးပေါက်တဲ့အတွက် ကျွန်တော့်ဆီ နောက်ကျပြီးမှ ရောက်လာတယ်၊ အိုင်ပီတို့အရင် ပြာတာပေါက်စ ရောက်ပြီးပြီဗျ။ ဘိုင်စကယ်နဲ့လာပြီး လူသတ်မှုအကြောင်း ပြောသွားတယ်၊ ဒါကြောင့် အိုင်ပီတို့ကို ပြောနိုင်တာပါ"

ဟု ပြောလေ၏။

"နို့ နေပါဦးဗျ ... ကိုမင်းနောင်က ဘာတွေများ ဒီလောက်ထိ ချက်ပြုတ်နေရတာလဲ၊ တစ်ခါမှ ကိုယ့်လူ ထမင်းချက်တာ မတွေ့





ဖူးပါဘူး"

အိုင်ပီစိန်ထွန်း၏ အမေးကြောင့် ကိုမင်းနောင်မှာ ယဲ့ယဲ့မှုပြုံးလျက် ...

"ဒီနေ့ ဖွန်လဆယ့်လေးရက်ဗျ၊ ကျွန်တော့်မွေးနေ့လေဗျာ၊ ဒါကြောင့် အိုင်ပီတို့နဲ့အတူ စားသောက်ဖို့ ပြင်ဆင်နေတာပါ"

ဟုပြောခါမှ ကျွန်ုပ်မှာ ဖွန်လဆယ့်လေးရက်သည် ဆားပုလင်း၏ မွေးနေ့ဖြစ်ကြောင်း အမှတ်ရမိလေ၏။ ထို့ကြောင့် ...

"ဒါဆိုလည်း စားမယ်ဗျာ ... ကျွေးတော့၊ ဟဲ ဟဲ ... မွေးနေ့လက်ဆောင်ကိုတော့ နောက်မှပဲယူနော် ကိုမင်းနောင် ... ဖြစ်တယ်မဟုတ်လား"

ဟု မေးလိုက်ရာ ကိုမင်းနောင်သည် တစ်ပတ်နွမ်းဗလေဇာကုတ်အား ကောက်ယူဝတ်လျက် ...

"လက်ဆောင်က အရေးမကြီးဘူးဗျ၊ ဒါပေမဲ့ ... အခု ကျွေးလို့ မရသေးဘူး၊ မော်ဘီကို သွားကြရအောင်ဗျို့၊ ခုလောက်ဆို ပီတာတို့ ခြေရှုပ်နေလောက်ပြီ"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ တဂွိဂွိမြည်နေသည့်ဗိုက်အား ပွတ်သပ်လျက် များစွာ မချင့်မရဲ ဖြစ်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ ...

ကျွန်ုပ်တို့ စုံထောက်ကျော်သုံးဦးသည် ရှုံးအပိုင် ဖို့ဒ်ကား လေးဖြင့် မော်ဘီသို့ ထွက်ခဲ့လေတော့၏။

✲ ✲ ✲



## ပြေးနေသရွေ့ ဥက္ကာ
## သင့်ရှိရွေ့ ရောက်နေဦးမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com

မော်ဘီမြို့အဝင်ရှိ သချိုင်း၌မူ စီအိုင်ဒီမှ စုံထောက်ကျော်များသည် ခြေချင်းလိမ်လျက် ရှိလေ၏။

သေသူမှာ ...

အသက်သုံးဆယ်ကျော် လူလတ်ပိုင်းတစ်ဦးဖြစ်၍ ရင်ဝ၌ဓားဒဏ်ရာဖြင့် သေဆုံးနေ၏။

သွားခေါ်မင်းစိန်ဟူသော စုံထောက်သည် သေသူ၏အင်္ကျီနှင့် ဘောင်းဘီအိတ်များအတွင်းသို့ လက်နှိုက်၍ တစ်စုံတစ်ခုအား အသည်းအသန် ရှာဖွေနေ၏။

"ဘာတွေများ အရေးတကြီး ရှာနေတာလဲဗျ၊ သေသူကို



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားလို ကြေးထူထပ်တယ်ထင်ပြီး အကြွေးစာရင်းများ ရှာနေရော့သလား၊ သိပ်မရှာနဲ့ ကိုယ့်လူရ . . . တော်ကြာ တရားခံရဲ့လက်ရာ၊ ခြေရာတွေ ပျက်သွားရင် ကိုယ့်လူမှာ တာဝန်ရှိတယ်နော်''

ကျွန်ုပ် မောင်ပြုံးချို၏ ခနိုးခနဲ့ပြောလိုက်သောစကားကြောင့် သွားခေါ်မင်းစိန်မှာ မျက်နှာပျက်လျက် . . .

''မဆိုင်တာ ဝင်မရှုပ်နဲ့ လူဝကြီး၊ ကျုပ်က အကြွေးစာရင်း ရှာစရာလား၊ မင်းစိန်တို့က မပိုင်ရင် ဘာမှမလုပ်ဘူး၊ သေသူဟာ လုယက်မှုကြောင့် သေတာလား သိချင်လို့ အဖိုးတန်ပစ္စည်းတွေ ဘာတွေ ရှာကြည့်နေတာဗျ၊ မသိဘဲ ဝင်မပြောနဲ့''

ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလေ၏။

ထိုအခိုက်မှာပင် . . .

ဘိုရှူးပီတာဟူသည့် စုံထောက်သည် အဘိုးအိုတစ်ဦးအား လက်ပြန်ချုပ်လျက် ကျွန်ုပ်တို့အနီး လျှောက်လာပြီး . . .

''တရားခံကို အင်စပက်တော်ပီတာက လက်ရဖမ်းဆီးလိုက်ပြီဗျို့၊ ကိုယ့်လူတို့ မလိုတော့ဘူး၊ ဟောဒီမှာတွေ့လား . . . ဒီအဘိုးကြီး ဟာ တရားခံပဲ''

ဟု ရင်ကော့ပြော၍ အဘိုးအိုအား ဆောင့်တွန်းလိုက်လေ၏။





အဘိုးအိုမှာ စိုးရိမ်မှုယှက်သန်းသောမျက်နှာဖြင့် ကျွန်ုပ်တို့အား ကြည့်၍ . . .

''အဘ လူမသတ်ရပါဘူး စုံထောက်ကြီးတို့ရယ်၊ အဘက အချိုင်းစောင့်ကြီးပါ၊ သေသူကိုလည်း တစ်ခါမှ မမြင်တွေ့ဖူးပါဘူး ကွယ်၊ မော်ဘီဂါတ်ကို အကြောင်းကြားခဲ့တာလည်း အဘကိုယ်တိုင် ပါပဲ၊ စဉ်းစဉ်းစားစား လုပ်ကြပါကွယ်''

ဟု တုန်ယင်သောအသံဖြင့် ပြောလေ၏။

ဘိုရှူးပီတာမှာ ၎င်း၏ လွန်စွာပွရောင်းသော နှာခေါင်းကြီး အား ရှုံ့လျက် . . .

''အပိုမပြောနဲ့ အဘိုးကြီး၊ သေသူရဲ့ ညာဘက်လက်မှာ ဒဏ်စွပ်ဝတ်ထားတဲ့အရာ တွေ့တယ်၊ ခင်ဗျားကြီး လက်စွပ်လိုချင်လို့ သတ်ဖြတ်လိုက်တာ မဟုတ်လား၊ ပြီးမှ ဘာမှမသိဟန်နဲ့ ဂါတ်ကို အကြောင်းကြားခဲ့တယ်၊ ပီတာတို့ အမှုလိုက်လာတာ ကြာပြီဗျ၊ ဒါမျိုး တွေ ရိုးနေပြီ၊ လာစမ်း . . . စီအိုင်ဒီရောက်မှ ကောင်းကောင်း အပြစ် ပေးရမယ်''

ဟု ကြိမ်းမောင်းကာ အဘိုးအိုအား ဆွဲရမ်းလေ၏။

ကျွန်ုပ်မောင်ပြုံးချိုမှာ ဘီလူးကြိမ်း ကြိမ်း၍ ဆွဲလားဒေါ်လား



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည့် ဘိုရှုးပီတာအား ကြည့်၍ ကိုမင်းနောင်၏ လက်မောင်းကို ယောင်ယမ်းကိုင်မိလိုက်၏။

"ဒီလိုမလုပ်ပါနဲ့ ကိုပီတာ၊ ဒီအဘကို ကျုပ် မေးစရာရှိတယ်၊ ကိုပီတာ ခဏဖယ်ပေးပါ"

ဆားပုလင်းမင်းနောင်၏အသံကြားလျှင် ဘိုရှုးပီတာမှာ မကျေမနပ်အမူအရာဖြင့် အဘိုးအိုအားကြည့်လျက် ထွက်သွားလေ၏။

ဆားပုလင်းမင်းနောင်သည် စီးကရက်အား ဖွာရှိုက်လျက် အဘိုးအိုဘက်လှည့်ကာ ...

"အဘ ... အလောင်းကို ဘယ်အချိန်မှာ စတွေ့တာလဲ"

"အရုဏ်တက်အချိန်လောက်မှာ တွေ့တာပါ"

"အဲဒီအချိန်မတိုင်မီကရော သင်္ချိုင်းထဲက အသံတွေဘာတွေ ကြားမိသေးလား"

"မကြားမိဘူးကွဲ့၊ သန်းခေါင်ကျော်လောက်ကပဲ ခွေးအူသံ ကြားမိတယ်၊ ဒါကလည်း သင်္ချိုင်းထဲက မဟုတ်ပါဘူး၊ တာလမ်းမကြီး ဘက်က ကြားရတာပါ"

"ဒါနဲ့ အဘက အရုဏ်တက်ချိန်မှာ အလောင်းကို ဘယ်လို တွေ့ခဲ့တာလဲ"





"ကျုပ်က သင်္ချိုင်းစောင့်ပေမယ့် အရုဏ်တက်အချိန်ရောက်တိုင်း ဆွမ်းထချက်လေ့ရှိပါတယ်၊ တာလမ်းမပေါ်ကနေ ဆွမ်းခံကြွဖို့ ဖြတ်သွားတဲ့ သံဃာတွေကို ထွက်ပြီး ဆွမ်းလောင်းလေ့ရှိပါတယ်၊ ဆွမ်းချက်ဖို့ ရေမရှိတဲ့အတွက် သင်္ချိုင်းနဲ့ တာလမ်းမ,ကြားမှာရှိတဲ့ ရေကန်မှာ သွားပြီး ရေခပ်ခဲ့ပါတယ် ...၊

ရေခပ်ဖို့အသွားမှာတင် ခွေးတစ်အုပ်ဟာ သင်္ချိုင်းအစွန်ပိုင်းမှာ အုပ်စုလိုက် ဆိုးဟောင်နေတာ လှမ်းမြင်လိုက်ရပါတယ်၊ ကျုပ်လည်း ထူးထူးခြားခြား ခွေးဟောင်တဲ့အတွက် သင်္ချိုင်းရဲ့အစွန်ပိုင်းကို လျှောက်ခဲ့ပါတယ် ...၊

ခွေးအုပ်ကို ခဲနဲ့ခြောက်လှန့်ပြီး ကြည့်လိုက်တဲ့အခါ သွေးအိုင်ထဲလဲနေတဲ့ လူသေအလောင်းကို တွေ့ရတော့တာပါပဲကွယ်၊ ဒါကြောင့် ရေပုံးကိုလွှတ်ချပြီး ဂိတ်ကို အပြေး အကြောင်းကြားခဲ့တာပါ"

သင်္ချိုင်းစောင့်အဘိုးအို၏စကားဆုံးလျှင် ဆားပုလင်းမင်းနောင်သည် ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"အခုလို ပြောပြတဲ့အတွက်, တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ ဂိတ်ကို အကြောင်းကြားပေးတဲ့အတွက် အဘကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်၊ သွားလို့ရပါပြီဗျာ''

ဟုပြောလိုက်ရာ သချိုင်းစောင့်အဘိုးအိုမှာ ကိုမင်းနောင်အား ကျေးဇူးတင်ကြောင်း တဖွဖွပြောလေ၏။

ထိုအခိုက်မှာပင် ဘိုရှူးပီတာ ရောက်လာပြီး ...

''သွားလို့ ဘယ်ရမလဲ၊ ဒီမယ် ကိုမင်းနောင် ...ခင်ဗျားက ဆားပုလင်းအဆင့်ပဲ ရှိပါသေးတယ်ဗျ၊ မဆိုသလောက် အမှုလေး လိုက်နိုင်လို့ လူတွင်ကျယ်မလုပ်ချင်နဲ့၊ ကျုပ်က ခင်ဗျားထက် ရာထူး မြင့်တယ်ဗျ၊ ကျုပ်ရဲ့အလုပ်ကို မနှောင့်ယှက်ပါနဲ့၊ သချိုင်းစောင့်ကြီးကို မသင်္ကာမှုနဲ့ ကျုပ်ဖမ်းတယ် ... ခင်ဗျား ဘာလုပ်ချင်သလဲ''

ဟု ယောကျ်ားတန်မဲ့ ခါးထောက်လျက် ရန်တွေ့သလို ပြောလေ၏။

ဆားပုလင်းမင်းနောင်သည် ဘိုရှူးပီတာအား အပြုံးဖြင့် စူးစိုက်ကြည့်၍ ...

''အမှုနဲ့မသက်ဆိုင်တဲ့ ပြည်သူတွေကို မနှောင့်ယှက်ပါနဲ့ ကိုပီတာ၊ ခင်ဗျားတို့လိုလူတွေကြောင့် ပြည်သူတွေဟာ လူသတ်မှု ဖြစ်တာတွေ့ရင်တောင် ပုလိပ်ကို သတင်းမပေးရဲဘဲ ဖြစ်သွားလိမ့်မယ်၊ ဟောဒီ သချိုင်းစောင့်အဘအတွက် ကျုပ် တာဝန်ယူတယ် ...၊





ခင်ဗျားအနေနဲ့ အေးအေးဆေးဆေး စီအိုင်ဒီကို ပြန်လိုက်ပါ၊ မဟုတ်ရင်တော့ ပြည်သူတွေရဲ့ တိုင်တန်းမှုကြောင့် ခင်ဗျားဟာ မင်း[illegible]ဒါတ်ကိုရောက် သွားနိုင်သလို ရာထူးကနေ ရပ်စဲခြင်းလည်း ခံရနိုင်ပါတယ်''

ဟု လွန်စွာတည်ငြိမ်၍ ကြဲဖြည့်လွှမ်းသောအသံဖြင့် ပြောလိုက်၏။

ဆားပုလင်းမင်းနောင်၏စကားကြောင့် ဘိုရှူးပီတာမှာ မျက်နှာကြီး နီမြန်းလျက် တက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်၏။

ထို့နောက်တွင်မူ မကျေမနပ်အမူအရာဖြင့် ချာခနဲ လှည့်ထွက်သွားလေတော့၏။

ဆားပုလင်းမင်းနောင်သည် အုတ်ဂူပျက်တစ်လုံးပေါ်၌ ပက်လက်အနေအထားဖြင့် သေဆုံးနေသော သေသူရှိရာ လျှောက်သွားလေ၏။

သေသူ၏ရင်ဝရှိဒဏ်ရာအား အနီးကပ်ကြည့်ရှု၏။ ထို့နောက် သေသူ၏အင်္ကျီအား ဆွဲလှန်လိုက်၏။

ထိုအခါ သေသူ၏ရင်ဘတ်အထက်နား၌ ...

''ထီးဖြူဆောင်းမယ်တော်''



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာတန်းအား ဓားဖြင့်ရေးခြစ်ထားသည်ကို တွေ့ရလေ၏။

ဆားပုလင်းမင်းနောင်သည် စီးကရက်အား နှုတ်ခမ်း၌ ခဲလျက် သေသူ၏ခြေထောက်ပိုင်းအား တစိမ့်စိမ့် ကြည့်ရှုပြန်၏။

ထို့နောက် သေသူ၏ညာဘက်လက်အား အနီးကပ်ကြည့်ရှု၏။

ကျွန်ုပ်မှာ ကိုမင်းနောင်၏သွေးအေးလွန်းသော အမူအရာကို ကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ ...

"ဓားထိုးမှု မဟုတ်လား ကိုမင်းနောင်"

ဟု လှမ်း၍ မေးလိုက်မိ၏။

ဆားပုလင်းမင်းနောင်မှာ ကျွန်ုပ်၏စကားကို ဂရုမပြုဘဲ အလောင်းထံမှ အကြည့်လွှာလျက် သချိုင်းတစ်ခုလုံး လှည့်ပတ်ကြည့်လေ၏။

နာရီဝက်မျှကြာလျှင် ကျွန်ုပ်တို့ရှိရာသို့ ပြန်လျှောက်လာလေ၏။

ထိုအခိုက်မှာပင် မှော်ဘီဂါတ်ပိုင်ကြီးနှင့် မှုခင်းဆိုင်ရာဆရာဝန် ရောက်ရှိလာ၏။





ဆားပုလင်းမင်းနောင်သည် ဂါတ်ပိုင်ကြီးနှင့် စကားပြောဆိုပြီးနောက် ကျွန်ုပ်တို့နှင့်အတူ ရန်ကုန်ဘက်သို့ ပြန်ခဲ့လေ၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

**မနေ့က**
**အကြောင်းကို ပြန်တွေးရင်း**
**လက်ရှိအချိန်တွေ ကုန်သွားတာ**
**သတိပြုမိရဲ့လား။**

ကျွန်ုပ်မောင်ပြုံးချိမှာ သိချင်စိတ်ကို မထိန်းနိုင်တော့ဘဲ မေည့်ပြင်လိုက်ရာ ကိုမင်းနောင်က . . .

"သေဆုံးသူက ဓားထိုးခံရလို့ သေတာမဟုတ်ဘူး အိုင်ပီ၊ သတ်သမားရဲ့လက်နက်ဟာ အသွားချွန်တဲ့ အရာတစ်ခုပဲဗျ၊ ဘာကြောင့်လဲဆိုတော့ သေသူရဲ့ဒဏ်ရာဟာ အသားစတွေ လန်နေတယ်၊ ပ်အထင်ပြောရရင် အိမ်မိုးသွပ်လိုအရာတစ်ခုပဲဗျ၊ ကျုပ်ပြောတာ မမှန်ဆိုတာ မှူခင်းဆရာဝန်ရဲ့စစ်ချက်မှာ သိရပါလိမ့်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ မျက်မှောင်ကြုတ်လျက် . . .

"ဒါဆိုရင် သေသူရဲ့ ရင်ဘတ်အထက်နားမှာ ရှေးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



'ထီးဖြူဆောင်းမယ်တော်' ဆိုတာကရော ဘာအဓိပ္ပာယ်လဲ ကိုမင်းနောင်၊ အမှုက သဲလွန်စလည်း မရှိဘူးဆိုတော့ မလွယ်ဘူးထင်တယ်နော"

ဟု မေးလိုက်မိ၏။

"ဘိုရှုပီတာကတော့ သေသူဟာ လက်စွပ်ကြောင့် အသတ်ခံရတယ်လို့ ထင်နေတယ်၊ ကိုမင်းနောင် ... ခင်ဗျားကရော ဘယ်လိုထင်သလဲဗျ"

အိုင်ပီစိန်ထွန်းမှာ ကားမောင်းနေရာမှ လှည့်၍ မေးလိုက်၏။

ကိုမင်းနောင်သည် စီးကရက်အား အငွေ့ထောင်းထောင်းထမတတ် ဖွာရှိုက်ရင်း ...

"လက်စွပ်ဟာ လူသတ်မှုနဲ့ ဆက်နွှယ်နေတယ်လို့ ယူဆရပေမယ့် အဖိုးတန်လက်စွပ် မဖြစ်နိုင်ဘူးဗျ၊ ကိုပီတာက အပေါ်ယံရှပ်ပြီး ကြည့်သွားလို့ မမြင်တာပါ"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ စိတ်ဝင်တစား ဖြစ်သွားရပြီး

"အဖိုးတန်လက်စွပ်မဟုတ်ရင် ဘာလက်စွပ်လဲ ကိုမင်းနောင် ... အမြန်ပြောစမ်းပါဗျာ"

ဟု မေးလိုက်မိ၏။





ဆားပုလင်းမင်းနောင်မှာ ကားရှေ့မြင်ကွင်းအား ငေးစိုက်ကြည့်လျက် ...

"ဖြည်းဖြည်းပေါ့ အိုင်ပီရယ် ... နောက်တော့ သိရမှာပေါ့ဗျာ"

ဟုဆို၍ ကိုစိန်ထွန်းဘက်လှည့်ကာ ...

"အိုင်ပီရေ ... ရုံးကိုတန်းပြီး မမောင်းနဲ့၊ ငွေထည်ပစ္စည်းတွေ ရောင်းတဲ့ဆိုင်ကို မောင်းစမ်းပါဗျာ"

ဟု ဆိုလိုက်လေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏ဝမ်းဗိုက်ဆီမှ "ဂွီ" ခနဲအသံကြီးမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အိုင်ပီစိန်ထွန်းမှာ ကားမောင်းနေရာမှ ကျွန်ုပ်အား စောင်းငဲ့ကြည့်၍ ...

"လူဝကြီးရဲ့ဗိုက်က ဆန္ဒပြနေပြီဗျို့၊ တတ်လည်း တတ်နိုင်တဲ့ ဗိုက်ကြီးဗျာ၊ မနက်က ရုံးရောက်တယ်ဆိုရုံနဲ့ ထမင်းကြော်နှစ်ပွဲ၊ ဆိုင်နံပြားသုံးချပ်နဲ့ လက်ဖက်ရည်သုံးခွက် ဆင့်ပြီး စားသောက်ခဲ့တယ်၊ ကျုပ်က လက်ဖက်ရည်တစ်ခွက်နဲ့ ပေါင်မုန့်တစ်ချပ်ပဲ စားသောက်ခဲ့တာ၊ အခု ... ခင်းရဲ့ဗိုက်ကြီးက သံစုံမြည်နေပြီ၊ ကာကာဆိုင်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပေးရမယ်ထင်တယ် ကိုမင်းနောင်''

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ ဝမ်းသာအားရဖြင့် ...

''ဆာလောင်မွတ်သိပ်တဲ့လူကို ကျွေးမွေးရတာ ကုသိုလ်တစ်မျိုးပဲ ကာလနဂါးကြီးရဲ့''

''ရှေ့နားကဆိုင်မှာ အမြန်ရပ်လိုက်ပေတော့၊ ကျုပ် စိတ်မထိန်းနိုင်ရင် ကားပေါ်က ခုန်ဆင်းလိုက်မှာနော်''

ဟု ကျီစယ်စကားဆိုလိုက်ရာ အိုင်ပီစိန်ထွန်းမှာ မျက်လုံးပြူးလျက် ...

''အောင်မယ်လေးဗျာ ... ခုန်တော့မဆင်းလိုက်ပါနဲ့၊ ကျုပ်အမှုပတ်နေပါ့မယ်၊ အမှုပတ်တာတောင် ခင်ဗျားမိန်းမ စိန်စိန်ကြီးရဲ့လက်သံကို ပိုကြောက်တယ်ဗျို့၊ ကားရပ်ပေးတဲ့အဖြင့် လက်ဖက်ရည်ဖိုးပါ ရှင်းပေးပါ့မယ်ဗျာ''

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ သဘောကျသွားပြီး တဟားဟား ရယ်မောလိုက်၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့၏ကားလေးသည် လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့ ထိုးရပ်လျက် ဝင်ရောက်စားသောက်ကြလေ၏။





ကိုမင်းနောင်မှာ ၎င်း၏ထုံးစံအတိုင်း ကော်ဖီခါးခါးတစ်ခွက်ကို မှာသောက်လေ၏။

ကျွန်ုပ်မှာ ဆာလောင်လွန်းလှသော ဝမ်းဗိုက်အား ဖြည့်တင်းရန်အတွက် မုန့်ဟင်းခါးနှစ်ပွဲ၊ ပလာတာသုံးချပ်နှင့် လက်ဖက်ရည်နှစ်ခွက် မှာယူလိုက်၏။

အိုင်ပီစိန်ထွန်းသည် ကျွန်ုပ်၏ မှာယူပုံကိုကြည့်လျက် ၎င်း၏အိတ်ဆောင်အတွင်းရှိ ငွေအကြွေစေ့များအား ထုတ်ယူရေတွက်ကြည့်၏။

စားသောက်ဖွယ်ရာများ ရောက်သောအခါ ကျွန်ုပ်မှာ စကားအရှင် မပြောနိုင်ဘဲ ခေါင်းမဖော်တမ်း စားသောက်လေ၏။

ကိုမင်းနောင်ကမူ ကော်ဖီရည်အား တစ်ငုံမျှ သောက်လျက် စီးကရက်ဖွာကာ အမှုအကြောင်း တွေးတောနေပုံရ၏။

အိုင်ပီစိန်ထွန်းသည်ကား ကျွန်ုပ်အား ပေစောင်းစောင်းကြည့်လျက် ...

''ဖြည်းဖြည်းစားစမ်းပါဗျာ၊ ခင်ဗျားကို လုစားမယ့်လူ မရှိဘူး။ သူများသထားအောင် စားစမ်းပါဗျာ''

ဟုပြောရာ ကျွန်ုပ်မှာ ပလုပ်ပလောင်းအသံကြီးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အစားဆိုတာ ဆာတဲ့အချိန်စားမှ အရသာရှိတာဗျ။ ဒါ့ကြောင့် အမြန်စားရတာ၊ မသိရင်မှတ်ထား ကိုယ့်လူ ... လောကမှာ အရသာအရှိဆုံးက မသထာရေစာ စားရခြင်းပဲဗျ၊ မသထာလို့လား မသိဘူး ... ကောင်းလိုက်တာဗျာ၊ ဟော့ကောင်လေး ... ချာပါတီ တစ်ပွဲလောက် အမြန်လုပ်စမ်းပါ"

ဟု အိုင်ပီစိန်ထွန်းအား အရွဲ့တိုက်သည့်အနေဖြင့် စားပွဲထိုးအား လှမ်းမှာလိုက်၏။

အားပါးတရ စားသောက်ပြီးလျှင် ကိုစိန်ထွန်းမှာ တုန်ယင်သော လက်အစုံဖြင့် ငွေရှင်းရင်း ...

"ထားအတွက် ခြယ်နှားကပ်ဝယ်ဖို့ စုထားတဲ့ ငွေလေးတော့ သွားပါပြီဗျာ၊ လူဝကြီး လူဝကြီး ... ခင်ဗျားလည်း တွေ့ကြသေးတာပေါ့၊ ခင်ဗျားအလှည့်ကျရင် မနွဲ့ကြေးဘဲ ... ဟင်း ဟင်း"

ဟု ကျွန်ုပ်အား အံကြိတ်ကြိမ်းဝါးလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော် သုံးဦးသည် ဖို့ဒ်ကားလေးအား စက်ကုန်ဖွင့်၍ ရန်ကုန်ဘက်သို့ မောင်းနှင်ခဲ့လေတော့၏။

✹ ✹ ✹



ရန်ကုန်သို့ရောက်လျှင် ...

မဂိုလမ်းပေါ်သို့ သွားရောက်၍ ကိုမင်းနောင်သည် ငွေလက်စွပ်လေးတစ်ကွင်းအား ဝယ်ယူလေ၏။

ထို့နောက် လက်စွပ်လေးအား အိုင်ပီစိန်ထွန်း၏လက်၌ ဝတ်ဆင်ပေး၍ ...

"ဒီလက်စွပ်လေးကို အိုင်ပီဝတ်ထားရမယ်၊ ကျုပ် မချွတ်ခိုင်းချင်း လုံးဝမချွတ်ရဘူးနော်"

ဟု ပြောလေ၏။

မဂိုလမ်းမှတစ်ဆင့် ရွှေတိဂုံဘုရားဘက်သို့ ကားကို မောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်ခိုင်းပြန်၏။

ဘုရားသို့ရောက်လျှင် ကိုမင်းနောင်သည် ကျွန်ုပ်တို့အား ခေါ်၍ စောင်းတန်းရှိရာ တက်သွား၏။

စောင်းတန်းသို့ရောက်သောအခါ ကြေးပစ္စည်းများရောင်းချသည့် ဆိုင်တစ်ဆိုင်သို့ ဝင်၍ ကြေးလက်စွပ်တစ်ကွင်းကို ဝယ်ယူပြန်၏။

ပြီးလျှင် ကျွန်ုပ်ဘက်သို့ လှည့်၍ . . .

"ရော့ . . . အိုင်ပီက ကြေးလက်စွပ်ဝတ်ရမယ်၊ ကျုပ် မပြောဘဲ လုံးဝမချွတ်ရဘူးနော်"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ အောင့်သက်သက်အမူအရာဖြင့် . . .

"ကိုမင်းနောင်ခိုင်းလို့သာ ဝတ်ရမှာဗျ။ နိုင်ငံကျော်စုံထောက်ကြီးဖြစ်ပြီး ကြေးလက်စွပ်ဝတ်ရတာတော့ သိပ်မနိုပ်ဘူးဗျို့"

ဟု ကျီစယ်စကား ဆိုလိုက်၏။

ထိုအခိုက်မှာပင် . . .

သားသည်မိခင်တစ်ဦးသည် ခြောက်နှစ်အရွယ်ကလေးအား လက်ဆွဲလျက် ကျွန်ုပ်တို့အနီးမှ ဖြတ်သွားလေ၏။





ကလေးငယ်မှာ စောင်းတန်းရှိ ကစားစရာနှင့် အလှအပပစ္စည်းများရောင်းသောဆိုင်အား လက်ညှိုးထိုးလျက် . . .

"ဆွဲကြိုးလေးတွေ၊ လက်စွပ်လေးတွေက သိပ်လှတာပဲ မေမေ၊ သမီးကို ဝယ်ပေးပါ"

ဟု ကျယ်လောင်စွာ ပြောလိုက်၏။

မိခင်မှာ သမီးဖြစ်သူ၏လက်အား ဆောင့်ဆွဲ၍ . . .

"သမီးနော် . . . မေမေ ဘာပြောထားသလဲ၊ ဘုရားရောက်ရင် မပူဆာရဘူးလို့ ပြောထားတာ မေ့နေပြီလား။ မေမေ့မှာ လမ်းဆိုတ်ပဲ ရှိတော့တယ်"

ဟု လေသံတိုးတိုး ပြောလိုက်၏။

ကလေးငယ်မှာ အလိုမကျဟန်ဖြင့် ခေါင်းရမ်းခြေဆောင့်လျက် . . .

"မသိဘူး မသိဘူး . . . သမီးလိုချင်တာ ဝယ်ပေးရမယ်၊ ဝယ်မပေးရင် မပြန်ဘူး . . . အီး ဟီး ဟီး"

ဟု ရေရွတ်ရင်း ဆောင့်ကြောင့်ထိုင် ငိုကြွေးလေ၏။

ငွေကြေးမပြည့်စုံသောမိခင်မှာ သမီးဖြစ်သူကို တစ်လှည့် ပတ်ဝန်းကျင်ကို တစ်လှည့် ကြည့်ရင်း မည်သို့လုပ်ရမည်မသိအောင်



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်ရိုက်နေရှာ၏။

ဆားပုလင်းမင်းနောင်သည် ကလေးငယ်ရှိရာ လျှောက်သွားပြီး ...

"ကဲ ကဲ ... သမီး မငိုနဲ့၊ တိတ်တော့နော်၊ သမီးလိုချင်တာ ဦးလေးဝယ်ပေးပါ့မယ် ... လာ လာ"

ဟုဆိုကာ ကလေးငယ်အား ဆွဲယူလိုက်၏။

ထိုအခါမှ ကလေးငယ်မှာ အငိုတိတ်လျက် မျက်နှာပြုံးရွှင်သွားလေ၏။

ဆားပုလင်းမင်းနောင်သည် ကလေးငယ်အား အရောင်းဆိုင်သို့ ခေါ်ဆောင်သွား၏။

ကလေးငယ်သည် ဖန်ထည်ပစ္စည်းများရောင်းသည့်နေရာသို့ ပြေးသွားပြီး ...

"ဟောဒီလက်စွပ်စိမ်းစိမ်းလေး လိုချင်တယ်၊ ဦးလေး ဝယ်ပေးပါနော်"

ဟု အသံဆာဆာဖြင့် ပြောလေ၏။

ဆားပုလင်းမင်းနောင်သည် ကလေးငယ်ညွှန်ပြသည့် ဖန်လက်စွပ်အစိမ်းလေးအား ကောက်ယူ၍ ကလေးငယ်၏လက်၌ ဝတ်





ဆင်ပေးလိုက်၏။

ကလေးငယ်မှာ သစ်သားဗန်းထဲရှိ လက်စွပ်တစ်ကွင်းအား ဆတ်ခနဲ ကောက်ယူ၍ ...

"လက်စွပ်စိမ်းစိမ်းလေးက သိပ်လှတယ် ဦးလေးရဲ့၊ သမီးလိုပဲ ဦးလေးလည်း ဝတ်ရမယ်"

ဟု ဆိုကာ ကိုမင်းနောင်၏လက်အား ဆွဲယူဝတ်ပေးလေ၏။

ဆားပုလင်းမင်းနောင်သည် ကလေးငယ်အား ပြုံးကြည့်လျက် ...

"သမီးဝတ်စေချင်ရင် ဦးလေး ဝတ်ရမှာပေါ့ကွယ်၊ ကဲ ... ကျေနပ်ပြီလား၊ ဘာလိုချင်သေးလဲ"

ဟု မေးလိုက်လေ၏။

ထိုအနိုက်မှာပင် မိခင်ဖြစ်သူမှာ အပြေးတစ်ပိုင်း ရောက်လာပြီး ...

"အို ဟဲ့ ဟဲ့ ... သမီး လူကြီးကို ဘာတွေ ဝတ်ခိုင်းနေတာလဲ၊ အားနာလိုက်တာ မောင်လေးရယ်၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဟုဆိုရင်း ကလေးငယ်အား လှမ်းဆွဲလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်မကြီး၊ ကျွန်တော်က ကလေးချစ်တတ်ပါတယ်၊ ကဲ သမီးလေး ... ဟောဒီလက်စွပ်စိမ်းစိမ်းလေးကို ဦးလေး ဝတ်ထားမယ်နော်၊ ဟုတ်ပြီလား"

ဆားပုလင်းမင်းနောင်သည် ထိုသို့ဆို၍ ကျသင့်ငွေ ရှင်းပေးလိုက်၏။

"ကျေးဇူးတင်ပါတယ် မောင်လေးရယ်၊ ကြုံလို့ရှိရင် အစ်မတို့ဆီ ဝင်လှည့်ပါ၊ အစ်မတို့က ကျောက်မြောင်းဘက်မှာ နေပါတယ်၊ မလှရီ အပ်ချုပ်ဆိုင်ဆိုရင် ကျောက်မြောင်းမှာ မသိတဲ့သူ မရှိပါဘူးကွယ်"

ကလေးမိခင်၏ စကားဆုံးလျှင် ကိုမင်းနောင်သည် ထိုသားအမိအား နှုတ်ဆက်၍ ကျွန်ုပ်တို့ရှိရာ ပြန်လျှောက်လာ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့သုံးဦးမှာ ကားရှိရာသို့ လျှောက်ခဲ့ကြလေ၏။

ကားပေါ်သို့ရောက်လျှင် အိုင်ပီစိန်ထွန်းမှာ ၎င်း၏ညာလက်ကို မြှောက်လျက် ...

"စီအိုင်ဒီက စုံထောက်ကြီးတွေ ကြီးပွားနေပုံများ လက်စွပ်တစ်ယောက်တစ်ကွင်းစီနဲ့ဗျို့၊ ဘာပဲပြောပြော အားလုံးထဲမှာတော့ ကျုပ်က သာတယ်၊ ငွေလက်စွပ်ကြီးနဲ့ဗျ ... ဟဲ ဟဲ"

ဟု အရွှန်းဖောက်စကားဆိုရာ ကျွန်ုပ်မှာ အားကျမခံဘဲ ...

"အံမယ် ... ကျုပ်ကလည်း ကြေးစစ်စစ်ကြီးကို ရထားတာပါဗျ၊ ဒီလ လမကုန်ခင် ငွေပြတ်ရင်တော့ ပူစရာမလိုတော့ဘူး၊ ကြေးကုလားဆီသွားပြီး ငွေဖော်လို့ရပြီဗျို့ ... ဟဲ ဟဲ၊ ကျုပ်တို့ ဆားပုလင်းကြီးကတော့ ကံဆိုးသူမောင်ရှင်ပဲ၊ ဖန်ချက်လက်စွပ်ကြီးနဲ့ အကြောင်းပါရရှာတယ်"

ဟု ပြောလိုက်ရာ အိုင်ပီစိန်ထွန်းမှာ တဟားဟား ပွဲကျသွားလေ၏။

ကိုမင်းနောင်သည်ကား ကျွန်ုပ်တို့၏ကျီစယ်မှုအား ပြုံး၍သာ နေလေ၏။

၎င်း၏မျက်လုံးများသည်ကား အဝေးသို့ ငေးမောလျက် တစ်စုံတစ်ခုအား တွေးတောနေပုံရ၏။

✲ ✲ ✲







www.burmeseclassic.com

www.burmeseclassic.com

ညသို့ရောက်လျှင် ...

ကျွန်ုပ်နှင့်အိုင်ပီစိန်ထွန်းမှာ ကိုမင်းနောင်၏နေအိမ်သို့ သွားရောက်၍ မွေးနေ့ပါတီအား ဆင်နွှဲကြလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ကိုမင်းနောင်ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးသည့် စားသောက်ဖွယ်ရာများအား ခေါင်းမဖော်တမ်း စားသောက်၍ စကားဖောင်ဖွဲ့ကြလေ၏။

ညဉ့်နက်ချိန်ရောက်မှပင် ကျွန်ုပ်တို့နှစ်ဦးမှာ အိမ်ပြန်ရန် သတိရကြလေ၏။

ထို့ကြောင့် ကိုမင်းနောင်က ...

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖွန်လ ဆယ့်လေးရက် မွေးနေ့ကနေ နောင်နှစ်ပေါင်းများစွာအထိ ပျော်ရွှင်နိုင်ပါစေ ကိုမင်းနောင် ... ဂွတ်ဒ်နိုက်"

ဟု သံပြိုင်နှုတ်ဆက်၍ ကားကိုယ်စီဖြင့် ထွက်ခွာခဲ့လေ၏။

အိမ်သို့ရောက်လျှင် ဖနီးသည်စိန်စိန်ကြီးမှာ ခါးထောက်ဆီးကြိုလျက် ...

"တစ်နေကုန် မြို့ရိုးကိုးပေါက် လျှောက်သွားပြီး အားရမှ ပြန်လာတယ်ပေါ့လေ၊ ရှော့... အဝတ်ထုပ်၊ လမ်းပေါ်မှာ နေချင်တဲ့လူ လမ်းပေါ်မှာပဲ အိပ်ပေတော့၊ စိန်စိန်ကြီးရဲ့အိမ်ရိပ်ကို ခြေဦးလှည့်ဖို့ မစဉ်းစားနဲ့"

ဟု အသံကုန်အော်ဟစ်ကာ အဝတ်ထုပ်ဖြင့် ပစ်ပေါက်လေ၏။

ထို့နောက် အိမ်တံခါးအား ဂျုံးခနဲ ဆောင့်ပိတ်၍ ဝင်သွားလေ၏။

ကျွန်ုပ်မှာ အိမ်ဘေးရှိ ပြတင်းပေါက်သို့ ပြေးသွားပြီး ...

"မြို့ရိုးကိုးပေါက် လျှောက်မလည်ရပါဘူး စိန်စိန်ရယ် ... ကိုဖြိုးချို တစ်နေ့လုံး အမှုကိစ္စတွေ လိုက်လုပ်နေတာပါ၊ စိန်စိန် မယုံရင် ကိုစိန်ထွန်းနဲ့ ကိုမင်းနောင်ကိုမေးကြည့်ပါ၊ တံခါးဖွင့်ပေးပါ စိန်ရယ်"

ဟု မျက်နှာငယ်လေးဖြင့် တောင်းပန်တိုးလျှိုးမိလေ၏။

စိန်စိန်ကြီးမှာ ပြတင်းပေါက်၌ ကျောပေးရပ်လျက် ...

"ရှင့်ပါးစပ်ကိုပိတ်ထား ကိုဖြိုးချို၊ ရှင့်ကို မနက်က ကျွန်မ မှာလိုက်သလဲ၊ ပြန်စဉ်းစားပါဦး"

ဟု အသံမာမာဖြင့် ပြောလိုက်ရာ ကျွန်ုပ်မှာ ခေါင်းကုတ်ချက် အပြေးအလွှား စဉ်းစားရလေ၏။

"ဘာ ... ဘာများ မှာလိုက်လို့လဲ စိန်စိန်ရယ်၊ ဩော် - သိပြီ သိပြီ၊ ဟဲ ဟဲ ... ဗီယာနာကဖေးက ကိတ်မုန့်ပါမလာလို့ ဆိုးနေတာလား စိန်စိန်ရဲ့"

ကျွန်ုပ်၏စကားကြောင့် စိန်စိန်ကြီးမှာ ဆွေ့ဆွေ့ခုန်သွားပြီး ကျွန်ုပ်ဘက်သို့ ဆတ်ခနဲ လှည့်၍ ...

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မ ဘုရားတစ်ဆူ တစ်လုံးလို ကိုးကွယ်အားထားတဲ့ ဘရသေ့ကြီးဆီ လိုက်ပို့နိုင်းတာ၊ ဘရသေ့ကြီးက တစ်နှစ်နေလို့ ရန်ကုန်ကို တစ်ကြိမ်ရောက်တာ တ်ဘူးရှင့်၊ ရောက်တုန်းမှာတောင် လူတွေကြားက မနည်းတိုး သွေပြီး ဖူးမြော်ရတာရှင့်၊ ရှင့်ကြောင့် ဘရသေ့ကြီးနဲ့ လွဲသွားပြီ







www.burmeseclassic.com

www.burmeseclassic.com



. . . အဟင့် ဟင့်''

ဟုဆိုကာ ဝမ်းပန်းတနည်း ငိုကြွေးလေ၏။

ကျွန်ုပ်မှာ မိန်းမဖြစ်သူ၏စကားကြားမှ ညနေခြောက်နာ

ရသေ့ကြီးတည်းခိုသော တပည့်တစ်ဦးအိမ် လိုက်ပို့ရန် ပြောထားသည့်

ကို အမှတ်ရမိလေ၏။

ထို့ကြောင့် ပြတင်းပေါက်သံတိုင်အား ခိုဆွဲတက်၍ . . .

''မငိုပါနဲ့ စိန်စိန်ရယ် . . . ကိုပြုံးချို တောင်းပန်ပါတယ်ကွယ်

တစ်ခါတည်းပါကွာ၊ နောက် ဘယ်တော့မှ မဖြစ်စေရပါဘူး။ အခုဖြ

တဲ့ ကိစ္စကလည်း အရေးကြီးတဲ့ လူသတ်မှု . . . မှု''

ဟု စကားမဆုံးမီပင် . . .

''တိတ် . . . ရှင့်ပါးစပ်ပိတ်၊ ရှင့်အသံ မကြားချင်ဘူး၊ သွာ

. . . ထွက်သွား''

စိန်စိန်ကြီး၏ ငယ်သံပါအောင် အော်ဟစ်သံကြောင့် ကျွန်

မှာ လိပ်ပြာလွင့်မတတ် ဖြစ်သွားရ၏။

စိန်စိန်ကြီး အလွန်ဒေါသထွက်လျှင် ကျွန်ုပ်၏ မည်သို့သေ

စကားမျှ မတိုးချေ။

မည်မျှချော့ချော့လည်း ရမည်မဟုတ်ပေ။





ကျွန်ုပ်မှာ ဇင်းစိတ်ဆိုးပြေမည့်အချိန်ကို စောင့်ဆိုင်းရန်မှ

တစ်ပါး တခြားမရှိတော့။

ထို့ကြောင့် ကျွန်ုပ်မှာ စိတ်ပျက်ခြင်းကြီးစွာဖြင့်ပင် ကားရှိရာ

ခေါင်းငိုက်စိုက်လျက် လျှောက်ခဲ့လေ၏။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်မှုတွေ ပိုင်ဆိုင်ချိန်မှာ မိသားစုပါ ပျောက်ကွယ်သွားတယ်

ကျွန်ုပ်မှာ ကားကို ခြေဦးတည့်ရာမောင်းနှင်ရင်း အိုင်ပီစိန် အိမ်၌ ညအိပ်ရန် စဉ်းစားမိ၏။

အိုင်ပီစိန်ထွန်းသည် လွန်စွာ အအိပ်ကြီးသူဖြစ်သောကြောင့် ကျွန်ုပ်သွားနိုးမိလျှင် ၎င်း၏အိပ်စက်ခြင်းစည်းစိမ်ကို ဖျက်သည့် မာရ်နတ်အလား ထင်မှတ်၍ ကျွန်ုပ်အား ဒေါသူပုန် အကြီးအကျယ် ထ တော့မည်။

ထို့ကြောင့် ကျွန်ုပ်မှာ ကားအား ကိုမင်းနောင်နေထိုင်ရာ လမ်းဘက်သို့သာ ဦးတည်လိုက်ရ၏။

ကျွန်ုပ်သည် ကိုမင်းနောင်၏ ခြံရှေ့အရောက် ဟွန်းတီးမည်

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင်လိုက်စဉ် ခြံတံခါးမှာ ရုတ်တရက် ပွင့်လာ၏။

ကျွန်ုပ်မှာ ကားမီးအား ပိတ်၍ကြည့်လိုက်ရာ ကိုမင်းနောင်ကို တွေ့ရလေ၏။

ကိုမင်းနောင်သည် မြို့ပြင်သို့ထွက်၍ ခြံတံခါးအား ပြန်ပိတ်လိုက်၏။

ကားရှိရာလျှောက်လာပြီး ကျွန်ုပ်၏နံဘေး၌ ဝင်ထိုင်၍ ...

"အိုင်ပီရောက်လာမယ်ဆိုတာ တွေးမိလို့ စောင့်နေတာဗျို့၊ ကျုပ်ကို ဆေးရုံကြီး မော်ကျူရီ လိုက်ပို့ပေးစမ်းပါ"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာ ကိုမင်းနောင်၏စကားကြောင့် အသက်မရှူမိလောက်အောင် အံ့အားသင့်သွားရ၏။

"နေပါဦး ကိုမင်းနောင်ရဲ့ ... ကျုပ် အံ့ဩလွန်းလို့ သေတော့မယ်၊ ကျုပ်လာမယ်ဆိုတာ ဘယ်လိုများ သိမြင်ရတာလဲ"

ကျွန်ုပ်၏အမေးကို ဆားပုလင်းမင်းနောင်မှာ စီးကရက်ခဲလျက် ...

"အိုင်ပီတို့နဲ့လည်း တယ်ခက်ပါလား၊ ကျုပ် ဘာပြောပြော အံ့ဩဖို့က အရင်ပဲ၊ ညက အိုင်ပီ အိမ်ပြန်သွားတာ အတော်လေး





ညဉ့်နက်တယ်လေဗျာ၊ အိုင်ပီ့မိန်းမ ဒေါ်စိန်စိန်ကြီးက အချိန်ကို ...ယ်တဲ့ တိုင်ကပ်နာရီကြီးမဟုတ်လား ...၊

ဒေါ်စိန်စိန်ကြီး သတ်မှတ်ထားတဲ့ အချိန်ဇယားအောက်မှာ ...တာ သွားလာစားသောက်နေရတဲ့လူ၊ ညည့်နက်မှ အိမ်ပြန်လာ... အိုင်ပီ့မိန်းမ ပွဲကြမ်းမယ်၊ ကံဆိုးရင်တော့ အိုင်ပီဟာ အိမ်ရှေ့...တယ်ဆိုရုံပဲ ဟိုက အဝတ်ထုပ်နဲ့ပေါက်ပြီး အိမ်တံခါးကို ဂျိမ်းခနဲ...ပိတ်လိုက်မယ်ဗျို့ ...၊

တံခါးပိတ်လိုက်ရင် အိုင်ပီက အိမ်ဘေးကပတ်ပြီး ပြတင်း...ကို သွားမယ်၊ ပြီးရင် အမျိုးမျိုး ချော့မော့မယ်၊ စိတ်ကြီးတဲ့ ဒေါ်စိန်စိန်ကြီးက ငယ်သံပါအောင်အော်ပြီး အိုင်ပီ့ကို မောင်းထုတ်မယ်၊ အရှက်ကြီးတဲ့ အိုင်ပီက ပတ်ဝန်းကျင်သိမှာစိုးတဲ့အတွက် စိတ်လျှော့ပြီး ...မောင်းထွက်ခဲ့မယ် ...၊

ကိုစိန်ထွန်းအိမ်သွားဖို့ စဉ်းစားပေမယ့် ကိုစိန်ထွန်းက အအိပ်ကြီးတယ်၊ ဒီအချိန် သွားနှိုးရင် ကိုစိန်ထွန်း စိတ်ဆိုးမှာစိုးတဲ့အတွက် အိုင်ပီ မသွားရဲပါဘူးလေ၊ ဒါ့ကြောင့် တစ်ကိုယ်ရေသမားဖြစ်တဲ့ ကျုပ်အိမ်ဘက် ထွက်ခဲ့တာမဟုတ်လား"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ မျက်လုံးအစုံ ပြူးကျယ်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဟုတ်ပါတယ် ကိုမင်းနောင်ရယ်၊ ခင်ဗျား ပြောတဲ့အတိုင်း အားလုံးကွက်တိပါပဲ၊ မိန်းမ,ပစ်ပေါက်လိုက်တဲ့ အဝတ် ထုပ်တောင် ပါသေးရဲ့ဗျာ၊ ဒါနဲ့ အချိန်မတော် ရေခဲတိုက်ကို ဘာသွား လုပ်မလို့တုံး"

ဟု မေးလိုက်မိ၏။

"မနက်က မော်ဘီဂါတ်ပိုင်ကြီးကို အလောင်းပို့ခိုင်းထားတယ် ဗျ၊ အဲဒါ သွားကြည့်မလို့ပါ"

ဆားပုလင်းမင်းနောင်၏စကားကြောင့် ကျွန်ုပ်မှာ ခေါင်းနား ပန်းကြီးလျက် ကြက်သီးဖြန်းဖြန်း ထသွားရလေ၏။

"ဗျာ ... အချိန်မတော်ကြီး အလောင်းကြည့်မယ် ... ဟုတ် လား၊ ကျုပ် သရဲကြောက်တယ်ဗျ၊ မလိုက်ရဲဘူး"

ကျွန်ုပ်၏ ကပျာကယာငြင်းဆန်သံကို ကြားလျှင် ဆား ပုလင်းမင်းနောင်မှာ ပြုံးလျက် ...

"လောကမှာ ကြောက်စရာအကောင်းဆုံးက လူတွေပဲ အိုဇီး ရဲ့၊ ဒီထက်ပိုသေချာအောင် ပြောရရင် လူ့ရဲ့အတွင်းစိတ်ဟာ ကြောက် စရာအကောင်းဆုံးပဲ၊ ရဲရဲသာ လိုက်ခဲ့စမ်းပါ အိုင်ဗီရယ် ... ကျုပ် တစ်ယောက်လုံး ပါ,ပါတယ်ဗျ"





ဟု ခပ်အေးအေးပင် ပြောလေ၏။

ကျွန်ုပ်မှာ ကိုမင်းနောင်၏စကားကို မလွန်ဆန်ဝံ့သဖြင့် ကားအား ဆေးရုံကြီးဘက် မောင်းနှင်ရလေတော့၏။

သို့သော် ကျွန်ုပ်၏လက်အစုံမှာ တုန်ယင်လျက် ကြောက်ချွေး ပြန်သလို ခံစားနေမိ၏။

ဆေးရုံကြီးသို့ရောက်လျှင် ဆားပုလင်းမင်းနောင်သည် မော် ကျူရီ (ရေခဲတိုက်) ဘက်သို့ လျှောက်သွား၏။

ကျွန်ုပ်မှာ ကြောက်စိတ်ကြီးစိုးလျက် ကိုမင်းနောင်၏ ခြေ လှမ်းအား အမီပြေးလိုက်ရလေ၏။

မော်ကျူရီအဝသို့ရောက်လျှင် ငိုက်မျဉ်းနေသော အစောင့် ယောက်ျားအား တွေ့ရ၏။

ကိုမင်းနောင်သည် အစောင့်၏ပခုံးအား လှုပ်ကိုင်၍ နှိုးလိုက် လေ၏။

အစောင့်မှာ မျက်လုံးအစုံအား ပွတ်သပ်လျက် ...

"ဘာကိစ္စလဲဗျ"

ဟု ဘုဆတ်ဆတ် မေးမြန်း၏။

ကိုမင်းနောင်သည် စီအိုင်ဒီကတ်အား ထုတ်ပြ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"စီအိုင်ဒီက ဆားပုလင်းမင်းနောင်ပါ၊ မော်တီက ရောက်လာတဲ့အလောင်းကို ကြည့်ချင်တယ်"

ဟု ပြောလိုက်ရာ အစောင့်မှာ ကိုမင်းနောင်အား ပြူးပြူးကြည့်လျက် ...

"အလို ... ဆားပုလင်းမင်းနောင်ဆိုတာ နာမည်ကျော်ထောက်ကြီးပဲ၊ အိပ်မက်များ မက်နေရော့သလား"

ဟု တအံ့တသြ ဆိုလိုက်၏။

ထိုအခါ ကျွန်ုပ်မောင်ပြုံးချိုသည် အစောင့်ကုလား၏နားရွက်အား အားကုန်လိမ်ဆွဲလိုက်၏။

"အားရှိုးရှိုး ... နာလိုက်တာ၊ ဟေ့ လူဝကြီး ... ကျုပ်နားရွက်ကို ဘာလို့လိမ်ဆွဲတာလဲဗျ၊ ကုလားနော် ... အားကြီးစိတ်ကြီးတယ်"

အစောင့်ကုလားမှာ စုတ်သပ်ညည်းညူ၍ ကျွန်ုပ်အား မျ တွေ့လေ၏။

"ဟဲ ဟဲ ... စိတ်မဆိုးပါနဲ့ ကုလားရယ်၊ အိပ်မက် မဟုတ်ဘူးဆိုတာ သက်သေပြချင်လို့ပါ၊ ယုံပြီလား"

ကျွန်ုပ်၏စကားကြောင့် ကုလားမှာ မျက်နှာရှုံ့မဲ့လျက် ...





"ယုံပါပြီဗျာ ... ယုံပါပြီ အလောင်းကိုသာ အမြန်သွားကြည့်ကြပါတော့"

ဟု ရေရွတ်လိုက်၏။

ကျွန်ုပ်နှင့် ကိုမင်းနောင်မှာ ရေခဲတိုက်ထဲသို့ ဝင်ခဲ့ကြလေ၏။

အစောင့်သည် ကျွန်ုပ်တို့အား ပိတ်ဖြူအုပ်လွှမ်းထားသည့် အလောင်းစင်တစ်ခုသို့ လိုက်ပို့ပြီး ပြန်ထွက်သွား၏။

ကျွန်ုပ်မှာ အလောင်းကောင်များ၏ကြားသို့ ရောက်နေသည် သော အသိကြောင့် ရင်ဒိန်းဒိန်းခုန်လျက် ရှိချေ၏။

ကိုမင်းနောင်သည် ပိတ်ဖြူစကား ဆွဲလှန်လျက် အလောင်းအား စိမ်ပြေနပြေ ကြည့်ရှုနေ၏။

အတန်ကြာလျှင် ကျွန်ုပ်မှာ သည်းမခံနိုင်တော့ဘဲ ...

"မပြီးသေးဘူးလား ကိုမင်းနောင်ရယ်၊ ကျုပ် ကြောက်လွန်းလို့ လိပ်ပြာလွင့်တော့မယ်"

ဟု မဝံ့မရဲ ပြောလိုက်မိ၏။

ထိုအခါမှ ကိုမင်းနောင်သည် ပိတ်ဖြူစအား ပြန်အုပ်၍ အပေါက်ဝဘက်သို့ လျှောက်သွားလေ၏။

ကျွန်ုပ်မှာ ကိုမင်းနောင်၏အင်္ကျီစအား ဆွဲကိုင်၍ အမြန်ပင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့၏။

ရေခဲတိုက်၏အဝသို့ ရောက်လျှင် အစောင့်ကုလားအား နှုတ်ဆက်ကာ ပြန်ခဲ့၏။

ကားပေါ်သို့ရောက်လျှင် ကိုမင်းနောင်က . . .

"ညလုံးပေါက်ဖွင့်တဲ့ ကုလားဆိုင်တစ်ဆိုင်ကို မောင်းစမ်းပါ အိုင်ပီ၊ ချာပါတီလေး, ဘာလေး စားရအောင်"

ဟု ဆိုလေ၏။

ကျွန်ုပ်မောင်ပြုံးချိုသည် ကိုမင်းနောင်၏စကားကြောင့် ကား ကို စက်ကုန်ဖွင့်၍ ဆေးရုံကြီးဝင်းမှ ထွက်ခွာခဲ့လေ၏။

❋ ❋ ❋



မခံချင်စိတ်ဟာ
လူတစ်ယောက်ရဲ့ဘဝကို
အကြီးအကျယ်
ပြောင်းလဲပစ်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့်ကိုမင်းနောင်သည် ကုလားဆိုင်တစ်ဆိုင်သို့ ဝင်၍ ချာပါတီနှင့်နွားနို့များ စားသောက်ကြလေ၏။

ကျွန်ုပ်သည် ချာပါတီအား အားပါးတရ စားသောက်နေရာမှ

"အမှုအကြောင်းလေး ပြောပါဦး ကိုမင်းနောင်၊ တရားခံကို ဖော်ထုတ်ဖို့ လွယ်ပါ့မလား"

ဟု မေးလိုက်မိ၏။

ဆားပုလင်းမင်းနောင်မှာ စီးကရက်အား ဖွာရှိုက်လျက် . . .

"သေသူရဲ့ ရင်ဝက ဒဏ်ရာကိုကြည့်ရုံနဲ့ တရားခံကို ခန့်မှန်း[illegible]ရပါတယ်၊ ဒဏ်ရာဟာ ညွှန်ထက်တဲ့လက်နက်နဲ့ အချက်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖွာ ထိုးနှက်ခြင်းခံထားရတယ်၊ ဒဏ်ရာရဲ့ အတိမ်အနက်ကိုကြည့်ပြီ
တရားခံဟာ အမျိုးသမီးတစ်ယောက်ဆိုတာ သိသာထင်ရှားနေတယ်
လေ”

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ ချာပါတီ နှင်မတတ် ဖြစ်သွား
ရပြီး ...

“ဒါဆို မိန်းမလူသတ်သမားပေါ့ ကိုမင်းနောင်၊ ကျုပ်တို့
ဆားပုလင်းကြီး အခုတလော အတော့်ကို စန်းထနေပါလားဗျ၊ ဖြ
သမျှ လူသတ်မှုတွေရဲ့ တရားခံဟာ မိန်းမတွေချည်းပါလား ...၊

မြန်မာအမျိုးသမီးတွေ အတော့်ကို သတ္တိကောင်းနေကြပြီ
ဟဲ ဟဲ ... တရားခံဟာ ပန်းဦးဆက်ခင်ခင်ကြီးတို့ နှစ်ဆောင်ဖြို
မိမိလေးတို့လို အချောအလှလေးပဲလား ကိုမင်းနောင်၊ ခန့်မှန်းကြည့်
ပါဦးဗျ”

ဟု ရယ်ကျဲကျဲအမူအရာဖြင့် မေးလိုက်မိ၏။

ဆားပုလင်းမင်းနောင်သည် ကားလမ်းဘက်ဆီသို့ ငေးစိုက်
ကြည့်လျက် ...

“ကျုပ်ထင်တာ မမှားဘူးဆိုရင် တရားခံဟာ အသက်ကြီး
ပိုင်းထဲကပဲ ဖြစ်ရမယ်ဗျ”





ဟု ပြောလေ၏။

“ဘာ ... အသက်ကြီးပိုင်း ... ဟုတ်လား ကိုမင်းနောင်၊
ည်း တစ်မျိုးတော့ စိတ်ဝင်စားစရာ ကောင်းတာပဲ၊ လူလတ်ပိုင်း
ယ် သန်မာတဲ့ယောကျ်ားတစ်ယောက်ကို အသက်ကြီးကြီး မိန်းမ
ယောက်က မသေမချင်း သတ်ဖြတ်ခဲ့တာဆိုတော့ အင်း ...
ဝင်စားစရာ ဇာတ်လမ်းတော့ ရှိရမယ်ဗျို့ ...၊

ဒါပေမဲ့ဗျာ ကျုပ်က တရားခံမိန်းမဆို ချောချောလှလှလေးမှ
ဝင်စားတာဗျ၊ ကိုမင်းနောင်နောက်လိုက်ပြီး ကူညီပေးရမှာတောင်
လျော့တယ်ဗျို့”

ကျွန်ုပ်၏ ကျီစယ်စကားကြောင့် ကိုမင်းနောင်မှာ နှုတ်ခမ်း
ရှုံ့ ပြုံးလျက် စီးကရက်ကိုသာ ဖွာရှိုက်နေလေ၏။

စားသောက်ပြီးလျှင် ကျွန်ုပ်တို့သည် ကိုမင်းနောင်နေထိုင်ရာ
တ် (၆၁)၊ ပြည်လမ်းနေအိမ်သို့ ပြန်ခဲ့ကြ၏။

ကျွန်ုပ်မှာ ကိုမင်းနောင်စီစဉ်ပေးသည့် အခန်း၌ ခြေပစ်လက်
အိပ်ပျော်သွားသော်ငြား ကိုမင်းနောင်မှာ ၎င်း၏တယောအိုလေး
ထိုးလျက်ရှိလေ၏။

ကျွန်ုပ်သည် ကိုမင်းနောင်၏ သာယာသော တယောသံက



www.burmeseclassic.com

www.burmeseclassic.com



သံကို နားစွင့်လျက် ဆင်အော်၍ မကြားနိုင်အောင်ပင် အပူပင်ကင်းစွာ အိပ်မော်ကျသွားလေ၏။

နံနက်သို့ရောက်လျှင် ကိုမင်းနောင်မှာ ကျွန်ုပ်အားနိုး၍ ရုံးသို့သွားရန် ပြောလေ၏။

ကျွန်ုပ်မှာ လက်မှနာရီအား ပြူးပြဲကြည့်လျက် ...

"အစောကြီးရှိသေးတယ်ဗျာ၊ အိပ်လို့မဝသေးဘူး၊ ခင်ဗျားသွားနှင့်ပါ"

ဟု ပြောပြီးလျှင် ဆက်အိပ်လိုက်၏။

ဆားပုလင်းမင်းနောင်သည် ကျွန်ုပ်အား နံနက်စာများ စီစဉ်ပေး၍ ရုံးသို့ ထွက်သွားလေ၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

လွန်စွာ ကျယ်လောင်သော "ဒိုး ... ဂလွမ်" ဟူသည့်အသံကြောင့် လန့်နိုးသွား၏။

"ဟိုက် ... မီးဖိုချောင်ဘက်က တစ်ခုခု လွတ်ကျတဲ့အသံပဲ၊ နိုင်ငံကျော်စုံထောက်ကြီးရဲ့အိမ်ကို သူခိုးဝင်နေပြီထင်တယ် ... ဒုက္ခပါပဲ"

ကျွန်ုပ်သည် ထိုသို့ တွေးမိသည်နှင့်တစ်ပြိုင်နက် အနီးတွင်





ရှိသော တုတ်ကောက်အား ဆွဲကိုင်ကာ မီးဖိုချောင်သို့ ခြေဖော့နင်းထွက်ခဲ့၏။

မီးဖိုခန်းဝသို့ရောက်လျှင် ကြောင်အိမ်အား ကုန်းနှိုက်နေသည့် လူတစ်ယောက်ကို တွေ့ရလေ၏။

ထို့ကြောင့် တုတ်ကောက်အား ဆုပ်ကိုင်၍ ...

"ဟေ့ သူခိုးစုတ် ... လက်မြှောက်လိုက်စမ်း၊ အင်စပက်တော် ပြူးချိတ်ကွ၊ တစ်ချီတည်း ရှိတယ်ဟေ့"

ဟု ကြုံးဝါးကာ တစ်ရှိန်ထိုး ပြေးသွားလေ၏။

သူခိုးမှာ ...

ကျွန်ုပ်၏စကားအား ဂရုမပြုဘဲ ကြောင်အိမ်ထဲမှ ဟင်းပန်းကန်ကိုထုတ်ရင်း ထမင်းစားပွဲရှိရာ လျှောက်လာ၏။

ကျွန်ုပ်သည် သူခိုးကိုကြည့်လျက် အထိတ်တလန့် ဖြစ်သွားပြီး ...

"ဟာ ကိုမင်းနောင် ... ခုထိ ရုံးမသွားရသေးဘူးလား၊ ကျုပ်က အိမ်ထဲ သူခိုးဝင်ပြီမှတ်နေတာ"

ဟု ရေရွတ်လိုက်ရာ ကိုမင်းနောင်သည် ကျွန်ုပ်အား ပြုံးကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရုံးကို ရောက်ပြီးပါပြီဗျာ၊ အိုင်ပီလည်း အတော်အိပ်တာပဲဗျ၊ ကျုပ် ကားဟွန်းတီးတာတောင် မနိုးဘူး"

ဟု ပြောလေ၏။

ကိုမင်းနောင်၏စကားကြောင့် ကျွန်ုပ်မှာ ရှက်ရယ်ရယ်၍

"အဟဲ . . . ညက စိန့်စိန့်ကြီးအကြောင်းတွေးရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်၊ ဒါကြောင့်ပါဗျာ၊ ဒါနဲ့ ကိုမင်းနောင်က ရုံးကို အစောကြီး ဘာသွားလုပ်တာလဲ"

ဟု စကားလမ်းလွှဲလိုက်ရ၏။

ဆားပုလင်းမင်းနောင်သည် စားပွဲပေါ်ရှိ အထုပ်ကြီးတစ်ထုပ်အား ညွှန်ပြ၍ . . .

"သေသူရဲ့အဝတ်အစားတွေဗျ၊ အသေးစိတ် စစ်ဆေးစရာရှိလို့ ရုံးက သွားယူလာတာ၊ အိုင်ပီ ဗိုက်ဆာရင် စားခဲ့လို့ရအောင် ထမင်းပွဲပြင်ထားပေးတယ်၊ ကျုပ် အလုပ်လေး လုပ်ဦးမယ်ဗျာ"

ဟုဆိုကာ အထုပ်အား ဆွဲယူ၍ ထွက်သွား၏။

❋ ❋ ❋



ကျွန်ုပ်သည် ကိုမင်းနောင်ပြင်ဆင်ပေးသည့် နံနက်စာအား ဗိုက်ကားအောင် စားသောက်ပြီးလျှင် စာကြည့်ခန်းဘက်သို့ ထွက်ခဲ့လေသည်။

စာကြည့်ခန်းတွင်း၌မူ ကိုမင်းနောင်သည် မှန်ဘီလူးတစ်လက်ဖြင့် အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။

"ဘာတွေများ သဲကြီးမဲကြီး ကြည့်နေတာလဲ ကိုမင်းနောင်၊ အမှတ်စွလေး ရှင်းပြပါဦးဗျာ"

ကျွန်ုပ်၏အမေးကြောင့် ကိုမင်းနောင်မှာ လှည့်မကြည့်ဘဲ

. . .

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

"ကွင်းဆက်လေးတစ်ခုတော့ ရပြီ အိုင်ဗီရေ၊ ကျုပ်တို့ မော်ဘီကို အမြန်ဆုံးသွားရမယ်၊ အိုင်ဗီ လိုက်မယ်မဟုတ်လား"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ အလျင်အမြန်ပင် ...

"မေးစရာလိုသေးလားဗျာ၊ ခင်ဗျားနဲ့သာဆို ယမမင်းဆီလည်း လိုက်ဝံ့ပါတယ်ဗျာ၊ အဟဲ ... ရုံးမတက်ချင်တာနဲ့ အတော်ပဲဗျို့"

ဟု ပြောလိုက်မိ၏။

ထို့နောက်တွင်မူ ဆားပုလင်းမင်းနောင်နှင့် ကျွန်ုပ်သည် ရုံးအပိုင် ဖို့ဒ်ကားအား စက်ကုန်ဖွင့်၍ မော်ဘီသို့ ထွက်ခဲ့လေတော့၏။

မော်ဘီသို့ရောက်သောအခါ ကိုမင်းနောင်သည် ကားကို ကွမ်းယာသည်လေးတစ်ဦးရှေ့ ထိုးရပ်လျက် ...

"ဒီမြို့က မိုးဖြူအပ်ချုပ်ဆိုင်ကို သိသလား ကောင်လေး"

ဟုမေးလေ၏။

ကွမ်းယာသည်လေးမှာ ကိုမင်းနောင်၏အမေးကြောင့် ခေါင်းကုတ်စဉ်းစားလျက် ...

"မသိဘူး ဦးလေးရ၊ ကြားတောင် မကြားဖူးဘူး"

ဟု ဖြေလေ၏။





ကိုမင်းနောင်သည် ကွမ်းယာသည်လေးအား လက်ပြကာ ကားကို ဆက်လက်မောင်းနှင်ခဲ့၏။

"အပ်ချုပ်ဆိုင်ကို ဘာလို့မေးတာလဲ ကိုမင်းနောင်၊ အမှုနဲ့ ပတ်သက်နေလို့လား"

ကျွန်ုပ်၏အမေးကြောင့် ကိုမင်းနောင်သည် ကားအား ဂရုတစိုက် မောင်းနှင်နေရာမှ ...

"မော်ဘီဂိုတ်ပိုင်ကြီးကတစ်ဆင့် သေသူရဲ့နောက်ကြောင်းကို စုံစမ်းတဲ့အခါ သေသူက မော်ဘီမြို့သား မဟုတ်ဘူးဆိုတာ သိခဲ့ရတယ်၊ ဒါကြောင့် ကျုပ်ဟာ သေသူရဲ့အဝတ်အစားတွေကို သဲလွန်စရလိုရငြား ရှာဖွေခဲ့တယ်၊ ဒီအခါမှာ သေသူဝတ်ခဲ့တဲ့ ကုတ်အင်္ကျီနဲ့ အတွင်းဘက်အောက်ခြေမှာ မိုးဖြူအပ်ချုပ်ဆိုင်ဆိုတဲ့ တံဆိပ်လေးကို တွေ့ခဲ့ရတယ်"

ဟုဆို၍ ကားကို တံ့ခနဲ ထိုးရပ်လိုက်၏။

ကျွန်ုပ်သည် ကားအပြင်သို့ လှမ်းကြည့်လိုက်ရာ လွန်စွာသေးငယ်ကားသော ဈေးတစ်ခုရှေ့ ရောက်ရှိနေကြောင်း တွေ့ရလေ၏။

ကိုမင်းနောင် ကားပေါ်ကဆင်းသည်ကို မြင်လျှင် ကျွန်ုပ်သည်း ဆင်းရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် လူများကြားမှ တိုးဝှေ့၍ ဈေးတွင်းသို့ ဝင်ခဲ့လေ၏။

ကိုမင်းနောင်သည် အပ်ချုပ်တန်းဘက်သို့ လျှောက်သွားပြီး ဆိုင်တစ်ဆိုင်ရှေ့ရပ်ကာ . . .

"ဒီမယ် နောင်ကြီး . . . မိုးဖြူအပ်ချုပ်ဆိုင်ကို သိသလားဗျ"

ဟု မေးမြန်းလေ၏။

ဆိုင်ရှင်မှာ ကိုမင်းနောင်အား တအံ့တသြဟန်ဖြင့် ကြည့်၍

"မိုးဖြူအပ်ချုပ်ဆိုင် . . . ဟုတ်လား၊ သိတာပေါ့ဗျာ၊ သိရုံတင် မဟုတ်ဘူး၊ မိုးဖြူအပ်ချုပ်ဆိုင်ရဲ့ပိုင်ရှင် ဦးမိုးဖြူက ကျုပ်ရဲ့ ဆရာ အရင်းဗျ၊ သူ့ကျေးဇူးကြောင့် ကျုပ် အပ်ချုပ်စားနိုင်တာ၊ နေပါဦး . . . ကိုယ့်လူတို့က ဘာကိစ္စမေးရတာလဲ"

ဟု ပြန်မေး၏။

ကိုမင်းနောင်မှာ စီးကရက်အား မီးညှိနေသဖြင့် ကျွန်ုပ်က

"အပ်ချုပ်ဆိုင်ကိုမေးမှတော့ အထည်အပ်မလို့ပေါ့ဗျာ၊ ခင်ဗျားသိရင် မိုးဖြူအပ်ချုပ်ဆိုင်ရှိမယ့်နေရာကို လမ်းညွှန်စမ်းပါ"

ဟု ဝင်ပြောလိုက်ရာ ဆိုင်ရှင်က . . .

"ကျုပ်ဆရာကြီး ဦးမိုးဖြူဟာ မြို့အဝင်နံဘေးက မြေနိုလမ်း





လေးထဲမှာ နေတယ်၊ အထည်အပ်ချင်လို့ သွားမယ်ဆိုရင်တော့ ခင်ဗျားတို့ မောရုံပဲ ရှိမယ်ဗျို့၊ ကျုပ်တို့ဆရာကြီးက အထည်ချုပ်တဲ့ အလုပ်ကို စွန့်လွှတ်ထားတာ ကြာပြီ၊ ခင်ဗျားတို့ အထည်အပ်ချင်ရင် ကျုပ်ဆီ အပ်ခဲ့လို့ ရပါတယ်၊ ဆရာမိုးဖြူထက် မသာရင်တောင် တန်းတူလောက် ကျုပ်ရဲ့လက်ရာက ကောင်းပါတယ်ဗျ"

ဟု ဆိုလေ၏။

ဆားပုလင်းမင်းနောင်သည် စီးကရက်အား ဖွာရှိုက်ရင်း . . .

"ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကို ခွင့်ပြုပါဦး၊ နောက်မှ အေးအေးဆေးဆေး အထည်အပ်တာပေါ့ဗျာ"

ဟုဆို၍ ဆိုင်ရှေ့မှ လှည့်ထွက်သွား၏။

ကျွန်ုပ်လည်း ကိုမင်းနောင်၏နောက်သို့ ပြေးလိုက်လာခဲ့ရလေ၏။

ဆိုင်ရှင်မှာ ကျွန်ုပ်တို့အား မကျေမနပ် ရေရွတ်၍ ကျန်ခဲ့လေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ကားကို ပြန်လှည့်၍ မြို့အဝင်သို့ မောင်းခဲ့ရလေ၏။

မြို့အဝင်ရှိ မြေနီလမ်းကြားလေးသို့ရောက်လျှင် ကိုမင်းနောင်သည် လမ်းနံ့ဘေးရှိ အကြော်တဲအား လှမ်းမေးပြန်၏။

အကြော်သည်ကြီး၏ ညွှန်ပြမှုကြောင့် ကျွန်ုပ်တို့မှာ ဦးမိုးဖြူ၏ အိမ်သို့ ရောက်ရှိခဲ့လေ၏။

ဦးမိုးဖြူ၏ တဲအိမ်လေးမှာ မြေလမ်း၏အဆုံး၌ရှိ၍ မြေစိုက်တဲတစ်လုံးသာ ဖြစ်၏။

ကျွန်ုပ်တို့နှစ်ဦးသည် တဲအိမ်လေးရှေ့သို့ ရောက်လျှင်•••



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ ဦးမိုးဖြူ ... ဦးမိုးဖြူ ရှိသလားဗျ"

ဟု ကျွန်ုပ်က လှမ်း၍ အသံပြုလိုက်၏။

ထိုအခါ တဲအိမ်လေးအတွင်းမှ အဆက်မပြတ်ဆိုးသော ချောင်းသံနှင့်အတူ ...

"ဘယ်သူလဲ ... ဝင်ခဲ့ပါ"

ဟူသော အသံအစ်အစ်ကြီးအား ကြားလိုက်ရ၏။

ကျွန်ုပ်တို့သည် မြေစိုက်တဲအတွင်းသို့ရောက်လျှင် ဖါးကြမ်းပေါ်၌ လဲလျောင်းနေသည့် အဘိုးအိုတစ်ဦးအား တွေ့ရလေ၏။

ဆားပုလင်းမင်းနောင်သည် အဘိုးအို၏ အိပ်ရာနံဘေး ဝင်ထိုင်၍ ...

"ဦးမိုးဖြူဆိုတာ အဘနော်၊ အဘကြည့်ရတာ အတော့်ကို နာမကျန်းပုံပဲ၊ တစ်ယောက်တည်းလား အဘ"

ဟု မေးလိုက်ရာ အဘိုးအိုသည် အားအင်ဖျော့တော့သည့် မျက်လုံးများကို အသာပင့်ကြည့်လျက် ...

"အဟွတ် ဟွတ် ဟွတ် ... ပန်းနာရင်ကျပ်ပေါ့ကွယ်၊ ဖျားထောက်လာတော့ ရောဂါဖိလာတဲ့ သဘောပေါ့ကွယ်၊ လူလေးတို့က ဘယ်သူတွေများလဲကွယ် ... အဟွတ် ဟွတ်"





ဟု ချောင်းမပြတ်ဆိုးရာမှ အားယူပေး၏။

ဆားပုလင်းမင်းနောင်သည် အဘိုးအိုအား ကရုဏာသက်စွာ ငေးစိုက်ကြည့်နေရာမှ ...

"ကျွန်တော်တို့က အင်းစိန်စီအိုင်ဒီကပါ၊ ကျွန်တော်က ဆားပုလင်းမင်းနောင်ပါ၊ မော်ဘီသင်္ချိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုနဲ့ ပတ်သက်ပြီး အဘကို အကူအညီတောင်းစရာလေး ရှိနေလို့ပါ"

ဟု ပြောလိုက်ရာ အဘိုးအိုမှာ လှဲနေရာမှ ကြိုးစားထလျက်

"ဘယ်လို ... လူသတ်မှု ဟုတ်လား၊ ကျုပ်လို အိုကြီးအို ဘာများ ကူညီနိုင်ပါ့မလဲကွယ်၊ ကျုပ်ဖြင့် အိပ်ရာထဲလဲနေတာနဲ့ လူသတ်မှု ဖြစ်ခဲ့တာတောင် မသိလိုက်ပါဘူး ... အဟွတ် ဟွတ်"

ဟုဆိုကာ ထွေးခံအား လှမ်းယူလေ၏။

ကိုမင်းနောင်သည် ထွေးခံအား အဘိုးအိုရှိရာ လှမ်းပေးလျက် ...

"ဟုတ်ပါတယ်၊ လူသတ်မှုကို အဘမသိဘူးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါပေမဲ့ ... အသတ်ခံရတဲ့လူဟာ အဘနဲ့ ပတ်သက်နေပါတယ်၊ ဒါလေးကို ကြည့်ကြည့်ပါ အဘ"

ဟု ပြောဆိုရင်း သေသူ၏ ကုတ်အင်္ကျီအား ထုတ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ကိုမင်းနောင်ထံမှ အကျီအား လှမ်းယူကာ ကြည့်ရှုလေ၏။

အဘိုးအိုသည် အကျီအား သေချာစွာကြည့်ရှုပြီးနောက် မျက်နှာကြီးနီမြန်းလာကာ အသားများ တဆတ်ဆတ်တုန်လာ၏။

"ဒါ ဒါ ... လူယုတ်မာစိုးသိန်းရဲ့အကျီပဲ၊ တောက် ... ဒင်းလိုလူယုတ်မာကို ငါ့လက်နဲ့ မသတ်လိုက်ရတာ ရင်နာဖို့ သိပ်ကောင်းတယ်"

အဘိုးအို၏ မေးကြောထောင်မတတ် အံကြိတ်ကြုံးဝါးသံကြောင့် ဆားပုလင်းမင်းနောင်မှာ မျက်မှောင်ကြုတ်သွားပြီး ...

"အဘက စိုးသိန်းကို ဘာကြောင့် လူယုတ်မာလို့ သတ်မှတ်တာလဲ၊ စိုးသိန်းနဲ့ပတ်သက်ပြီး အဘ ဘယ်လောက်ထိ သိထားပါသလဲ"

ဟု မေးလိုက်ရာ အဘိုးအိုသည် နာကြည်းမှုယှက်သန်းနေသည့် မျက်ဝန်းများဖြင့် ...

"ကျေးဇူးရှိမှ ကျေးစွပ်တယ်ဆိုတဲ့စကားဟာ စိုးသိန်းလိုလူစားမျိုးအတွက်ပဲ၊ ကျုပ်က ဟိုတုန်းက မှော်ဘီဈေးကြီးဘေးမှာ မြေစိုက်တဲလေးထိုးပြီး အပ်ချုပ်ဆိုင်ဖွင့်ခဲ့တယ်၊ ကျုပ်မှာ မိန်းမနဲ့





သမီးလေးတစ်ယောက်ရှိတယ်၊ အဲဒီချိန်က ကျုပ်သမီးဟာ အပျိုဖော်ဝင်ခါစအရွယ်ပဲ ရှိပါသေးတယ် ...၊

တစ်နေ့ ကျုပ် ဆိုင်သိမ်းပြီး အိမ်ပြန်ဖို့လုပ်တော့ မိုးက သဲကြီးမဲကြီး ရွာချတယ်၊ ကျုပ်ဟာ မိုးတိတ်ချိန်ကို စောင့်ပေမယ့် မှောင်စပျိုးတဲ့အထိ မိုးက တော်တော်နဲ့တိတ်မသွားဘူး၊ ဒါကြောင့် မိုးရွာကြီးထဲမှာပဲ လမ်းလျှောက်ပြီး အိမ်ကို ပြန်ခဲ့ရတယ် ...၊

ကျုပ်တို့လမ်းထိပ်ကိုရောက်တော့ လမ်းဘေး မြက်ဖုတ်ထဲမှာ လဲနေတဲ့ လူတစ်ယောက်ကို တွေ့ခဲ့တယ်၊ ကျုပ်လည်း သူ့အနား သွားပြီး ကြည့်တဲ့အခါ အဖျားကြီးနေတာ တွေ့ရတယ်၊ သနားကြင်နာတတ်တဲ့ ကျုပ်ဟာ သူ့ကို ကျုပ်ရဲ့အိမ်အရောက် တွဲပြီးခေါ်ခဲ့တယ်၊ အဲဒီလူကတော့ လူယုတ်မာ စိုးသိန်းပါပဲ ...၊

ဒင်းရဲ့အဖျား သိပ်ကြီးနေတဲ့အတွက် ကျုပ်ဟာ မြန်မာဆေးပေါင်းစုံနဲ့ သက်သာအောင် ကုသပေးခဲ့တယ်၊ ဒင်း သတိပြန်ရတဲ့အခါ သူဟာ ခြေသလုံးအိမ်တိုင်သမား ဖြစ်ကြောင်း, သူ့ရဲ့ဇာတိကတော့ ခော်လမြိုင်ကဖြစ်ကြောင်း ပြောပြီး ကျုပ်တို့ဆီမှာ ခိုလှုံခွင့်ပေးဖို့ တောင်းဆိုခဲ့တယ် ...၊

သနားကြင်နာတတ်တဲ့ ကျုပ်တို့လင်မယားဟာ စိုးသိန်းကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်တင်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ကြတယ်၊ လတွေကြာတဲ့ စိုးသိန်းရဲ့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်ဟာ ဘွားခနဲ ပေါ်လာတယ် . . . ၊

တစ်ညနေမှာ ကျုပ်တို့လင်မယားဟာ ကျုပ်တို့ကိုးကွယ်တဲ့ ဆရာတော်ကြီး နာမကျန်းတဲ့အတွက် တိုက်ကြီးဘက်ကို သွားခဲ့ရတယ်၊ အိမ်မှာ စိုးသိန်းနဲ့ကျုပ်ရဲ့သမီးလေးပဲ ကျန်ခဲ့တယ်၊ အဲ . . . အဲဒီမှာပဲ . . . အဟွတ် ဟွတ်''

ဟု ပြောဆိုရင်း ချောင်းအဆက်မပြတ်ဆိုးလေ၏။

ကိုမင်းနောင်သည် အဘိုးအို၏နောက်ကျောအား အိပ်ရာထက် ပြန်လှဲ၍ . . .

''အဲဒီမှာပဲ စိုးသိန်းဟာ ကျုပ်ရဲ့သမီး အပျိုစင်လေးကို မတရားကျင့်ကြံပြီး ထွက်ပြေးသွားခဲ့တယ်၊ ကျုပ်သမီးဟာ စိုးသိန်းရဲ့ ယုတ်မာမှုကြောင့် ကိုယ်လေးလက်ဝန်ရခဲ့တဲ့အတွက် အရှက်ကြီးရှက်ပြီး သူ့ကိုယ်သူ သတ်သေဖို့တောင် ကြံစည်ခဲ့တယ်၊ ကျုပ်တို့လင်မယားလည်း လူယုတ်မာကို အယုံကြီး ယုံမိတဲ့အတွက် ဖြေမဆည်နိုင်အောင် နောင်တရခဲ့ကြတယ် . . . ၊

ကျုပ်တို့လင်မယားဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက်





နောက်ဆုံးတော့ ကံကိုသာ ပုံချပြီး ဝဋ်ကြွေးရှိလို့ ခံရတယ်လို့ပဲ သတ်မှတ်ခဲ့ပါတယ်၊ ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်လို့ မီးဖွားချိန်မှာ ကျုပ်သမီးလေးဟာ လူယုတ်မာရဲ့ကလေးကို မွေးဖွားရင်း မီးတွင်းထဲမှာပဲ အသက်ပျောက်သွားရှာတယ်၊ ကလေးလည်း အဖတ် မတင်ခဲ့ပါဘူး၊

အဲဒီစိတ်နဲ့ ကျုပ်မိန်းမဟာ အိပ်ရာထဲ ဘုန်းဘုန်းလဲပြီး သမီးလေးတိမ်းပါးပြီး တစ်နှစ်ကြာတဲ့အခါ သေဆုံးခဲ့ရရှာတယ်၊ ထကယ်တော့ ကျုပ်တို့မိသားစုလေးကို စိုးသိန်း ဖျက်ဆီးခဲ့တာ၊ ကျုပ်လည်း အရာအားလုံး ဆုံးရှုံးသွားတဲ့အတွက် စိတ်ဓာတ်ကျပြီး အပ်ချုပ်ဆိုင်ကို ပိတ်လိုက်တယ်၊ ရှိတာလေးတွေကို ထုခွဲရောင်းချပြီး အသက်ရှင်ခဲ့ရတာ . . . ခုဆို သုံးနှစ်ကျော်ခဲ့ပါပြီကွယ်''

ဟု ရှင်းလင်းပြကာ မောလျှဟန်ဖြင့် အနားယူလေ၏။

''အဘတို့မိသားစုရဲ့ ကြေကွဲဖွယ်နောက်ကြောင်းကို ကြားရတာ စိတ်မကောင်းပါဘူး၊ ခုလို ပြောပြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ အဘရဲ့ကျန်းမာရေးအတွက် ကျွန်တော် ကူညီပါရစေ''

ဆားပုလင်းမင်းနောင်သည် အိတ်တွင်းမှ ငွေစက္ကူတချို့အား ထုတ်ယူ၍ အဘိုးအိုအား ပေးလေ၏။

အဘိုးအိုမှာ တုန်ယင်သောလက်အစုံဖြင့် လှမ်းယူ၍ သာဓု



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်နိုင်အောင် ရှိလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်မောင်ပြုံးချိုနှင့် ဆားပုလင်းမင်းနောင်သည် အဘိုးအိုအား နှုတ်ဆက်၍ ပြန်ခဲ့ကြလေတော့၏။

❋ ❋ ❋



နောက်တစ်နေ့နံနက်၌ ...

ကျွန်ုပ်မောင်ပြုံးချိုသည် ကိုမင်းနောင်၏နေအိမ်မှပင် ရုံးတက်ရလေ၏။

ရုံးသို့ရောက်လျှင် ရုံးခန်းအတွင်းထိုင်လျက် ငိုက်မျဉ်းနေသော အိုင်ပီစိန်ထွန်းအား တွေ့ရလေ၏။

"ကိုစိန်ထွန်းတို့ကတော့ စောစောစီးစီး ငိုက်နေပြန်ပြီ ဗျာ့လူ ထစမ်းပါ ... ကျက်သရေမရှိလိုက်တာဗျာ"

ကျွန်ုပ်သည် အိုင်ပီစိန်ထွန်း၏ပခုံးအား ခပ်ဆတ်ဆတ် ရိုက်၍ နှိုးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီစိန်ထွန်းမှာ လန့်နိုးသွားပြီး ပြူးတူးပြဲတဲ အမူအရာဖြင့် ...

"လန့်လိုက်တာ လူဝကြီးရာ၊ ပါးစပ်နဲ့ နှိုးလည်း ရပါတယ်ဗျ၊ ကျောကို စပ်သွားတာပဲ၊ ကျုပ်က အိပ်ချင်လို့ အိပ်နေတာ မဟုတ်ဘူး၊ ခင်ဗျား အတော်ဒုက္ခပေးတဲ့လူဗျာ၊ ကျုပ်တို့လင်မယားဖြင့် နှစ်ညရှိပြီး ခင်ဗျားမိန်းမအိမ်သွားပြီး သက်တော်စောင့်လုပ်နေရတာ၊ ခင်ဗျားမိန်းမကြီးက အတော့်ကို စကားပြောနိုင်တယ်၊ တစ်ညလုံး ပြောလိုက်တဲ့စကားဗျာ၊ ကျုပ်တို့လင်မယားနှစ်ယောက်လုံး မျက်တွင်းပေါက်ပက်ဖြစ်နေပြီ"

ဟု ပြောရာ ကျွန်ုပ်မှာ မျက်လုံးပြူးသွားရပြီး ...

"ဘယ်လို ... ကျုပ်အိမ်မှာ သွားအိပ်ပေးရတယ် ... ဟုတ်လား"

ဟု တအံ့တသြ ရေရွတ်မိလေ၏။

"သွားအိပ်ရတာ မဟုတ်ဘူးဗျို့၊ တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်ပေးရတာ၊ ခင်ဗျားအိမ်က ထွက်သွားတဲ့ညကတည်းက မစိန်စိန်ကြီး ကျုပ်တို့ကို တယ်လီဖုန်းဆက်ခေါ်ပြီး သူ့အိမ်မှာ စောင့်နိုင်းတာ၊ အိမ်အမြန် ပြန်စမ်းပါဗျာ"





အိုင်ပီစိန်ထွန်း၏စကားကြောင့် ကျွန်ုပ်က ...

"အိမ်ပြန်လို့တော့ မဖြစ်ဘူးဗျ၊ ကျုပ်မိန်းမရဲ့စိတ်ကို ကျုပ်အသိဆုံးပဲ၊ သူပြန်မခေါ်မချင်း ပြန်လို့မရဘူး"

ဟု ခေါင်းခါ၍ ညည်းညူမိလေ၏။

"လင်မယားတွေပဲဗျာ၊ ရန်ဖြစ်လည်း ခဏပေါ့၊ ဒီလိုလုပ် လူဝကြီးရ ... ခင်ဗျားမိန်းမက ဘဲကင်သိပ်ကြိုက်တာ မဟုတ်လားဗျ၊ ဘဲကင်သုံးကောင်လောက် ဝယ်သွားပြီး ချော့လိုက်ပေါ့ဗျာ"

အိုင်ပီစိန်ထွန်း၏အပြောကြောင့် ကျွန်ုပ်မှာ စိတ်အား တက်ကြွသွားပြီး ...

"မှန်လိုက်တာ အိုင်ပီရာ၊ ကျုပ် ဒီအချက်ကို မေ့နေတာဗျို့၊ တဲ ဟဲ ... ညနေရုံးက စောစောပြန်ပြီး စိန်စိန့်ကို ချော့ရမယ်"

ဟု လက်ဖျစ်တီးကာ ပြောလိုက်၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့ရုံးခန်းအတွင်းသို့ ဆားပုလင်းမင်းနောင် ရောက်ရှိလာလေ၏။

ဆားပုလင်းမင်းနောင်သည် ကျွန်ုပ်တို့အား မည်သည့် စကားမျှမဆိုဘဲ တတ်ဘူးရှိရာ လျှောက်သွား၍ ကော်ဖီခွက်တစ်ခွက်ကို ဖျော်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်စားပွဲ၌ထိုင်၍ ကော်ဖီအား အရသာခံသောက်လျက်

"မော်လမြိုင်ကို သွားစရာရှိတယ်၊ အိုင်ဝီ လိုက်ချင်လား"

ဟု ကျွန်ုပ်အား ကြည့်ကာ မေးလိုက်၏။

"မော်လမြိုင် . . . ဟုတ်လား။ သိပ်လိုက်ချင်တာပေါ့ ကိုမင်းနောင်ရာ၊ ဘယ်တော့သွားမှာလဲဗျ"

"အခုပဲသွားမှာ . . . ကော်ဖီသောက်ပြီးတာနဲ့ သွားမှာဗျ"

ဆားပုလင်းမင်းနောင်၏စကားကြောင့် ကျွန်ုပ်မှာ စိန်စိန်ကြီး၏ မျက်နှာအား ဖျတ်ခနဲ ပြေးမြင်ကာ ငိုင်တွေသွားရလေ၏။

"မစိန်စိန်ကြီးအကြောင်း တွေးနေတာလား အိုင်ဝီ၊ တွေးပူမနေနဲ့တော့ဗျို့၊ သူ မနက်က အိုင်ဝီထွက်သွားတဲ့အချိန်မှာ အိမ်ကို ရောက်တာတယ်၊ အိုင်ဝီ့ကို အိမ်ပြန်လာဖို့ ပြောပေးပါလို့ ကျုပ်ကို ပြောခိုင်းတာဗျ . . .၊

မစိန်စိန်ကြီးကို ခရီးထွက်မယ့်အကြောင်း ပြောလိုက်တယ်၊ သူကလည်း ခွင့်ပြုပါတယ်၊ ခရီးကရောက်ရင်သာ အိမ်ကို အမြန်ပြန်လာဖို့ အိုင်ဝီ့ကို မှာလိုက်တယ်ဗျ"

ဆားပုလင်းမင်းနောင်၏စကားကိုကြားလျှင် ကျွန်ုပ်မှာ အိုင်ယာလန်ထီပေါက်သကဲ့သို့ ဝမ်းသာအားရ ဖြစ်သွားလျက် . . .





"တ . . . တကယ်လား ကိုမင်းနောင်၊ ဝမ်းသာလိုက်တာဗျာ၊ ကျုပ်ကို စိန်စိန် စိတ်ဆိုးပြေသွားပြီပေါ့၊ ကျုပ် ဘဲကင်ဖိုး ကုန်စရာ မလိုတော့ဘူး။ ပျော်လိုက်တာဗျာ"

ဟု နှုတ်မှ တတွတ်တွတ် ရေရွတ်မိလေ၏။

ဆားပုလင်းမင်းနောင်သည် ကော်ဖီအား သောက်ပြီးလျှင် ထိုင်ရာမှထရပ်၍ သက္ကလတ်ဦးထုပ်အား ပြင်ဆောင်းလိုက်၏။

ကျွန်ုပ်လည်း ကိုမင်းနောင်နောက်သို့လိုက်ရန် အသင့်ပြင်နေလေ၏။

ကျွန်ုပ်တို့နှစ်ဦး ရုံးခန်းအတွင်းမှ ထွက်မည်အပြုတွင် . . .

"နေကြပါဦးဗျ . . . ခင်ဗျားတို့ရည်း သွားကြမလို့လား။ ကျုပ်လည်း လိုက်မယ်"

ဟူသော အသံနှင့်အတူ အိုင်ပီစိန်ထွန်းမှာ ဆံပင်ဘုတ်သိုက် အိုးရဲ့အမူအရာဖြင့် အပြေးလိုက်လာ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်သုံးဦးသည် စီအိုင်ဒီရုံးအတွင်းမှ ထွက်ခွာခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ...

ကျွန်ုပ်တို့စုံထောက်ကျော်သုံးဦးသည် ပဲခူး–မုတ္တမ ရထားကြီးအား စီးနင်း၍ လိုက်ပါခဲ့ကြလေ၏။

ဝေါဘူတာသို့ရောက်လျှင် ကျွန်ုပ်သည် ငိုက်မျဉ်းနေသော ကိုစိန်ထွန်းအား ...

"ဟေ့လူ ... ထ ထ၊ မုတ္တမရောက်တော့မယ်ဗျ"

ဟု လှုပ်နှိုး၍ ပြောလိုက်ရာ ကိုစိန်ထွန်းမှာ ပြူးပြဲ၍ ခေါင်းထောင်လာ၏။

ထို့နောက် ပြတင်းပေါက်အပြင်သို့ ခေါင်းပြူကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ တကယ့်သာသနာဖျက်ပဲ၊ အခုမှ ဝေါပဲ ရောက်သေးတာ၊ အိပ်ရေးပျက်လိုက်တာ"

ဟု မကျေမနပ် ရေရွတ်၏။

"ခင်ဗျားက တွေ့တဲ့နေရာ ခေါင်းထိုးအိပ်တဲ့လူစားပဲ၊ အိပ်လွန်းလို့ ခင်ဗျားရဲ့ဉာဏ်တွေ ထုံထိုင်းဝေဝါးနေတာဗျို့"

ကျွန်ုပ်၏စကားကြောင့် အိုင်ဝီစိန်ထွန်းမှာ မျက်နှာကြီး ရဲရှိပ်လျက် ...

"ဘာလို့ ထုံထိုင်းရမှာလဲဗျ၊ ဒီမယ်လူဝကြီး ... ခင်ဗျားထက် ကျုပ်က ဉာဏ်ပိုကောင်းတယ်"

ဟု ချေပစကားဆို၏။

"သေချာရဲ့လား အိုင်ဝီ၊ ကောင်းပြီ ... ဒါဆို တစ်ခုမေးမယ်၊ ခင်ဗျား ချက်ချင်းပြန်ဖြေရမှာနော်၊ ဟောဒီရထားလမ်းတွေကို ဘယ်သူဖောက်တာလဲဗျ"

ကျွန်ုပ်၏အမေးကြောင့် အိုင်ဝီစိန်ထွန်းမှာ ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်လျက် ...

"မီးရထားလမ်းကို အင်း ... အဲ ... သီပေါမင်းဗျား၊ သီပေါမင်း"





ဟု ဗလုံးဗထွေးသံကြီးဖြင့် ဖြေလေ၏။

ကျွန်ုပ်မှာ ကိုစိန်ထွန်း၏အဖြေကြောင့် အူတက်မတက် ရယ်မောလျက် ...

"ဟား ဟား ဟား ... မဖြစ်နိုင်တာတွေ လျှောက်ပြောနေတယ်၊ ရထားလမ်းတွေကို ဖောက်တာ လူတွေဗျ ... လူတွေ၊ လူကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ဘူးဗျို့၊ ဉာဏ်ရှည်ဉာဏ်သွေးဆိုတာ ဒါကိုပြောတာဗျ၊ မှတ်ထားစမ်းပါ ကိုယ့်လူရာ ... ဟား ဟား ဟား"

ဟု လှောင်ပြောင်လိုက်ရာ ကိုစိန်ထွန်းမှာ ကျွန်ုပ်အား ဒေါသထွက်လျက် အံတကြိတ်ကြိတ် ရှိချေ၏။

ထိုအခိုက်မှာပင် ...

"မြန်မာပြည်မှာ မီးရထားလမ်းဖောက်လုပ်ဖို့ စတင်အကြံပြုသူက မျက်နှာဖြူမင်းကြီး ဆာအက်(ရှ)လေအီဒင်ပဲဗျူ၊ တစ်ထောင့်ရှစ်ရာငါးဆယ့်နှစ်ခုနှစ်၊ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီးမှာ အင်္ဂလိပ်တွေဟာ အောက်မြန်မာနိုင်ငံကို သိမ်းယူခဲ့ကြတယ် ...၊

အင်္ဂလိပ်လက်ကျရောက်ခဲ့တဲ့ အောက်မြန်မာနိုင်ငံကို ဗြိတိသျှဘားမားလို့ ခေါ်ဝေါ်ခဲ့ကြတယ်၊ ၁၈၆၉ ခုနှစ် ရှုးအက်တူးမြောင်းကြီး ပြီးတဲ့အခါ ပထမဆုံး အင်္ဂလန်ကနေ မြန်မာပြည်ကို ကုန်သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



သုံးစီး ဆိုက်ရောက်ခဲ့တယ်၊ မျက်နှာဖြူတွေဟာ မြန်မာပြည်ထွက် ဆန်၊ သစ်၊ ချည်ကြမ်းတွေကို ပို့ကုန်အဖြစ် တင်ပို့ခဲ့သလို တိုင်းခြားက ကုန်စည်တွေကိုလည်း သွင်းကုန်အဖြစ် မြန်မာပြည်ထဲ တင်သွင်းလာကြတယ် ...။

တစ်နေရာနဲ့တစ်နေရာ ကုန်ပစ္စည်းတင်ပို့မှု တွင်ကျယ်ဖို့နဲ့ အထက်မြန်မာနိုင်ငံမင်းဆက်က တိုက်ခိုက်မှုတွေရှိလာတဲ့အခါ စစ်တပ်နဲ့ လက်နက်တွေကို နယ်စပ်ဒေသတွေဆီ အလွယ်အကူ ပို့နိုင်ဖို့ အတွက် ဗြိတိသျှဘားမားမှာ ရထားလမ်းဖောက်လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ် ...။

ဒါကြောင့် ဗြိတိသျှဘားမားရဲ့ မျက်နှာဖြူမင်းကြီး ဆာအက်ရှလေအီဒင်က ရထားလမ်းဖောက်လုပ်ဖို့အရေးကို အိန္ဒိယအစိုးရထံ တင်ပြခဲ့တယ်၊ အတည်ပြုချက်ရတဲ့အခါ လုပ်အားခပေါပေါနဲ့ ခိုင်းစေလို့ရတဲ့ ကုလားလူမျိုးတွေကို အသုံးပြုပြီး ရန်ကုန်ကနေ ပြည်မြို့အထိ မီးရထားသံလမ်းကို စတင်ဖောက်လုပ်ခဲ့တယ်"

ဆားပုလင်းမင်းနောင်သည် ထိုသို့ဆိုလျက် မျက်နှာချင်းဆိုင် ခုံ၌ ဝင်ထိုင်လေ၏။

ကျွန်ုပ်နှင့်အိုင်ပီစိန်ထွန်းမှာ ပါးစပ်အဟောင်းသား နား





ထောင်နေရာမှ သတိပြန်ဝင်လျက် ...

"ကိုယ့်လူက လွန်ခဲ့တဲ့ အနှစ်ခုနစ်ဆယ်နီးပါးက အကြောင်းတွေကို ချက်ကျလက်ကျ ပြောနိုင်တာပဲ၊ နားထောင်ရတာ ဘိုင်စကုပ်ကြည့်သလို အဲဒီခေတ်ကို ပြန်မြင်မိတယ်ဗျာ၊ ဆက်ပြောပါဦး ကိုမင်းနောင် ... ကျုပ် သိပ်ပြီး စိတ်ဝင်စားလို့ပါ"

ဟု ကျွန်ုပ်က စကားထောက်ပေးလိုက်၏။

ဆားပုလင်းမင်းနောင်သည် ပိုလိုစီးကရက်အား ဖွာရှိုက်လျက် အဝေးဆီသို့ ငေးကြည့်ကာ ...

"လူဆိုတာ သူများထက် ကိုယ့်အကြောင်းကို ပိုသိရမှာပေါ့ဗျာ၊ ကိုယ့်တိုင်းပြည်ရဲ့ ဘိုင်အိုဂရပ်ဖီကို မသိတဲ့သူဟာ မြင်ခွင့်ရှိပါလျက် အမှောင်ဖုံးနေတဲ့ အကန်းနဲ့တူတယ်ဗ ...။

မြန်မာ့မြေပေါ် ပထမဆုံးဖောက်တဲ့ မီးရထားလမ်းကို ၁၈၇၇ ခုနှစ်၊ မေလ (၁) ရက် နေ့မှာ The Rangon and Irrawaddy Valley State Railway (ရန်ကုန်နှင့်ဧရာဝတီ မြစ်ဝှမ်းအစိုးရမီးရထား) အမည်နဲ့ ပြေးဆွဲခဲ့တယ်၊ မနက်ခြောက်နာရီမှာ ကွမ်းခြံဘူတာကြီးက နေ စထွက်ခဲ့တယ်၊ ရထားတွဲမှာ အတွဲဆယ့်နှစ်တွဲပါခဲ့တယ် ...။

မျက်နှာဖြူမင်းကြီး မစ္စတာဂိုဖာသွန်မဆင်နဲ့ ဧည့်သည်တော်



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ပထမတန်းအတွဲမှာ လိုက်ပါခဲ့ကြတယ်၊ ရထားရဲ့စက်ခေါင်းကတော့ ဆွဲအား ၃၈၅၇ ပေါင်နဲ့ ၁၈ တန်ရှိတဲ့ အေဖီးရိုးဝမ်း (A-01)ဖြစ်တယ်ဗျ၊ နောက်ထပ် ဘာများသိချင်သေးလဲ''

ဟု ပြောလိုက်ရာ အိုင်ပီစိန်ထွန်းက ...

''မြန်မာပြည်ရဲ့ မီးရထားလမ်းအစကတော့ ဟုတ်ပါပြီဗျာ၊ မျက်နှာဖြူတိုင်းပြည်တွေရဲ့ မီးရထားလမ်း အစကရောဗျ၊ သိရင်ပြောပါဦး''

ဟု မေးမြန်း၏။

''ကမ္ဘာ့ပထမဆုံး မီးရထားလမ်းကို အင်္ဂလန်က စခဲ့တာဗျ၊ ဒါလင်တန်စတော့တန်ဆိုတဲ့ မီးရထားလမ်းကြီးပေါ့၊ ကျုပ်တို့တိုင်းပြည်မှာ ရထားလမ်းဖောက်တဲ့ အချိန်ကနေ နောက်ပြန်တွက်ကြည့်ရင် သူတို့ဆီက နှစ်ပေါင်းငါးဆယ့်နှစ်နှစ်လောက်စောပြီး၊ ရထားလမ်းဖောက်နိုင်ခဲ့တာဗျ၊ အိန္ဒိယဆိုရင် ကျုပ်တို့ထက် နှစ်ဆယ့်လေးနှစ်လောက်စောပြီး ရထားလမ်းဖောက်လုပ်ခဲ့တယ်''

ကိုမင်းနောင်၏စကားဆုံးလျှင် ကျွန်ုပ် မောင်ပြုံးချိုက ...

''ကိုမင်းနောင်ပြောသလို မြင်ခွင့်ရှိပါလျက် အမှောင်ဖုံးနေတဲ့ အကန်းမဖြစ်ဖို့ ဒီနေ့ကစပြီး ကိုယ့်နိုင်ငံရဲ့နောက်ကြောင်းကို သိအောင်





လေ့လာတော့မယ်ဗျို့၊ လူဖြစ်ပြီး အိပ်ဖို့လောက်ဘဲ စဉ်းစားနေရင် တိရစ္ဆာန်ထက် ဘာထူးဦးမလဲဗျာ''

ဟု အိုင်ပီစိန်ထွန်းက စောင်းချိတ်စကားဆိုလိုက်၏။

အိုင်ပီစိန်ထွန်းမှာ ကျွန်ုပ်အား မျက်ထောင့်နီကြီးဖြင့် ကြည့်၍ ကျွန်ုပ်၏ကျောအား တဘုန်းဘုန်း ထုရိုက်လေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

မုတ္တမသို့ရောက်လျှင် ...

သဘော်ဖြင့် တစ်ဖက်ကမ်းသို့ ကူးကြလေ၏။

ကျွန်ုပ်တို့သည် မုတ္တမတစ်ဖက်ကမ်းရှိ မော်လမြိုင်မြို့သို့ မိုးစုံးစုံးချုပ်ချိန်မှပင် ရောက်ရှိသွားလေ၏။

မော်လမြိုင်မြေသို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် အောက်သင်းမီးများ ထိန်ထိန်ညီးနေသည့် ဝတုတ်စားသောက်ဆိုင်သို့ ဝင်ကာ ခိုတ်ဖြည့်ရ၏။

ကျွန်ုပ်တို့သုံးဦးသည် ထိုထမင်းဆိုင်၌ပင် ညအိပ်တည်းခိုပြီး နောက်တစ်နေ့သို့ ရောက်သောအခါ ဘုံပြတ်တစ်စီးဖြင့် မြို့အနှံ့ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ရှင့်ဓါး။

ဆားပုလင်းမင်းနောင်သည် မြို့အပိုင် ဂါတ်ဌာနာသို့သွား၍ ဌာနာအုပ်နှင့် တွေ့ဆုံလေ၏။

ဌာနာအုပ်ဦးလှဝင်းသည် ကျွန်ုပ်တို့အား ရန်ကုန်မြို့ အင်းစိန် စီအိုင်ဒီမှ စုံထောက်များဖြစ်သည်ကို သိလျှင် ပျာပျာသလဲ ကြိုဆို၍ ညှော်ဝတ်ပြုလေ၏။

ဆားပုလင်းမင်းနောင်သည် ဌာနာအုပ်ဦးလှဝင်းအား အသတ်ခံရသူ စိုးသိန်း၏ခဲပန်းချီပုံတူကို ထုတ်ပြ၍ . . .

"သူ့နာမည် စိုးသိန်းလို့ခေါ်တယ်၊ မော်လမြိုင်ဇာတိသားပဲ၊ သူနဲ့ပတ်သက်တဲ့ ဘိုင်အိုဂရပ်ဖီကို သိချင်တယ်၊ အမှုတွဲဟောင်းရှိမရှိ စစ်ဆေးပေးပါ"

ဟု ပြောလိုက်လျှင် ဌာနာအုပ်သည် ပုံတူစာရွက်အား ကြည့်ရှု၍ . . .

"စိတ်ချပါ ဆားပုလင်းမင်းနောင် . . . ဆားပုလင်းမင်းနောင် သိချင်တဲ့ အချက်အလက်ကို ဆယ်မိနစ်အတွင်း သိရပါစေ့မယ်"

ဟု ဆိုကာ ကျွန်ုပ်တို့အား ဘိလပ်ရည်၊ မုန့်မျိုးစုံဖြင့် ညှော်ခံလေ၏။





ကျွန်ုပ်နှင့်အိုင်ပီစိန်ထွန်းမှာ ခေါင်းမဖော်တမ်း စားသောက်သော်လည်း ကိုမင်းနောင်သည် ပိုလီစီးကရက်ကိုသာ စိမ်ပြေနပြေ ဖွာရှိုက်နေ၏။

တစ်အောင့်မျှကြာလျှင် ဌာနာအုပ်ဦးလှဝင်းသည် ဖိုင်တွဲဟောင်း တစ်ထပ်ကြီးကိုကိုင်၍ ပြန်ရောက်လာပြီး –

"စိုးသိန်းဟာ စက်သူဌေးဦးမြဆိုင်ရဲ့ မယားပါသား တစ်ယောက်ပဲဗျ၊ စက်သူဌေးဦးမြဆိုင်ဆိုတာက မြို့မျက်နှာဖုံး လူကြီးလူကောင်းတစ်ယောက်ပါ၊ စိုးသိန်းဟာ ဘိန်းစားတစ်ယောက်ဖြစ်ပြီး ကျုပ်တို့ ဂါတ်ဌာနကို ဆေးမှုနဲ့ရောက်ဖူးပါတယ်၊ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကတည်းက စိုးသိန်း မြို့ကပျောက်သွားတာ အခုထိပါပဲ"

ဟု ရှင်းလင်းပြလေ၏။

ဆားပုလင်းမင်းနောင်သည် စီးကရက်မီးခိုးများအား မှုတ်ထုတ်လျက် ဌာနာအုပ်အား ကျေးဇူးတင်စကားဆိုပြီးနောက် စိုးသိန်း၏ နေရပ်ကို မေးမြန်းကာ ဂါတ်မှ ထွက်ခွာခဲ့လေတော့၏။

လမ်းသို့ရောက်လျှင် ကျွန်ုပ်က . . .

"အိုင်အေးကိုမင်းနောင် . . . စိုးသိန်းရဲ့ ခဲပန်းချီကို ဘယ်ကများ ရခဲ့တာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းရာ ဆားပုလင်းမင်းနောင်က ...

"ဘယ်ကမှ မရပါဘူး အိုင်ဗီ၊ မိုးဖြူအစ်ချုပ်ဆိုင်ပိုင်ရှင် အသပြောတဲ့ ပုံနှိပ်သဏ္ဌာန်အတိုင်း ကျုပ်ကိုယ်တိုင် ရေးဆွဲထားတာ ပါ"

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်ကိုယ်တိုင် စိုးသိန်းနေထိုင်ခဲ့သည့် ကျိုက်သလန်ဘုရားအနီးရှိ နေအိမ်သို့ ထွက်ခဲ့ကြလေ၏။

ဘုရားအနီးရှိ ရေနံချေးသုတ်ထားသည့် နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးသို့ရောက်လျှင် ခြံတံခါးမှာ စေ့ရုံသာ စေ့ထားသည်ကို တွေ့ရ ၏။

ထိုစဉ် ခြံတွင်းရှိ အလှပန်းအိုးများအား ရေလောင်းနေသည့် မိန်းမပျိုတစ်ဦးသည် ကျွန်ုပ်တို့အား မြင်တွေ့သွားပြီး ကျွန်ုပ်တို့ရှိရာ လျှောက်လှမ်းလာ၏။

"ဘာကိစ္စများပါလဲရှင်၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

မိန်းမပျိုသည် အကဲခတ်ဟန်ဖြင့် ကြည့်ရှု၍ ကျွန်ုပ်တို့အား မေးမြန်းလေ၏။

ဆားပုလင်းမင်းနောင်သည် စီးကရက်တိုအား ဖိနှပ်ဦးဖြင့်





ထိုးချေ၍ ...

"ကျုပ်က ဆားပုလင်းမင်းနောင်ပါ၊ ရန်ကုန်အင်းစိန် စီအိုင်ဒီ က စုံထောက်တစ်ဦးပါ၊ ကျုပ်တို့ အိမ်ထဲဝင်လို့ရမလား"

ဟု မိန်းမပျိုအား စူးစိုက်ကြည့်ကာ မေးလိုက်၏။

မိန်းမပျိုမှာ မျက်လုံးများ အရောင်ပြောင်းသွားပြီး အလျင် အမြန်ပင် ...

"ဟုတ်ကဲ့ ... ရပါတယ်ရှင်၊ အထဲဝင်ကြပါ"

ဟု ဖိတ်မန္တကပြုကာ ရှေ့မှဦးဆောင်၍ အိမ်ပေါ်သို့ တက် သွားလေ၏။

အိမ်ကြီး၏ဧည့်ခန်းရှိ ကြိမ်ခုံများ၌ ထိုင်မိလျှင် ဆားပုလင်း မင်းနောင်က ...

"မိန်းကလေးက စက်သူဌေးဦးမြဆိုင်နဲ့ ဘယ်လိုများ ပတ် သက်ပါသလဲ"

ဟု မေးမြန်းရာ ...

"ကျွန်မနာမည် မြသီရိပါ ... ဦးမြဆိုင်ရဲ့ သမီးပါ၊ ဒါနဲ့ စုံထောက်ကြီးတို့က ဘယ်အရေးကိစ္စများရှိလို့ သိရိတို့ဆီ ရောက်လာ ပါသလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မြန်မေးလေ၏။

ဆားပုလင်းမင်းနောင်သည် မော်ဘီသချိုင်း၌ စိုးသိန်း အသတ်ခံရသည့်အကြောင်း ပြောလိုက်သောအခါ မိန်းမပျိုမှာ မျက်နှာ အနည်းငယ် ပျက်ယွင်းသွားပြီး ကိုယ်လေးဆတ်ခနဲတုန်လျက် ...

"အို ... အစ်ကိုစိုး အသတ်ခံရတယ် ... ဟုတ်လား။ ဖြစ်ရ လေရှင် ... သီရိဖြင့် နားကိုတောင် မယုံနိုင်အောင် ဖြစ်မိပါတယ်၊ သီရိတို့အပေါ် ကောင်းခဲ့သူတစ်ယောက်ပါ"

ဟု ရေရွတ်ကာ အသံများပင် တုန်ယင်နေရှာ၏။

ဆားပုလင်းမင်းနောင်သည် အိမ်ကြီး၏နံရံ၌ ချိတ်ဆွဲထား သော ပုံတူကားချပ်များကို ကြည့်ရှုလျက် ...

"စကားမစပ်ဗျာ ... မြသီရိတို့အိမ်မှာ အိမ်သား ဘယ်နှ ယောက် ရှိပါသလဲ"

ဟု မေးမြန်း၏။

မြသီရိမှာ မျက်ရည်ရစ်ဝဲသော မျက်လုံးများဖြင့် ပုံတူကားချပ် များဆီ လှည့်ပြန်ကြည့်လျက် ...

"အစွန်ဆုံးကပုံက သီရိရဲ့ဖေဖေ ဦးမြဆိုင်ရဲ့ ပုံတူပါ၊ ဖေဖေ ဆုံးပါးသွားတာကြာပါပြီ၊ ဘေးကပုံက သီရိရဲ့အဘွား ဒေါ်မြထိပ်တင်





ပါရှင်၊ အဘွားရဲ့ဘေးကပုံကတော့ မေမေ ဒေါ်မိမိလတ်ရဲ့ပုံပါပဲ၊ မေမေဟာ ဖေဖေနဲ့ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ပါ တယ် ...၊

လွန်ခဲ့တဲ့ငါးနှစ်က အစ်ကိုစိုးဟာ အိမ်ကနေ ထွက်သွားပါ တယ်၊ သူမရှိတဲ့နောက်မှာ သီရိနဲ့ ဘွားဘွားကြီးနှစ်ယောက်သာ ဒီ အိမ်ကြီးမှာ ကျန်ရစ်ခဲ့ပါတယ်ရှင်"

ဟု ရှင်းလင်းပြ၏။

"မြသီရိရဲ့အဘွား ဒေါ်မြထိပ်တင်ကို မတွေ့ပါလားဗျ"

ဆားပုလင်းမင်းနောင်၏စကားကြောင့် မြသီရိက ...

"ဘွားဘွားကြီးက လောလောဆယ် အိမ်မှာ မရှိပါဘူး၊ ယောဂီအဖြစ်နဲ့ တောရကျောင်းလေးမှာ တရားအားထုတ်နေပါတယ် ရှင်"

ဟု ပြောနေစဉ်မှာပင် မိန်းမငယ်လေးတစ်ဦးသည် ကော်ဖီ ဗန်းကိုကိုင်လျက် ထွက်လာလေ၏။

မိန်းမငယ်လေးသည် ကျွန်ုပ်တို့အနီးသို့ရောက်လျှင် ပုဆစ် ဒူးထောက်လျက် ကော်ဖီခွက်များအား တရိုတသေ ကမ်းပေးလေ၏။

ဆားပုလင်းမင်းနောင်မှာ သူမထံမှ ကော်ဖီခွက်အား လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

ထိုအခိုက်မှာပင် ကော်ဖီခွက်သည် ဆားပုလင်းမင်းနောင်၏ လက်မှ လွတ်ကျကာ ''ခွမ်း'' ခနဲအသံနှင့်အတူ ကျကွဲသွားလေ၏။

''ဟယ် ... ဘယ်လိုလုပ်လိုက်တာလဲ ပေါက်ပေါက်ရယ်၊ ညည့်သည်ပေါ် ကော်ဖီရည်တွေ ကျကုန်ပြီး တောင်းပန်ပါတယ်ရှင်''

မြသီရိသည် ထိုသို့ ရေရွတ်လျက် သူမခါး၌ ညှပ်ထားသည့် လက်ကိုင်ပဝါလေးကို ဆွဲဖြုတ်ကာ ဆားပုလင်းမင်းနောင်၏အင်္ကျီပေါ်မှ ကော်ဖီရည်များအား သုတ်ပေးလေ၏။

ဆားပုလင်းမင်းနောင်သည် မြသီရိထံမှ လက်ကိုင်ပဝါအား လှမ်းယူ၍ ...

''ရပါတယ်ဗျာ ... ကျုပ်လက်ချော်သွားလို့ ဖြစ်တာပါ၊ ကိစ္စမရှိပါဘူး၊ ကဲ မြသီရိ ... ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး''

ဟု ကော်ဖီရည်များအား သုတ်လျက် ပြောလိုက်၏။

''အခုလို အစ်ကိုစိုးရဲ့သတင်းကို တကူးတက လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ စုံထောက်ကြီးတို့သာ မပြောရင် သီရိဖြင့် အစ်ကိုစိုး သက်ရှိထင်ရှားရှိနေတယ်လို့သာ ထင်မိမှာပဲ၊ အစ်ကိုစိုးအတွက် ရည်စူးပြီး ကောင်းမှုပြုပေးပါ့မယ်ရှင်''





မြသီရိ၏ တုန်ယင်သောအသံဖြင့် ရေရွတ်သံမဆုံးမီပင် ဆားပုလင်းမင်းနောင်သည် ထိုင်ရာမှထ၍ တံခါးပေါက်သို့ ဦးတည်လိုက်၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် သူမအား နှုတ်ဆက်၍ ရေနံချေးအိမ်ကြီးမှ လှည့်ပြန်ခဲ့ကြလေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ညသို့ရောက်လျှင် ...

ကိုမင်းနောင်သည် ကျွန်ုပ်တို့အား ရန်ကုန်ပြန်နှင့်ရန် ၎င်းကမူ နောက်မှလိုက်လာမည်ဖြစ်ကြောင်း ပြောလေ၏။

ထို့ကြောင့် နောက်တစ်နေ့နံနက် ကျွန်ုပ်နှင့် အိုင်ပီစိန်ထွန်းသည် မီးရထားဖြင့် ပြန်ခဲ့ကြလေ၏။

ကျွန်ုပ်အိမ်သို့ ရောက်သောအခါ ဇနီးသည်စိန်စိန်ကြီးသည် ရွှန်းစွာပြုံးချိုသော အပြုံးဖြင့် ဆီးကြိုလေ၏။

ရုံးပြန်တက်သောနေ့၌မူ ဘိုရှုးပီတာသည် ကျွန်ုပ်အား ...

"စီအိုင်ဒီမှာ အမှုတွေပုံနေရင် ခင်ဗျားတို့ မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့မိတ်ဆွေကြီးကလည်း ပြောတော့ မိုးလားကဲလားနဲ့ မှော်ဘီသချိုင်းအမှုကို မဖော်နိုင်လို့ ဘယ်ရှောင်သွားပုန်းနေပြီလဲ မသိဘူး။ မင်းကြီးရုံးခန်းထဲ အမြန်ကြွပေတော့၊ ခင်ဗျားကို မုန့်ကျွေးဖို့ စောင့်နေတယ်"

ဟု စောင်းချိတ်ချိတ်၊ ရွဲ့တဲ့တဲ့စကားဆိုကာ ထွက်သွားလေ၏။

ကျွန်ုပ်သည် ဗိတာ့အား မကျေမနပ်စိတ်ဖြင့်ပင် မင်းကြီးရုံးခန်းဘက်သို့ လျှောက်ခဲ့ရ၏။

မင်းကြီးချားလ်ဘတ်သည် ကျွန်ုပ်အား မြင်လျှင် မျက်နှာတင်းမာလျက် ...

"စီအိုင်ဒီမှာ ကမ္ဘာ့ပျက်နေတာ မောင်မင်း သိရဲ့လား။ မှော်ဘီသချိုင်းလူသတ်မှု မပေါ်သေးတဲ့အပြင် ဖောက်ထွင်းမှုမျိုးစုံနဲ့ ကြုံနေရတယ်၊ ဆာဖွဲ့လင့်ခ်မင်းနောင် ဘယ်မှာလဲ"

ဟု ဒေါသသံဖြင့် မေးလေ၏။

ကျွန်ုပ်သည် မင်းကြီးအား အရိုအသေပြုလျက် ...

"မှော်ဘီသချိုင်းလူသတ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်မျိုး ခရီးထွက် စုံစမ်းနေတာပါ၊ ကိုမင်းနောင်က ကျွန်တော်မျိုးတို့ကို အခေါ်





မြန်လွှတ်တာပါ၊ မကြာခင် သူရောက်လာပါလိမ့်မယ်"

ဟု စကားမဆုံးမီပင် ...

"တိတ်စမ်း ... မောင်မင်းတို့ အလုပ်မှာ သိပ်ပေါ့လျော့ကြတယ်၊ ဆားပုလင်းမင်းနောင်လာလို့ အမှုမဖော်နိုင်ရင် မောင်မင်းတို့ သုံးယောက်လုံးကို မင်းဘူးဂတ် ရွှေ့ပစ်မယ်၊ ကြပ်ကြပ်သတိထားပါ"

ဟု ကြိမ်းမောင်းကာ ခြေသံပြင်းပြင်းနှင့်ထွက်သွား၏။

ကျွန်ုပ်မှာ မင်းကြီး၏ကြိမ်းမောင်းမှုကြောင့် များစွာ ခေါင်းနားပန်းကြီးရချေပြီ။

ထို့ကြောင့် လွန်စွာ ညစ်ညူးသောစိတ်ဖြင့် ရုံးခန်းတွင်းမှ ခေါင်းငိုက်စိုက်ကာ ထွက်ခဲ့လေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်မောင်ပြုံးချိုသည် မင်းကြီး၏ တာဝန်ပေးချက်အရ ဖောက်ထွင်းမှုများအား ဘိုရှူးဗိတာတို့နှင့် တွဲဖက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရလေ၏။

တစ်ခုသောနေ့လယ်ခင်း၌ ကျွန်ုပ်သည် ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ ဖောက်ထွင်းမှုနှင့်ပတ်သက်သည့် အစီရင်ခံစာအား ရေးသားနေလေ၏။

ထိုအခိုက်မှာပင် ပြာတာပေါက်စ၏ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆားပုလင်းမင်းနောင် ပြန်လာပြီ၊ ဆားပုလင်းမင်းနောင် လာပြီ"

ဟူသော အသံကျယ်ကြီးကို ကြားလိုက်ရ၏။

ကျွန်ုပ်သည် စာရွက်နှင့် ဖောင်တိန်ကို ပစ်ချကာ ခပ်မြန်မြန်ပင် ရုံးခန်းတွင်းမှ ထွက်ခဲ့၏။

ဗလေဇာကုတ်နှင့် ယောလုံချည်မတ်တတ်စင်းကို ဝတ်ဆင်ထားသည့် ကိုမင်းနောင်သည် ကျွန်ုပ်ရှိရာ လျှောက်လှမ်းလာ၏။

"ဟင် ... တစ်ယောက်တည်းလား ကိုမင်းနောင်၊ တရားခံရော"

ကျွန်ုပ်၏ အလောတကြီးအမေးကို ဆားပုလင်းမင်းနောင်သည် ခေါင်းခါယမ်းပြလေ၏။

"တရားခံမပါရင် ဒုက္ခပဲဗျို့၊ ကျုပ်တို့သုံးယောက်ကို မင်းဘူးပြောင်းရမယ်လို့ ဂျာပိုင်းကြီး ကြိမ်းနေပြီ"

ကျွန်ုပ်၏ ညည်းညူသံအဆုံးတွင် ကိုစိန်ထွန်းရောက်လာပြီး

"ကိုမင်းနောင်တို့ကတော့များ ... ခဏဆို နေခဲ့လိုက်တာ သုံးရက်တောင် ကြာတယ်၊ ခင်ဗျားကို မြင်ရမှ ရင်ထဲကအလုံးကြီး ကျတော့တယ်ဗျို့၊ ဒါနဲ့ တရားခံရော"





ဟု အလိုက်မသိ မေးပြန်၏။

ကျွန်ုပ်သည် ကိုစိန်ထွန်း၏လက်အား အသာကုတ်၍ မျက်ရိပ်ပြလိုက်ရ၏။

ကိုစိန်ထွန်းမှာ အခြေအနေကို သဘောပေါက်သွားပြီး ...

"ဒါဆိုရင်တော့ ကျုပ်တို့ မင်းဘူးဂိတ်နဲ့ နီးနေပြီ"

ဟု လွန်စွာ စိတ်ပျက်သောအသံဖြင့် ညည်းညူလိုက်လေ၏။

ဆားပုလင်းမင်းနောင်သည် ကျွန်ုပ်၏လက်အား ဆတ်ခနဲ ဆွဲယူ၍ တစ်ခါက ၎င်းကိုယ်တိုင် ဝတ်ခိုင်းသည့် ကြေးလက်စွပ်လေးကို ဆွဲချွတ်ကာ ...

"ဒါ မလိုတော့ဘူး"

ဟု ပြောလေ၏။

ထို့အတူ အိုင်ပီစိန်ထွန်း၏လက်မှ ငွေလက်စွပ်လေးကို ချွတ်ယူပြန်၏။

ကျွန်ုပ်တို့မှာ ကိုမင်းနောင်၏လုပ်ရပ်ကြောင့် နားမလည်နိုင်အောင် ဖြစ်သွားမိလေ၏။

ဆားပုလင်းမင်းနောင်မှာ ပိုလိုစီးကရက်အား မီးညှိဖွာရှိုက် သွက် ...



www.burmeseclassic.com

www.burmeseclassic.com



"မှော်တီသချိုင်း လူသတ်မှုနဲ့ ပတ်သက်တဲ့ လက်စွပ်လေးဟာ ကျုပ်လက်မှာ ဝတ်ထားတဲ့ ဖန်လက်စွပ်လေးပဲဗျ၊ ကဲ . . . အိုင်ဗီတို့ အားရင် ကျုပ်နဲ့ လိုက်ခဲ့ကြစမ်းပါ"

ဟု ပြောလေ၏။

"ဘယ်လိုလဲ ကိုမင်းနောင်"

ကျွန်ုပ်တို့ နှစ်ဦးမှာ ပြိုင်တူပင် မေးလိုက်မိ၏။

ကိုမင်းနောင်သည် စီးကရက်အား ပြာတောင့်ချွေလျက် . . .

"တရားခံ ဖမ်းမလို့ပေါ့ဗျာ"

ဟု ဖြေကာ လှည့်ထွက်သွားလေတော့၏။

❋ ❋ ❋



ဆားပုလင်းမင်းနောင်သည် ရုံးအပိုင် ဖို့ဒ်ကားစုတ်လေးကို ကျောက်မြောင်း (တာမွေ) ဘက်သို့ မောင်းနှင်သွားလေ၏။

ကျောက်မြောင်းရှိ ပျဉ်ထောင်အိမ်တစ်လုံး၏ ခြံရှေ့၌ ကားကို တုံ့ခနဲ ထိုးရပ်လိုက်၏။

ခြံဝ၌ ဘုတ်ပြားရေးဆွဲထားသဖြင့် ဖတ်ရှုကြည့်ရာ . . .

'မလေးရှားအစ်ချုပ်ဆိုင်'

ဟု ရေးသားထားသဖြင့် ကျွန်ုပ်က

"အိုင်ဆေးကိုမင်းနောင် . . . မလေးရှားဆိုတာ ခင်ဗျားနဲ့ ရွှေဝါကိုဓောင်းတန်းမှာ ဆုံဖူးတဲ့ ကလေးအမေ မဟုတ်လား၊ မလေးရှားက



www.burmeseclassic.com

www.burmeseclassic.com



မော်ဘီသချိုင်း လူသတ်မှုနဲ့ တရားခံဖြစ်နေတာ အံ့ဩစရာပဲဗျို့''

ဟု ပြောမိလေ၏။ ဆားပုလင်းမင်းနောင်က ...

"အိုင်စီရဲ့ အံ့ဩမှုဟာ မိနစ်ပိုင်းအတွင်း အဖြေသိရတော့မှာပါ။ ကဲ ... ကျုပ်တို့ အထဲဝင်ရအောင်''

ဟု ဆိုကာ ခြံဝသို့ လျှောက်သွားလေ၏။

ထိုအခိုက်မှာပင် ခြံထဲ၌ ဆော့ကစားနေသည့် ကလေးတစ်ဦးသည် ကျွန်ုပ်တို့အား မြင်သွားပြီး ...

"ဟာ ... လက်စွပ်ဝယ်ပေးတဲ့ ဦးလေးပါလား။ သမီးတို့အိမ်ကို လာတယ်''

ဟု အော်ဟစ်ကာ ကိုမင်းနောင်အား ပြေးဖက်လေ၏။

ဆားပုလင်းမင်းနောင်သည် ကလေးငယ်အား ပွေ့ချီလျက် အိမ်ပေါ်သို့ တက်သွားလေ၏။

အိမ်ပေါ်သို့ရောက်လျှင် ကလေးအမေနှင့်အတူ ယောဂီဝတ် အမျိုးသမီးကြီးတစ်ဦးကိုပါ တွေ့ရလေ၏။

ဆားပုလင်းမင်းနောင်သည် ကလေးငယ်အား ပွေ့ချီထားရာမှ ချလျက် မလှရီတို့ရှိရာ လျှောက်သွား၏။

"ဟယ် ... ဘယ်သူများလဲလို့ ဘုရားမှာဆုံခဲ့တဲ့ မောင်လေး





ပဲ အစ်မတို့အိမ်ကို လာလည်တာလားဟင်''

မလှရီသည် ထိုသို့ပြောဆိုလျက် ထိုင်ရာမှ ထရပ်လိုက်လေ၏။

"ကျွန်တော်က အင်းစိန်စီအိုင်ဒီက ဆားပုလင်းမင်းနောင်ပါ။ မော်ဘီသချိုင်း လူသတ်မှုနဲ့ပတ်သက်ပြီး တရားခံဖမ်းဖို့ မလှရီရဲ့ အိမ်ကို ရောက်လာတာပါ''

ဆားပုလင်းမင်းနောင်၏ စကားကိုကြားလျှင် မလှရီမှာ အံ့ဩဟန်ဖြင့် မျက်လုံးအစုံ ပြူးကျယ်သွားလေ၏။

"ဒေါ်မြထိပ်တင်ကို မော်ဘီသချိုင်းမှာအသတ်ခံရတဲ့ စိုးသိန်း သေဆုံးမှုနဲ့ ဖမ်းဆီးပါတယ်၊ ကဲ ဒေါ်မြထိပ်တင် ... ကျွန်တော်တို့နဲ့ အတူ စီအိုင်ဒီကို လိုက်ခဲ့ပါ''

ဆားပုလင်းမင်းနောင်၏ စကားကြောင့် ယောဂီအမျိုးသမီးကြီးထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့မျှ ထွက်ပေါ်လာ၏။

ထိုအခိုက်မှာပင် ...

"မော်ဘီသချိုင်း လူသတ်မှုရဲ့တရားခံဟာ ကျွန်မပဲ၊ ကျွန်မကိုသာ လက်ထိတ်ခတ်ပါ''

ဟူသောအသံကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မောင်ဖြိုးချို့နှင့် ကျန်လူအားလုံးသည် အသံရှင်အား လှည့်ကြည့်လိုက်ရာ မြသီရိကို တွေ့ရလေ၏။

"ဥပဒေမှာ မိသားစုမရှိဘူး မြသီရိ၊ ဆားပုလင်းမင်းနောင်ဆိုတဲ့ ကျုပ်က ခိုင်မာတဲ့ သက်သေအထောက်အထားရှိမှ တရားခံကို ဖမ်းဆီးပါတယ်၊ မိသားစုသံယောဇဉ်နဲ့ ဥပဒေကိုလှည့်စားဖို့ မကြိုးစားချင်ပါနဲ့ဗျာ"

ဆားပုလင်းမင်းနောင်၏ စကားဆုံးလျှင် . . .

"ဆားပုလင်းမင်းနောင် . . . အဒေါ်ဟာ မော်ဘီသချိုင်း လူသတ်မှုရဲ့ တရားခံပါပဲ၊ မြေးမလေးသီရိ . . . စိုးသိန်းလို ယုတ်မာရိုင်းစိုင်းတဲ့ လူယုတ်မာတစ်ယောက်ကို လက်တုံ့ပြန်ပြီး ကြိုးစင်တက်ရတာ အမေ ကျေနပ်ပါတယ်ကွယ်၊ ပြူလုပ်ခြင်းရဲ့ နောက်ကွယ်တိုင်းမှာ တန်ပြန်သက်ရောက်မှုတွေ ရှိပါတယ်၊ အမေ့ကို နောင်ဘဝထိ အထုံပါအောင် မလုပ်ပါနဲ့ မြေးလေးရယ်၊ အမေ့ရဲ့လုပ်ရပ်အတွက် အမေပြန်ပြီး ပေးဆပ်ပါရစေ"

ဒေါ်မြထိပ်တင်၏စကားကြောင့် မြသီရိသည် ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။

ကျွန်ုပ်တို့မှာ ၎င်းတို့မြေးအဘွားး၏အဖြစ်ကိုကြည့်၍ များစွာ





စိတ်မကောင်းဖြစ်မိလေ၏။

ဆားပုလင်းမင်းနောင်သည် သက်ပြင်းအသာချလျက် ဒေါ်မြထိပ်တင်ကို ခေါ်ဆောင်ကာ မလှရီ၏နေအိမ်မှ ထွက်ခွာခဲ့လေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မောင်ပြုံးချိုသည် တရားခံဒေါ်မြထိပ်တင် ဖြောင့်ချက်ပေးနေချိန်၌ ကိုမင်းနောင်အား . . .

"အိုင်ဆေးကိုမင်းနောင် . . . သဲလွန်စ ခြေရာကောက်ပုံလေး ရှင်းစမ်းပါဦးဗျူ ဗဟုသုတအနေနဲ့ မှတ်ထားချင်လို့ပါ"

ဟု မေးမိလေ၏။

ထိုအခါ ဆားပုလင်းမင်းနောင်က ပိုလိုစီးကရက်အား ဖွာရှိုက်လျက် . . .

"အိုင်ပီသိတဲ့အတိုင်း ပထမသဲလွန်စကို သေသူရဲ့ ကုတ်အင်္ကျီမှာပါတဲ့ မိုးဖြူအပ်ချုပ်ဆိုင်ဆိုတဲ့ တံဆိပ်လေးက စခဲ့တယ်၊

ရွှေမင်းသမီးစာပေ "

www.burmeseclassic.com

ဦးမိုးမြူဆီကနေ သေခဲ့သူဟာ မော်လမြိုင်ဇာတိဆိုတာ သိခဲ့ရတယ်၊ ဒါကြောင့် ကျုပ်တို့ မော်လမြိုင်ကို လိုက်သွားပြီး ဌာနအုပ်ကတစ်ဆင့် မြသီရိတို့အိမ်ကို ရောက်သွားခဲ့တယ်၊ ကျုပ်တို့ စုံထောက်တွေမှန်းသိတော့ မြသီရိဟာ အမူအရာပျက်နေတာ ရိပ်စားမိတယ် ...။

အဲဒီမှာ အိုင်ပီတော့ သတိထားမိသလား မပြောတတ်ဘူး ... စားပွဲခုံပေါ်မှာ တင်ထားတဲ့ ဗလာစာအုပ်လေးလေ၊ ဗလာစာအုပ်ရဲ့ အောက်နားမှာ ခွေးတံဆိပ်ခဲတံနဲ့ 'မလှရီ အပ်ချုပ်ဆိုင်၊ ကျောက်မြောင်း/တာမွေ၊ ရန်ကုန်' ဆိုတဲ့ စာကို တွေ့လိုက်ရတယ်၊ အဲဒီအချိန်မှာပဲ အိမ်စေမိန်းကလေးဟာ ကျုပ်တို့အတွက် စားသောက်ဖွယ်ရာတွေ လာချပေးခဲ့တယ် ...။

တကယ်တော့ ကော်ဖီတွေဖိတ်ကုန်တာဟာ ကျုပ်ရဲ့လုပ်ကြံမှုပါပဲ၊ မြသီရိပေးတဲ့ လက်ကိုင်ပဝါလေးကတစ်ဆင့် သူ့ရဲ့ လက်ဗွေရာကို ကျုပ်ရခဲ့တယ်၊ အလောင်းကလက်ဗွေရာနဲ့ မြသီရိရဲ့လက်ဗွေရာကို တိုက်ကြည့်တော့ မတူဘူးဗျ၊ ဒါကြောင့် တရားခံဟာ မြသီရိ မဟုတ်ဘူးဆိုတာ သိခဲ့ရတယ် ...။

အိုင်ပီတို့ကို ပြန်လွှတ်ပြီး ဆက်စုံစမ်းတဲ့အခါ မြသီရိရဲ့အဘွား ဒေါ်မြထိပ်တင်ဟာ မုဒုံဘက်မှာရှိတဲ့ ရိပ်သာတစ်ခုမှာ တရားအားထုတ်





ခဲ့တာ သိခဲ့ရတယ်၊ ဒါကြောင့် ရိပ်သာကို သွားပြီးစုံစမ်းတဲ့အခါ ဒေါ်မြထိပ်တင်ဟာ ရိပ်သာမှာ သိကျွမ်းခဲ့တဲ့ မလှရီနဲ့ လိုက်ပါသွားကြောင်းကို သိရှိခဲ့ရတယ် ...။

ဒေါ်မြထိပ်တင်ကို တရားခံဖြစ်ကြောင်း ခိုင်လုံတဲ့သက်သေကတော့ ယောဂီတဘက်လေး တစ်ထည်ပါပဲ၊ ရိပ်သာရောက်တော့ ယောဂီအဖွဲ့ခေါင်းဆောင်ဟာ ကျုပ်ကို ဒေါ်မြထိပ်တင်ရဲ့ ဆွေမျိုးထင်ပြီး သူကျန်ခဲ့တဲ့ တဘက်လေးကို ပြန်ပေးခဲ့တယ် ...။

တဘက်လေးက လက်ဗွေရာနဲ့ သေသူရဲ့အင်္ကျီမှာကျန်ခဲ့တဲ့ လက်ဗွေရာကို တိုက်ကြည့်တဲ့အခါ တရားခံဟာ ဒေါ်မြထိပ်တင်ဆိုတာ ဘွင်းဘွင်းကြီး ပေါ်လာတော့တာ ပါပဲဗျာ''

ဟု ရှင်းလင်းပြလေ၏။

ကျွန်ုပ်သည် ကိုမင်းနောင်၏ စကားဆုံးသောအခါ လေပူတစ်ချက် မှုတ်ထုတ်လျက် ...

''ဟင်း ... ဒေါ်မြထိပ်တင် သနားစရာဗျာ၊ အိုကြီးအိုမနဲ့ ကြိုးစင်တက်ရမယ့်အဖြစ်က အတော့်ကို စိတ်မကောင်းစရာပဲဗျ၊ သူ့ကြည့်ရတာ ဘာသာရေးလိုက်စားပြီး ရိုးသားသိမ်မွေ့ပုံရတယ်၊ ဒီလို အမျိုးသမီးကြီးတစ်ယောက်က ယောကျ်ားရင့်မာကြီးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မသေမချင်း သတ်နိုင်တာ အံ့ဩစရာပဲဗျို့၊ ဒါနဲ့ ဒေါ်မြထိပ်တင်ဟာ စိုးသိန်းကို ဘယ်လို ကိရိယာများသုံးပြီး သတ်ခဲ့တာလဲဗျ''

ဟု မေးမြန်းမိလေ၏။

ဆားပုလင်းမင်းနောင်သည် အဝေးဆီသို့ ငေးမောကြည့်လျက် ...

"တရားခံဟာ ကြယ်ပုံသဏ္ဍာန် အိမ်မိုးသွပ်စကို အသုံးပြုပြီး လူသတ်မှုကို ကျူးလွန်ခဲ့တာပဲ အိုင်ပီ၊ တကယ်တော့ ဒီလူသတ်မှုဟာ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတဲ့ စကားအတိုင်း နာကြည်းမှုသေးသေးလေးတွေကနေ လူသတ်မှုကျူးလွန်တဲ့အဆင့်ထိ ရောက်ခဲ့ရခြင်း ဖြစ်တယ်၊ အိုင်ပီစိတ်ဝင်စားရင် တရားခံဒေါ်မြထိပ်တင်ရဲ့ ဖြောင့်ချက်မှတ်တမ်းကို ဖတ်ကြည့်ပေါ့ဗျာ''

ဟုဆိုကာ ထွက်ခွာသွားလေ၏။

ကိုမင်းနောင်ထွက်သွားသောအခါ ကျွန်ုပ်သည် ဒေါ်မြထိပ်တင်၏အမှုအား များစွာ စိတ်ဝင်စားသွားရလေ၏။

ထို့ကြောင့် ရုံးအားလပ်ရက်၌ ဒေါ်မြထိပ်တင်၏ ဖြောင့်ချက်မှတ်တမ်းအား စိမ်ပြေနပြေ ဖတ်ရှုမိလေ၏။

ထိုသို့ ဖတ်ရှုမိပြီးနောက် ကျွန်ုပ်သည် စာရေးသားချင်စိတ်





များ တဖွားဖွား ဖြစ်ပေါ်လာ၏။

ကျွန်ုပ်၏ အလွန်အဖိုးတန်သော အိပ်ချိန်များအားဖဲ့ယူ၍ နေ့ညမပြတ် စိုက်စိုက်ကြီး၏ ပြုပြင်မှုကို လည်စင်းခံကာ အမှုတွဲအား ဝတ္ထုအဖြစ် စတင်ရေးဖွဲ့မိချေတော့၏။

ဤတွင် ကျွန်ုပ်မောင်ပြုံးချို ရေးသားသော "ဆားပုလင်းမင်းနောင်နှင့် ထီးဖြူဆောင်းမယ်တော်'' ဝတ္ထုကြီး စတင်လေတော့၏။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

အညာဒေသရှိ ရွှေပန်းသီးဆေးလိပ်ခုံအတွင်း၌ အလုပ်သမများသည် စကားတပြောပြောဖြင့် အလုပ်များ လုပ်ကိုင်လျက်ရှိကြလေ၏။

ထိုစဉ် ဆေးလိပ်ခုံအတွင်းသို့ သနပ်ခါးအဖွေးသားနှင့် ကြော့နေအောင် ပြင်ထားသည့် မိန်းမပျိုတစ်ဦးသည် ဆင်မယဉ်သာဟန်ဖြင့် လှမ်းဝင်လာ၏။

ဖက်ချိုးနေသည့် အလုပ်သမများသည် သူမကိုမြင်လျှင် ...

"အောင်မယ်လေးနော် ... အေးချိုတို့များ ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြည့် ကြောနေတာပဲ၊ ညည်းအလုပ်ဆင်းတဲ့အချိန်က ထမင်းစားချိန် ရောက်တော့မယ်အေ့"

ဟု တစ်ယောက်တစ်ပေါက် လှမ်းပြောကြလေ၏။

အေးချိုဆိုသော မိန်းမပျိုသည် အလုပ်သမများအနီး ဝင်ထိုင်လျက် ...

"နောက်ကျဆို ကျုပ်အမေပေါ့တော်၊ ကျုပ်အကြောင်း သိလျက်နဲ့ သနပ်ခါးတုံး ကုန်နေတာကို ဝယ်မပေးထားဘူး၊ ကျုပ်က သနပ်ခါးဆို အပွေးပါးတာနဲ့ မလိမ်းတတ်ဘူး၊ ဒီမနက်မှ တစ်ဖက်ရွာသွားပြီး သနပ်ခါးတုံး ဝယ်ခိုင်းရတယ်၊ ဒါကြောင့် နောက်ကျနေတာတော့"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဂျမ်းဘုံဆိုသော အလုပ်သမက ...

"အေးချိုတို့များ ကံကောင်းချက်တော်၊ သူ့အမေ ဒေါ်အေးသာကြီးက သမီးဆို လုံးဝ အငြိုငြင်မခံဘူး၊ ကျုပ်တို့အမေတွေနဲ့များ ကွာပါ့၊ ဒီလို အောက်ခြေသိမ်းလုပ်ပေးတဲ့ မိခင်မျိုး ရထားတာ ညည်း သိပ်ကံကောင်းတယ် မိချိုရဲ့"

ဟု ဝင်ရောက်ပြောဆို၏။





ထိုအခိုက်မှာပင် ရွှေပန်းသီးဆေးလိပ်ခုံပိုင်ရှင် ဒေါ်တင်ကြီးသည် အလုပ်သမများအနီးသို့ ရောက်လာပြီး ...

"ကောင်မတွေ တွတ်ထိုးမနေနဲ့စမ်း၊ အားလုံးကို ပြောစရာရှိတယ်၊ သန်ဘက်ခါကျရင် တစ်ဖက်ရွာမှာ ငါ့မောင်လေးရဲ့ မင်္ဂလာဆောင်ရှိတယ်၊ ညည်းတို့အားလုံး မနက်ဖြန်မှာ တစ်ဖက်ရွာသွားပြီး ချက်ပြုတ်ရေးလုပ်ရမယ်၊ ဒါ့ကြောင့် မနက်ဖြန် ခုံပိတ်တယ်၊ အားလုံး မနက်ရှစ်နာရီ အရောက်လာရမယ်၊ ညည်းတို့အတွက် လှည်းစီစဉ်ပေးထားတယ်၊ ကြားကြသလား"

ဟု ပြောလိုက်ရာ အလုပ်သမများသည် များစွာ ပျော်ရွှင်သွားကြလေ၏။

ခုံပိုင်ရှင် ဒေါ်ကြီးတင် ထွက်သွားလျှင် အလုပ်သမများ၏ တစ်ယောက်တစ်ပေါက်အသံများ ပွက်လောရိုက်သွားလေ၏။

"မနက်ဖြန် ခုံပိတ်တော့ ပျော်စရာကြီး၊ ကျုပ်က မင်္ဂလာပွဲတို့ ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ သိပ်လုပ်ကိုင်ချင်တာတော့ ... ဟီး ဟီး၊ သတို့သမီး ဘာတွေဝတ်ထားမလဲ မသိဘူး၊ မင်္ဂလာဆောင်တွေမှာ သတို့သမီးတွေကိုကြည့်ပြီး အားကျရတာ၊ သိပ်စိတ်လှုပ်ရှားဖို့ကောင်းတယ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တစ်နေ့ ဆေးလိပ်တွေချည်း လိပ်ရတာ လက်တွေနာလှပြီ ဒေါ်ကြီးတင်တို့များ သူ့မောင် မင်္ဂလာဆောင်မှပဲ ခုံပိတ်တော့တယ်၊ ဒါတောင် အကောင်းပိတ်တာ မဟုတ်ဘူး၊ ဟိုမှာ ချွေးတလုံးလုံးနဲ့ သွားပြီး ချက်ပြုတ်ပေးရမှာ၊ ဘာပဲဖြစ်ဖြစ် တစ်ဖက်ရွာကို လှည်းလေးနဲ့ သွားရမယ်ဆိုတော့ စိတ်ပြေလက်ပျောက်တော့ ဖြစ်ပါတယ်လေ"

"ဟဲ့ အေးစိန်မ ... ဒေါ်ကြီးတင် ခုံမပိတ်တာကိုပဲ ညည်းက အပြစ်ပြောနေသေးတယ်၊ ဘဝမမေ့နဲ့ ကောင်မရေ၊ ကျုပ်တို့ဘဝတွေက တစ်နေ့လုပ်မှ တစ်နေ့စားရမှာ မဟုတ်လား၊ မနက်ဖြန် ခုံပိတ်တော့ နေ့တွက် ဘယ်ရတော့မလဲ၊ နေ့တွက်မရတဲ့အပြင် မင်္ဂလာဆောင်မှာ သွားလုပ်ပေးရဦးမှာ၊ မနက်ဖြန် ကျုပ်တို့ ရေသောက်ဗိုက်မှောက်ရမယ့်နေ့ပဲအေ့"

ဂျမ်းဘုံ၏စကားကြောင့် မအေးချိုက ...

"အို မဂျမ်းကလည်း ... ကျုပ်တို့သွားလုပ်ပေးရမှာက ဗိုက်ဆံရှိ မင်္ဂလာဆောင်ပါတော်၊ ကျုပ်တို့ကို ဗိုက်ကားအောင် ကျွေးမှာသေချာတယ်၊ အဟိ ကျုပ်ကတော့ ညနေ အိမ်ကို စောစောပြန်မယ်၊ မနက်ဖြန်ဝတ်ဖို့အတွက် အမေ့ကို ဝတ်စုံကောင်းကောင်းလေး စီစဉ်





ခိုင်းရမယ်၊ တောင်းမှာအကွပ် လူမှာအဝတ်တဲ့တော်၊ အဝတ်ကောင်းကောင်းလေး ဝတ်သွားမှ ကျုပ်တို့ ဂုဏ်မငယ်ရမှာ"

ဟု စိတ်အားတက်ကြွစွာ ပြောလိုက်လေ၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

"သမီးရယ် ကိုယ့်မှာလည်း အဝတ်တွေရှိနေတာပဲ၊ ရှိတာလေးပဲ ဝတ်သွားပါလားကွယ်၊ ငါ့သမီးလေးက ရုပ်အခံရှိတော့ ဘာဝတ်ဝတ် လှပြီးသားပါကွယ်"

မိခင်ဖြစ်သူ ဒေါ်အေးသာ၏စကားကြောင့် မအေးချိုသည် ခြေဆောင့်နင်းလျက် . . .

"ဘာမှလာမပြောနဲ့၊ မသိဘူး၊ ကျုပ်မှာရှိတာ အစုတ်တွေချည်းပဲ၊ ကျုပ်သွားပြီး လုပ်ကိုင်ပေးရမှာက ပဲပြုတ်သည်ရဲ့ မင်္ဂလာပွဲမဟုတ်ဘူး။ ခုံပိုင်ရှင်ဒေါ်ကြီးတင်တို့က ဒီရွာတစ်ကြောမှာ အချမ်းသာဆုံး လူတွေ၊ သူတို့ပွဲကို ငွေရှိတဲ့လူတွေချည်း လာကြမှာ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ထုံးဝ မျက်နှာငယ်မခံနိုင်ဘူး။ ဒီတော့ အမေ အမြန်ဆုံး ဒေါ်ဘုမဆီက ကောင်းမပေ့ဆိုတဲ့ဝတ်စုံနဲ့ လက်ဝတ်ရတနာတွေ ငှားပေးပါ၊ ဒါပဲ''

ဟု ပြောဆိုကာ ထွက်သွားလေ၏။

ဒေါ်အေးသာတစ်ယောက် သမီးဖြစ်သူ၏ စကားများကြောင့် များစွာ ရင်မောသွားရ၏။

ဒေါ်ဘုမဆိုတာက အလှူပွဲတွေအတွက် ဝတ်စုံနဲ့ လက်ဝတ်ရတနာတွေကို ငှားရမ်းပေးသူ။

ငှားရမ်းခအဖြစ် ဆန်သုံးပြည်ဖိုးလောက် ပေးရသဖြင့် ဒေါ်အေးသာ ရင်မောသွားရခြင်း ဖြစ်၏။

ထိုငှားရမ်းခငွေအား သူမ မည်သို့ ရှာရမည်နည်း။

အတွေးများဖြင့် ဒေါ်အေးသာတစ်ယောက် ခေါင်းမီးတောက်လျက် ရှိလေ၏။

မည်သို့မျှ ကြံရာမရသည့်အဆုံးတွင် နားရှိ ကျောက်ပွင့်နားကပ်လေးကို စမ်းမိကာ ...

''အင်း ... ဒီနားကပ်လေးထားပြီးတော့ ဝတ်စုံငှားမှပဲ ရတော့မယ်၊ အိမ်ထောင်ဦးပစ္စည်းဖြစ်တဲ့ ဒီနားကပ်လေးကို အစကတော့ ငါသေမှပဲ ချွတ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမဲ့ အခု ငါ့သမီးလေး





မျက်နှာမငယ်ဖို့အတွက် ချွတ်ရတော့မယ်၊ အို ... ပစ္စည်းသေခါရုပ်ပျေ့ ငါ့ဘဝမှာ သမီးလေးအေးချိုကလွဲရင် ဘာမှ အရေးမကြီးပါဘူး။ နေတောင်စောင်းနေပြီ၊ ဘုမဆီ အမြန်သွားမှ ဖြစ်မယ်''

ဒေါ်အေးသာတစ်ယောက် စိတ်ဆုံးဖြတ်ကာ ဒေါ်ဘုမဆီသို့ ထွက်ခဲ့လေ၏။

ဒေါ်ဘုမဆီမှ ပြန်လာသောအခါ မအေးချိုတစ်ယောက် မိခင်ယူလာသည့် ပစ္စည်းများကို ဝတ်ဆင်ကြည့်ရင်း အကျေနပ်ကြီး ကျေနပ်သွားလေ၏။

နောက်တစ်နေ့သို့ရောက်လျှင် မအေးချိုသည် သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်း၏။

ဒေါ်ဘုမထံမှ ငှားရမ်းထားသည့် ချိတ်ထဘီနှင့် ပဒုပ်ပါအင်္ကျီ ရှန်းစေ့ရောင်အား ဝတ်ဆင်ကာ လက်ဝတ်ရတနာများ ဆင်မြန်း လိုက်လေ၏။

ဒေါ်အေးသာတစ်ယောက် သမီးဖြစ်သူအား ကြည့်ရှုလျက် ...

''အင်း ... ငါ့သမီးလေးဟာ အကျိုးပေးမကောင်းလို့ ငါ့လို ဆင်းရဲမဆီမှာ ဝင်စားရပေမယ့် တကယ့်ကို နန်းထိုက်တဲ့ တော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သစင်လေးပါလား၊ ငါ့သမီးလေး လင်ကောင်းသားကောင်းရရင်ဖြင့် ငါ သေပျော်ပါပြီ''

ဟု တွေးတောကာ ပီတိဖြာလျက် ရှိလေ၏။

မအေးချိုတစ်ယောက် ဒေါ်ကြီးတင်၏အိမ်သို့ရောက်လျှင် အလုပ်သမများသည် ...

''ဟယ် အေးချိုမရယ် ... နတ်ရေကန်ထဲများ ပြုတ်ကျခဲ့ရော့သလား၊ လှလိုက်တာဟယ်၊ အံမယ် အံမယ် ... ရွှေတွေကလည်း ဝတ်ထားသေး၊ ညည်းကိုသာမြင်ရင် ဓာတ်ရှင်မင်းသမီးတွေ ထိုင်ငိုမှာ သေချာတယ်အေ့''

''ဟုတ်ပါရဲ့အေ ...၊ အဝေးကတည်းက ကြည့်နေတာ ဘယ်က သူဌေးသမီးများလဲလို့ အေးချိုရယ်၊ ညည်းလှတာကို ကြည့်ပြီး မနာလိုတောင် ဖြစ်လာပြီဟေ့''

အလုပ်သမများ၏ တစ်ယောက်တစ်ပေါက် ချီးမွမ်းသံများကြောင့် မအေးချိုတစ်ယောက် သဘောအကျကြီးကျသွားတော့၏။

လှည်းထွက်ခါနီးအချိန် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ကြီးတင် ရောက်ရှိလာပြီး အေးချိုကိုမြင်လျှင် ...

''ဒီလိုကျတော့လည်း အေးချိုမက မြို့သူလေးကျနေတာပဲ





ငါ့ခုံမှာ ညည်းက ရုပ်အထွက်ဆုံးပဲအေ့၊ ဒီတော့ မနက်ဖြန် မင်္ဂလာပွဲကို ညည်းလာရမယ်''

ဟု ပြောလိုက်ရာ ကျန်အလုပ်သမများမှာ မျက်နှာရှုံ့မဲ့သွားကြကုန်၏။

ဤသို့ဖြင့် ရွှေပန်းသီးဆေးလိပ်ခုံ၏ အလုပ်သမများသည် တစ်ဖက်ရွာ မင်္ဂလာပွဲအတွက် အဖွဲ့လိုက်သွားရောက် ချက်ပြုတ်ပေးရလေ၏။

မင်္ဂလာပွဲနေ့သို့ရောက်လျှင် မအေးချိုမှာ ဒေါ်ဘုမထံမှ ငှားရမ်းထားသော ဝတ်စုံဖြင့် အလှကြီးလှလျက် ရှိလေ၏။

သတို့သားသည် မိုးကျနတ်သမီးသမျှ လှပလွန်းသော မအေးချိုအား ခိုးခိုးကြည့်သဖြင့် သတို့သမီး၏ ဗိုက်ခေါက်ဆွဲလိမ်ခြင်းကို အကြိမ်ကြိမ်ခံနေရှာ၏။

မအေးချိုမှာ စားသောက်ဝိုင်းများသို့ ပန်းကန်များ လိုက်လံချပေးရင်း မနားနိုင်အောင် ရှိလေ၏။

ထိုအခိုက်မှာပင် ...

ဒေါ်ကြီးတင် အနားရောက်လာကာ သူမအား လက်ကုတ်ခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးတင်သည် သူမအား ကတ္တီပါကော်ဇောများခင်းထားသည့် အထူးဝိုင်းတစ်ခုသို့ ခေါ်ဆောင်သွားလေ၏။

"သူက မတင်တို့ ဆေးလိပ်ခုံကလေ၊ မအေးချိုလို့ ခေါ်တယ်ကွဲ၊ အေးချို . . . ဟောဒါက မော်လမြိုင်မြို့မှာ ဆန်စက်, ဆီစက်တွေ လက်ညှိုးထိုးမလွဲအောင် ပိုင်တဲ့ စက်သူဌေး ဦးမြဆိုင်တဲ့ကွဲ . . . ဟင်း ဟင်း ဟင်း"

ဒေါ်ကြီးတင်သည် အထူးဝိုင်း၌ တစ်ဦးတည်းထိုင်နေသော ရွှေကိုင်းမျက်မှန်နှင့် လူကြီးတစ်ဦးနှင့် မိတ်ဆက်ပေးလေ၏။

မအေးချိုမှာ စက်သူဌေးဟူသောအသိကြောင့် မော့်၍ပင် မကြည့်ဝံ့ဘဲ . . .

"ဟုတ် ဟုတ်ကဲ့ပါ . . . သူဌေးမင်း လိုအပ်တာရှိရင် ပြောပါ။ ခုလို စက်သူဌေးမင်းနဲ့ သိကျွမ်းရတာ အေးချိုဖြင့် အိပ်မက် မက်သလားတောင် ထင်မိပါတယ်ရှင်"

ဟု ပြောလိုက်လေ၏။

စက်သူဌေး ဦးမြဆိုင်မှာ သူမ၏ ပွင့်လင်းစွာပြောလိုက်သော စကားကြောင့် သဘောကျသွားကာ . . .

"အေးချိုက တကယ့်ကို ပွင့်လင်းတာပဲနော်၊ ကျုပ်ကလည်း





ဘွင်းဘွင်းသမားပဲဗျ၊ ဒီလိုလူမျိုးဆို သိပ်သဘောကျတာဗျို့"

စက်သူဌေးစကားကြောင့် မအေးချိုမှာ မျက်နှာရဲလျက် ခေါင်းမဖော်ဝံ့နိုင်အောင် ရှိလေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့သို့ရောက်လျှင် . . .

ရွှေပန်းသီးဆေးလိပ်ခုံရှိ အလုပ်သမများသည် လုပ်ငန်းခွင်သို့ ပြန်ဝင်ကြရလေ၏။

မအေးချိုတစ်ယောက် ဖက်ချိုးနေရာမှ အဝယ်တော် မောင်လှ ရောက်ရှိလာပြီး . . .

"အေးချို . . . နင့်ကို ဒေါ်ကြီးတင် ခေါ်နေတယ်၊ မြန်မြန်သွားလိုက်"

ဟု ပြောသဖြင့် သူမမှာ လုပ်လက်စကို ရပ်လျက် ဒေါ်ကြီးတင်၏အိမ်ဘက်သို့ လျှောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ရှိုင် ဒေါ်ကြီးတင်သည် သူမကိုမြင်လျှင် ဝမ်းသာအားရ တန်းမြင့်ပြေးကြို၍ . . .

"ညည်းတော့ ထင်ပေါ်လို့ စင်တော်ကောက်ခံရပြီ အေးချို၊ ညည်း နေချင်းညချင်း သူဌေးမကြီး ဖြစ်တော့မယ်အေ့"

ဟု ပြောလိုက်ရာ မအေးချိုမှာ နားမလည်နိုင်စွာဖြင့် "ရှင်" ဟု ရေရွတ်လိုက်လေ၏။

"ရှင်မနေနဲ့အေ့ . . . ညည်း သူဌေးကတော်ဖြစ်ပြီ၊ စက်သူဌေး ကိုမြဆိုင်က ညည်းကို မျက်စိကျသွားပြီအေ့၊ မနေ့ကတည်းက ငါ ထင်တော့အထင်သား၊ ထမင်းပိုင်းတွေကို ပန်းကန်ချပေးနေတဲ့ အပျိုချောတွေ အများကြီးထဲမှာမှ ညည်းကိုခေါ်ခိုင်းတာလေ"

ဒေါ်ကြီးတင်၏စကားကြောင့် သူမ ထပ်မံ "ရှင်" လိုက်မိပြန်၏။

"ဩော် . . . ညည်းနှယ် တရှင်တည်း ရှင်နေတော့တာပဲ၊ မနေ့က ကိုမြဆိုင်က ညည်းကိုမြင်ပြီး မိတ်ဆက်ပေးပါလို့ တောင်းဆိုလို့ ငါ မိတ်ဆက်ပေးခဲ့ရတာအေ့၊ စက်သူဌေးတွေထဲမှာတော့ ကိုမြဆိုင်က လူရိုးလူမှန်တစ်ယောက်အေ့၊ မိန်းမကိစ္စလည်း သိပ်ကင်းရှင်းတယ်၊ ပြောစရာဆိုလို့ တစ်ခုပဲရှိတယ် . . . ခမျာ သနားစရာလည်း ကောင်းပါ





တယ်လေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမသေပြီး မုဆိုးဖိုဖြစ်နေတာ၊ ကလေးတစ်ယောက်အဖေ မုဆိုးဖိုလေးပေါ့၊ ကိုမြဆိုင်ဆိုတာ ဆယ်သက်စားမကုန်လောက်အောင် ကြွယ်ဝတာအေ့၊ ညည်းတော့ ရွှေပင်မှာ နားရပြီပဲ၊ ညည်းအတွက် ဝမ်းသာလိုက်တာအေ"

ဒေါ်ကြီးတင်သည် သူမအား ကိုမြဆိုင်နှင့်ပတ်သက်၍ မစားရ ဝမခန်း ပြောဆိုတော့၏။

ထို့နောက် သူမ၏သဘောထားကို မေးမြန်းရာ မအေးချိုက . . .

"ကျူပ်ကတော့ လက်မခံနိုင်စရာ မရှိပါဘူး၊ ဒါ ဒါပေမဲ့ သူက ကလေးဖအေကြီးတော့၊ သူ့ကလေးက ကျူပ်ကို လက်ခံပါ့မလား"

ဟု ပြောလိုက်ရာ ဒေါ်ကြီးတင်က . . .

"အိုအေ . . . ဒါတွေ ထည့်မတွေးစမ်းပါနဲ့၊ ဒီမယ် အေးချိုရဲ့ . . . လူရယ်လို့ ဖြစ်လာရင် တင့်တောင့်တင့်တယ်နေနိုင်ဖို့ သိပ်အရေးကြီးတယ်အေ့ . . . !

ဒီလိုအခွင့်အရေးမျိုးက ရခဲပါဘိကွယ်၊ ဟိုက တော်ရုံမိန်းမလောက် စိတ်ဝင်စားတာ မဟုတ်ဘူး၊ ညည်း တွေးကြည့်စမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



. . . သူ့လို စက်သူဌေးလေးရဲ့အနားမှာ ပိုက်ဆံဝါလား မိန်းမတွေ ဝိုင်းနေမှာပဲ၊ အားလုံးထဲမှာမှ ညည်းကို မျက်စိကျသွားအောင်အေ့ . . . ၊

သူက ညည်းကို ရပ်မိရပ်ဖတွေရှေ့မှာ တောင်းရမ်းပြီး တစ်ခါ တည်းကို ခေါ်သွားမှာတဲ့၊ မနေ့က မင်္ဂလာပွဲလာတဲ့ စိန်ပွဲစားတစ် ယောက်ဆီကလည်း စိန်တစ်ဆင်စာ ဝယ်ထားတယ်၊ အဲဒါနဲ့ ညည်းကို တင်တောင်းမှာဟဲ့၊ စိတ်ကူးမလွဲစမ်းနဲ့ အေးချိုရယ်၊ အခွင့်အရေး မသာလို့ပေါ့ . . . ငါဖြင့် နေရာချင်းတောင် လဲလိုက်ချင်ပါရဲ့''

ဟု ဆိုပြန်၏။

ထို့နောက်တွင်မူ မအေးချိုသည် မည်သို့မျှ မငြင်းသာတော့ ဘဲ စက်သူဌေးကိုမြဆိုင်အား ခေါင်းညိတ်လိုက်လေတော့၏။

❋ ❋ ❋



ဒေါ်အေးသာသည် . . .

သမီးဖြစ်သူအား စက်သူဌေးမှ တောင်းယူခြင်း ခံရသဖြင့် မျက်ရည်လည်မတတ် ဝမ်းသာနေရှာ၏။

ရပ်ရွာလူကြီးများရှေ့မှောက်၌ တောင်းရမ်းမည့်နေ့ရောက် လျှင် မအေးချိုသည် . . .

''ဒီမယ်အမေ . . . အမေက ကျုပ်လို အသားလည်း မဖြူ ဘူး ဆံပင်တွေကလည်း ဖြူနေသေးတယ်၊ အမေ့လို အိုတွန့်နေတဲ့ ရုပ်ကြီးကို သူဌေးမင်းမြင်ရင် ကျုပ်ကို ဘယ်လောက် အထင်သေး မလဲ . . . ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူဌေးမင်းလာရင် အမေ လုံးဝ အပြင်မထွက်ပါနဲ့၊ လူကြီးတွေမေးရင် အမေ နေမကောင်းဘူးလို့ ကျုပ် ကြည့်ပြောလိုက်မယ်"

ငိုထားမတတ်ချစ်ရသည့် သမီးဖြစ်သူ၏စကားများမှာ ဒေါ်အေးသာနားထဲသို့ သံရည်ပူလောင်းချသည့်နှယ် ...။

သမီးဖြစ်သူ၏စိတ်ဓာတ်အား အံ့ဩသွားရသလို များစွာ တုန်လှုပ်သွားမိလေ၏။

"သမီး သမီးရယ် ... အမေ့လို အိုတွန့်နေတဲ့ ရုပ်ကြီးကို သူဌေးမင်းမြင်ရင် အထင်သေးမတဲ့လား။ ဟုတ်လည်း ဟုတ်ပါရဲ့လေ၊ သမီးလေးက ငါ့သမီးသာဆိုတယ် ... ငါ့လို ရွက်ကြမ်းရေကျို အညာသူရုပ် မဟုတ်ဘူး၊ ခမျာ ရှက်ရှာမှာပေ့ါ ...၊

အဓိက,က ငါ့သမီးလေး သူဌေးမကြီးဖြစ်ဖို့ပဲ၊ ဒါမှ သူနေချင်သလို နေ, စားချင်သလို စားရမှာ၊ တောင်းရမ်းတဲ့ပွဲမှာ ငါမပါလို့ ဘာအရေးလဲ၊ ငါ့သမီးလေး စိတ်ချမ်းသာရင် ငါပျော်တယ်"

ဒေါ်အေးသာမှာ မျက်ရည်တလည်လည်ဖြင့် ထိုသို့တွေးမိပြီးနောက် မည်သို့မျှမဆိုတော့ဘဲ အိပ်ခန်းထဲ ဝင်သွားလေ၏။

အချိန်ကျရောက်သောအခါ ရွာသူကြီး၊ စက်သူဌေးကိုမြဆိုင်





နှင့် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ကြီးတင်တို့ ရောက်ရှိလာ၏။

ရွာသူကြီးသည် အိမ်ဦးခန်း၌ ခင်းထားသည့် သင်ဖြူးဖျာပေါ် ဝင်ထိုင်လျက် –

"ဟဲ့ အေးချို ... မအေးသာတစ်ယောက် မတွေ့ပါလား"

ဟု မေးမြန်း၏။

"မတွေ့ဆို အမေ ဖျားနေတယ် သူကြီးရဲ့၊ လေစိမ်းတိုက်မှာစိုးလို့ အခန်းထဲမှာပဲ နေနိုင်းရတယ်၊ အမေမရှိလည်း ဖြစ်တယ် မဟုတ်လား"

မအေးချို၏စကားကြောင့် သူကြီးလည်း ခေါင်းခါယမ်းလျက် ...

"မဟုတ်သေးပါဘူးဟာ ... မင်္ဂလာစကား ပြောဆိုတဲ့ကိစ္စမှာ မအေးသာ ရှိမှဖြစ်မှာပေ့ါ၊ အဖျားက ဘယ်လောက်ကြီးနေလို့လဲ၊ နေဦး ... ငါ ကြည့်ကြည့်ဦးမယ်"

ဟုဆိုကာ ဆိုးခနဲ ဆတ်ခနဲ အိပ်ခန်းအတွင်းသို့ ဝင်သွားလေ၏။

သူကြီး၏လုပ်ရပ်ကြောင့် မအေးချိုတစ်ယောက် မည်သို့လုပ်ရမည်မသိအောင် ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိပ်ခန်းတွင်းသို့ လိုက်ဝင်သွားရလေ၏။

"သိပ်ဖျားနေတာလား မအေးသာ၊ အဖျားမကြီးရင် အပြင်ထွက်ရမယ်ဗျ၊ သမီးရဲ့မင်္ဂလာကိစ္စကို မအေမပါတော့ ဘယ်ကောင်းမလဲဗျာ"

သူကြီး၏အမေးကြောင့် ဒေါ်အေးသာမှာ လှဲနေရာမှ ထထိုင်ရင်း ...

"ဟုတ် ဟုတ်တယ် သူကြီးရယ်၊ မနက်က ရေချိုးပြီးကတည်းက ချမ်းစိမ့်စိမ့်ကြီးဖြစ်ပြီး ဖျားချင်သလိုဖြစ်သွားတာပါ၊ မင်္ဂလာကိစ္စက သူကြီးနဲ့လည်း ပြီးပါတယ်ရှင်"

ဟု အားငယ်သံဖြင့် ပြောလိုက်၏။

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ မအေးသာရယ်၊ ကျုပ်က ရပ်ရွာသူကြီးပေမယ့် မအေးသာက သမီးရင်းမဟုတ်လား၊ မအေးသာကြည့်ရတာ သိပ်ဖျားပုံမရပါဘူး၊ လာပါဗျာ ... စက်သူဌေးလေးကို အားနာစရာကောင်းတယ်ဗျ၊ လာပါ"

သူကြီး၏စကားကြောင့် ဒေါ်အေးသာမှာ မည်သို့ပြောရမည်မသိမှုန်း ဖြစ်သွားရ၏။

"ကဲပါ အမေရယ် ... သူကြီးတို့ကို အားနာဖို့ကောင်းပါ





တယ်၊ အပြင်ထွက်လိုက်ပါ"

မအေးချို၏အပြောကြောင့် ဒေါ်အေးသာမှာ သမီးဖြစ်သူအား တွေတွေကြီးငေးစိုက်ကြည့်နေမိ၏။

ထို့နောက် သက်ပြင်းသဲ့သဲ့ချကာ ဆံထုံးကို ပြင်ထုံး၍ အခန်းပြင်ထွက်လိုက်လေ၏။

"ကျွန်တော့်နာမည် မြဆိုင်ပါ အဒေါ်၊ မော်လမြိုင်မြို့မှာ နေပါတယ်၊ ကျွန်တော်ဟာ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်ဖြစ်သလို မှဆိုးဖို့ ကလေးတစ်ယောက်အဖေလည်း ဖြစ်ပါတယ်၊ နားနဲ့မနာ ဓါးနဲ့နာပါ အဒေါ်ရယ် ... အဒေါ့်သမီး မအေးချိုကို မြင်မြင်ချင်းပဲ ကျွန်တော့်အနေနဲ့ မေတ္တာသက်ဝင်မိခဲ့ပါတယ်၊ ဒါကြောင့် လူကြီးစုံရာ ရှေ့မှာ ကျွန်တော့်ကို တောင်းရမ်းခွင့်ပြုပါ အဒေါ်"

စက်သူဌေးလေး ကိုမြဆိုင်၏ ရည်မွန်သောအပြောကြောင့် ဒေါ်အေးသာမှာ စိတ်တွင်းမှ ကျိတ်၍ ကျေနပ်သွားမိ၏။

"အဒေါ့်အနေနဲ့က မောင်ရင့်လိုလူတစ်ယောက်ကို သားသမက်အဖြစ် လက်မခံနိုင်စရာ မရှိပါဘူးကွယ်၊ အဒေါ့်ရဲ့ဘဝဟာ အောဒီက သမီးလေး မအေးချိုပါပဲ၊ သမီးလေး စိတ်ချမ်းသာရင် အဒေါ် ကျေနပ်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးသာထံမှ စကားကိုကြားလျှင် စက်သူဌေးလေး ကိုမြဆိုင်မှာ မျက်နှာဝင်းပသွားရှာ၏။

ထို့နောက် ကတ္တီပါအနီရောင်ဘူးတစ်ခုအား ကမ်းပေးကာ

"ဟောဒီ စိန်တစ်ဆင်စာနဲ့ မအေးချိုကို တင်တောင်းပါရစေ အဒေါ်"

ဒေါ်အေးသာမှာ ကတ္တီပါဘူးတွင်းမှ အရောင်ပြိုးပြက်နေသော စိန်ထည်များကိုကြည့်၍ လှမ်းယူရန် မဝံ့မရဲ ဖြစ်နေရှာ၏။

ထိုသို့ဖြစ်နေခြင်းကို မအေးချို ရိပ်စားမိသွားပြီး ...

"ဒါတွေက အေးချိုအတွက်မဟုတ်လား အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးကိုယ်တိုင် အေးချိုကို ဝတ်ပေးလေ"

ဟု ပြောလိုက်ရာ ကိုမြဆိုင်သည် စိန်များကို တစ်ခုချင်းယူ၍ မအေးချိုအား ဝတ်ဆင်ပေးလေ၏။

ဒေါ်အေးသာသည် စိန်ရောင်လက်နေသော သမီးဖြစ်သူကို ကြည့်ရှု၍ မျက်ရည်ရစ်ဝဲမတတ် ပီတိဖြာနေရှာတော့၏။

မင်္ဂလာစကားပြောဆိုမှု အပြီးတွင် ကိုမြဆိုင်သည် လက်မှ ရိုးလက်စ်နာရီကြီးကို ငုံ့ကြည့်၍ ...

"သင်္ဘောဆိပ်ကို ဆင်းကြရအောင် မအေးချို၊ တော်ကြာ





ကိုယ်တို့ နောက်ကျနေလိမ့်မယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ မအေးချိုသည် အိပ်ခန်းတွင်းဝင်၍ အသင့်ပြင်ထားသော ထန်းခေါက်ဖာအား ဝင်ယူလေ၏။ ပြီးနောက် ...

"အေးချိုသွားတော့မယ် အမေ၊ အမေ့ကျန်းမာရေး ဂရုစိုက်ပါ"

ဟု ပြောလိုက်လျှင် စက်သူဌေးလေး ကိုမြဆိုင်မှာ မျက်မှောင်ကြုတ်သွားပြီး ...

"ဟင် ... အဒေါ်က မအေးချိုနဲ့ တစ်ခါတည်း မလိုက်ဘူးလား၊ ဒီမှာ တစ်ယောက်တည်းကျန်ခဲ့ရင် မအေးချို စိတ်မချဖြစ်နေဦးမယ်၊ အဒေါ် ကျွန်တော်တို့နဲ့ လိုက်နေပါ၊ မအေးချိုအနားမှာ နေပေးပါ အဒေါ်"

ဟု ပြောလေ၏။

ကိုမြဆိုင်၏စကားကြောင့် မအေးချိုမှာ မျက်နှာပျက်သွားလေ၏။

ဒေါ်အေးသာသည် သမက်ဖြစ်သူထံမှ ကြားရသောစကားကြောင့် ဝမ်းသာစိတ် လှိုက်တက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သမီး၏မျက်နှာရိပ်ကိုကြည့်ကာ ငိုင်တွေနေမိလေ၏။

"ကဲပါ မအေးသာရယ်၊ ... သားသမီးတွေက ခေါ်နေပြီပဲ၊ လိုက်သွားလိုက်စမ်းပါဗျာ၊ တစ်လောကလုံးမှာ ပြေးကြည့်မှ သားအမိနှစ်ယောက်တည်း ရှိတဲ့ဟာကို၊ အဝတ်ထုပ်သာ ပြင်ပေတော့ဗျို့၊ တော်ကြာ သဘော်နောက်ကျမယ်"

ရပ်ရွာသူကြီး၏စကားကြောင့် ဒေါ်အေးသာတစ်ယောက် သက်ပြင်းချလျက် အဝတ်များ သိမ်းဆည်းရပေတော့၏။

❁ ❁ ❁



မအေးချို့တို့သားအမိမှာ ...

စက်သူဌေးလေး ကိုမြဆိုင်၏ ကောင်းမှုကြောင့် နေ့ချင်းညချင်းဆိုသလိုပင် သူဆင်းရဲဘဝမှ လူကုံထံဘဝသို့ ရောက်ရှိခဲ့လေ၏။

စက်သူဌေးကိုမြဆိုင်သည် စိတ်နေသဘောထား ကောင်းသည့်အပြင် ယောက္ခမဖြစ်သူ ဒေါ်အေးသာကိုလည်း မိဘနေရာထား၍ ဆက်ဆံသူဖြစ်၏။

မော်လမြိုင်မြို့ရှိ ကိုမြဆိုင်၏နေအိမ်သို့ ရောက်ရှိပြီးနောက် မအေးချိုသည် မိခင်ဖြစ်သူအား ...

"အခုဆိုရင် ကျွန်မတို့ဟာ မြို့မျက်နှာဖုံး လူချမ်းသာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီ၊ ဒါကြောင့် ကျွန်မတို့ရဲ့ ဆင်းရဲနွမ်းပါးခဲ့တဲ့ အတိတ်ကို မေ့ပစ်ရမယ်၊ တောကျတဲ့ နာမည်တွေကိုလည်း ပြောင်းပစ်ရမယ်၊ ကျွန်မဟာ မအေးချိုမဟုတ်တော့ဘူး၊ စက်သူဌေးကတော် မိမိလတ် ဖြစ်သွားပြီ၊ အမေကလည်း ဒေါ်အေးသာ မဟုတ်တော့ဘူး၊ စက်သူဌေးကတော် မိမိလတ်ရဲ့မိခင် ဒေါ်မြထိပ်တင် ဖြစ်သွားပြီ၊ အဲဒါကို အမေ မြဲမြဲမှတ်ထားရမယ်''

ဟု ဆိုလေ၏။

မအေးချိုတစ်ဖြစ်လဲ မိမိလတ်သည် အမည်နာမနှင့် အဝတ်အစား အပြင်အဆင် ပြောင်းလဲသွားသော်ငြား မိခင်ကို မချေမင်ဆက်ဆံသည့်စိတ်ဓာတ်ကား ပြောင်းလဲမသွားပေ။

ဒေါ်အေးသာ တစ်ဖြစ်လဲ ဒေါ်ထိပ်တင်လတ်မှာ ထိုအိမ်ကြီး၌ မိုးလင်းမှမိုးချုပ်တိုင် အောက်ခြေသိမ်း လုပ်ကိုင်ပေးရ၏။

ဒေါ်အေးသာသည် သမီးဖြစ်သူအား ချစ်သည့်စိတ်ဖြင့်ပင် သူ့မ,ခိုင်းစေသမျှ မညည်းမညူလုပ်ကိုင်ပေးခဲ့၏။

မိမိလတ်သည် လင်ပါသားဖြစ်သူ ငါးနှစ်အရွယ် မောင်စိုးသိန်းကို အလွန်ချစ်ခင်၏။

မောင်စိုးသိန်းမှာ လူရည်လည်ကာ ကလေးဖြစ်သည့်အပြင်





ဖခင်ဖြစ်သူနှင့် ဆန့်ကျင်ဘက်လည်း ဖြစ်၏။

မောင်စိုးသိန်းသည် အရွယ်နှင့်မမျှအောင်ရိုင်းစိုင်း၍ ဒေါ်အေးသာကို အိမ်စေသာသာ ဆက်ဆံတတ်၏။

သူသည် မိမိလတ်အား "မာမီ" ဟုခေါ်၍ ညာစားတတ်သလို ဒေါ်အေးသာအား "အဘွားကြီး" ဟုခေါ်၍ ခိုင်းစေတတ်၏။

တစ်ခုသောနေ့လယ်ခင်း၌ ...

မောင်စိုးသိန်းသည် ကတ်ကြေးတစ်လက်ဖြင့် စက္ကူများကို ညှပ်ကာ ဆော့ကစားနေ၏။

ဒေါ်အေးသာမှာ ထိုအဖြစ်ကိုမြင်တွေ့သွားပြီး ...

"ဟဲ့ ကလေး ... စက္ကူတွေကို မညှပ်ရဘူးလေ၊ အဲဒါ ထောက်တိတ်တတ်တယ် ကလေးရဲ့၊ အဘွားကို ကတ်ကြေးပေးစမ်း"

ဟုဆိုကာ မောင်စိုးသိန်းလက်မှ ကတ်ကြေးကို ဆွဲယူလေ၏။

မောင်စိုးသိန်းသည် ကတ်ကြေးကို မပေးဘဲ မရမက ပြန်လည်ဆွဲယူ၏။

"အဘွားကြီး သွားစမ်း၊ ကျုပ်ဟာကျုပ်ဆော့တာ ဘာဖြစ်လဲ ... မပေးဘူး မပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အနီးသို့ မိမိလတ် ရောက်ရှိလာပြီး ...

"အဲဒါ ဘာဖြစ်နေတာလဲ အမေ၊ ကလေးနဲ့ပြိုင်ပြီး လုနေရအောင် အမေ သူငယ်ပြန်နေပြီလား၊ မောင်စိုးသိန်း တစ်ခုခုဖြစ်လို့ကတော့ အမေ မလွယ်ဘူးမှတ်၊ သားလေး မာမီ့ဆီလာစမ်း"

ဟု မျက်နှာထားတင်းတင်းဖြင့် ပြောလေ၏။

မောင်စိုးသိန်းသည် ကတ်ကြေးကို ဆက်ခနဲဆွဲလု၍ မိမိလတ်အား ပြေးဖက်လိုက်၏။

"မဟုတ်ပါဘူး သမီးရယ်၊ ဒီကလေးက ကတ်ကြေးနဲ့ စက္ကူတွေ ညှပ်နေလို့ တားမိတာပါ၊ ဒါမျိုးက လာဘ်တိတ်တတ်တယ်လေ၊ ဒါကြောင့်ပါကွယ်"

ဒေါ်အေးသာ၏စကားကြောင့် မိမိလတ်သည် နှုတ်ခမ်းကို မဲ့ရွဲ့လျက် ...

"ဟင်း ဟင်း ဟင်း ... လာဘ်တိတ်စရာအကြောင်း ဘာမှ မရှိဘူး။ အစ်ကိုကြီးရှာထားတဲ့ စည်းစိမ်တွေက တစ်သက် စားမကုန်ဘူးရှင့်၊ အမေသာ ကလေးကို ရမယ်ရှာပြီး ပြိုင်လုနေတာ၊ နောင် ဒါမျိုး မဖြစ်ပါစေနဲ့"

ဟု ပြောဆိုက ခြေဆောင့်နင်းထွက်သွားလေ၏။





ဒေါ်အေးသာတစ်ယောက် သမီးဖြစ်သူ၏ မောက်မာသော စကားများကြောင့် ရင်ထဲ ဆို့တက်သွားရှာ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် . . .

အိမ်ထောင်သက်တစ်နှစ်ကျော်မျှ ကြာသောအခါ မိမိလတ်သည် "မြသီရိ" ဟူသည့် သမီးကလေးတစ်ယောက် မွေးဖွားခဲ့လေ၏။

မောင်စိုးသိန်းနှင့်မြသီရိတို့မှာ ခုနှစ်နှစ်နီးပါး ကွာခြား၍ အေအတူမအေကွဲ မောင်နှမများ ဖြစ်ခဲ့ရ၏။

မိမိလတ်သည် မြသီရိလေးကို မွေးဖွားပြီးချိန်မှစ၍ အရင်ထက် နုစ်ဆပိုမိုပြင်ဆင်၏။

မိုးလင်းမှ မိုးချုပ်တိုင်အောင် အိမ်ကပ်သည်ဟူ၍ မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းတကတော်၊ သူဌေးကတော်တို့၏ ပိုကာဝိုင်း၌သာ အချိန်ကုန်နေတတ်လေ၏။

ထို့ကြောင့် မြသီရိလေးမှာ ဘွားအေဖြစ်သူနှင့်ပင် အနေများရလေ၏။

ဘွားအေကိုပင် အမေဟုခေါ်၍ မိမိလတ်ကိုကား အမေလတ်ဟု ခေါ်ဆို၏။

ညအိပ်ချိန်၌လည်း မြသီရိလေးသည် မိခင်နှင့်အိပ်စက်ခွင့်မရဘဲ အဘွားနှင့်သာ အိပ်စက်ရလေ၏။

သားအချစ် မြေးအနှစ် ဆိုစကားအတိုင်း ဒေါ်မြထိပ်တင်တစ်ယောက် မြသီရိလေးအပေါ် အချစ်ပိုခဲ့၏။

ကလေးသဘာဝ မြသီရိလေး ဂျီကျသောညများ၌ ...

"ဂျီမကျပါနဲ့ မြေးမလေးရယ်၊ ဆိုးတဲ့ကလေးတွေဆို ထီးဖြူဆောင်းမယ်တော်က မကြိုက်ဘူးကွဲ့၊ ထီးဖြူဆောင်းမယ်တော်မကြိုက်ရင် ကလေးတွေကို အငိုမတိတ်အောင် လုပ်လိမ့်မယ်"

ဟုပြောလိုက်လျှင် မြသီရိလေးမှာ ငြိမ်ကျသွားတော့၏။

ပြီးလျှင် အဘွားဖြစ်သူ၏ ရင်ခွင်တွင်း ခေါင်းတိုးဝင်၍ ...

"ထီးဖြူဆောင်းမယ်တော်က ဘာလို့ ကလေးတွေငိုတာ





မကြိုက်တာလဲဟင်၊ သိရိသိချင်တယ် ... ပြောပြပါ"

ဟု မပီကလာ စကားဆို၏။

"ဟိုးရှေးရှေးတုန်းက တိုင်းပြည်ကြီးတစ်ခုမှာ ကလေးသူငယ်တွေကို သိပ်ချစ်တတ်တဲ့ ထီးဖြူဆောင်းမယ်တော်ဆိုတဲ့ အရိုးသမီးကြီးတစ်ဦး ရှိခဲ့ဖူးတယ်၊ သူဟာ လိမ္မာတဲ့ကလေးဆို အဝတ်အထည်တွေ၊ မုန့်ပဲသရေစာတွေ ပေးကမ်းတတ်သလို ဆိုးသွမ်းတဲ့ကလေးကိုတော့ မိုက်ခေါက်ကို လိမ်ဆွဲတတ်တယ်ကွဲ့ ...၊

တစ်ခါမှာတော့ တောပုန်းဓားပြကြီးတစ်ယောက်ဟာ တိုင်းပြည်မှာရှိတဲ့ ကလေးသူငယ်တွေကို ပြန်ပေးဆွဲ ခေါ်ဆောင်သွားပါလေရော၊ အဲဒီအခါမှာ ကလေးမိဘတွေဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်ကုန်ကြတာပေါ့ကွယ် ...၊

ဒီအချိန်မှာ တောပုန်းဓားပြကြီးက ဘုရင်ကြီးဆီကို စာပို့ခဲ့တယ်၊ ဖမ်းဆီးထားတဲ့ ကလေးတွေကိုပြန်လွှတ်ပေးချင်စေရင် သူ့ကို ထီးနန်းအပ်ရမယ်လို့ ခြိမ်းခြောက်ခဲ့တယ် ...၊

ဒီအကြောင်းကို ထီးဖြူဆောင်းမယ်တော် သိသွားတဲ့အခါ ဘုရင်ကြီးဆီ အခစားဝင်ပြီး တောပုန်းရဲ့လက်က ကလေးတွေကို သူ ရအောင်ကယ်တင်မယ်လို့ ပြောခဲ့တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ ထီးဖြူဆောင်းမယ်တော်ဟာ ဘုရင်ကြီးရဲ့ ရဲမက်စစ်သည်တွေကို ဦးဆောင်ပြီး တောပုန်းဓားပြအဖွဲ့ကို မြေလှန်ရှာဖွေခဲ့တယ်၊ ဓားပြတွေ ပုန်းအောင်းရာကို တွေ့တဲ့အခါ ထီးဖြူဆောင်းမယ်တော်ကိုယ်တိုင် ဦးဆောင်ပြီး ဓားပြအဖွဲ့ကို သုတ်သင်ခဲ့တယ် . . .၊

ပြီးတော့ ကလေးသူငယ်တွေကို သူတို့မိဘတွေဆီ ပြန်လည်အပ်နှံနိုင်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး သူတို့တိုင်းပြည်ကြီးမှာ ထီးဖြူဆောင်းမယ်တော်ရဲ့ ဂုဏ်သတင်းဟာ ဟိုးဟိုးကျော် ဖြစ်ခဲ့ရတယ်၊

ထီးဖြူဆောင်းမယ်တော်ကြီး ကွယ်လွန်တဲ့အခါ သူမရဲ့ ဝိညာဉ်ဟာ ကလေးတွေကို ကူညီစောင့်ရှောက်ပေးတယ်လို့ တိုင်းသူပြည်သားတိုင်း ယုံကြည်ခဲ့ကြတယ် . . .၊

ဒါကြောင့် သူတို့က ကလေးမျက်နှာမြင်တဲ့အခါတိုင်း ထီးဖြူဆောင်းမယ်တော်ကို ကလေးကို စောင့်ရှောက်ပေးဖို့ ပသမှုတွေပြုလုပ်ကြတယ်၊ ဆိုးသွမ်းတဲ့ ကလေးသူငယ်တွေကိုလည်း ထီးဖြူဆောင်းမယ်တော်က ဗိုက်ခေါက်ဆွဲလိမ်တတ်တယ်လို့ ယူဆခဲ့ကြတယ်ကွဲ့"

အဘွားဖြစ်သူ၏ စကားဆုံးလျှင် မြသီရိလေးမှာ မျက်လုံး





အဝိုင်းသားဖြင့် . . .

"ဒါဆို ထီးဖြူဆောင်းမယ်တော်က တန်ခိုးရှိတာပေါ့နော်၊ အစ်ကိုစိုးသိန်းက သီရိကို သိပ်အနိုင်ကျင့်တယ်၊ သူ့ကိုကျတော့ ထီးဖြူဆောင်းမယ်တော်က ဗိုက်ခေါက်ဆွဲမလိမ်ဘူးနော်"

ဟု ဆိုလိုက်ရာ ဒေါ်မြထိပ်တင်မှာ မြေးမလေး၏ခေါင်းကို ပွတ်သပ်လျက် . . .

"ဒီမယ် မြေးမလေးရဲ့ . . . မောင်စိုးသိန်းဟာ မြေးမလေးရဲ့ အစ်ကိုကြီးပါ၊ သူ ဘာပဲဖြစ်ဖြစ် ဘယ်တော့မှ အပြစ်မပြောရဘူးနော်၊ ကိုယ့်ထက်ကြီးတဲ့လူတွေကို ပြန်ပြောတယ်ဆိုတာ ဘုရားမကြိုက်တဲ့အလုပ်ကွဲ့"

ဟု ဆုံးမစကားဆို၏။

"အမေကရော သီရိ အန္တရာယ်တွေ့ရင် ထီးဖြူဆောင်းမယ်တော်လို သီရိဘက်က ရပ်တည်ပေးမှာလားဟင်"

အရွယ်နှင့်မလျော်အောင် စကားတတ်လွန်းသည့် မြသီရိလေး၏ အပြောကြောင့် ဒေါ်မြထိပ်တင်သည် သူမ၏ပါးကိုလိမ်ဆွဲလျက် . . .

"အမေ့ရဲ့ဘဝမှာ မြေးမလေးနဲ့ သမီးပဲ ရှိတာပါကွယ်၊ မြေးလေးတို့အတွက်ဆို အမေ ဘာပဲလုပ်ရ လုပ်ရပါ့၊ အမြတ်နိုး ရှုံးဆုံးက



www.burmeseclassic.com

www.burmeseclassic.com



နိုင်နေမှာပါကွယ်။ ဒါဟာ အမေ့ရဲ့သစ္စာစကားပါ မြေးရယ့်”

ဟု ဆိုလိုက်လေ၏။

ထို့နောက် ဒေါ်မြထိပ်တင်သည် ရွာမှ ထွက်လာစဉ်ကတည်းက ပါလာသော ထန်းခေါက်ဖာလေးကို ဖွင့်လိုက်လေ၏။

ဖာအတွင်းမှ ယွန်းဘူးလေးတစ်ခုကို ထုတ်ယူကာ ...

“ဒါဟာ မြေးမလေးရဲ့အဘိုး အမေ့ကိုပေးထားတဲ့ တစ်ခုသော အမွေပစ္စည်းပဲကွယ့်၊ ရော့ ... ဖွင့်ကြည့်ပါဦးကွယ်”

ဟုဆိုလျှင် မြသီရိသည် ယွန်းဘူးလေးကို လှမ်းယူလိုက်လေ၏။

“ဟင် ... အစိမ်းရောင်လက်စွပ်လေးပါလား။ သိရီ သဘောကျလိုက်တာ အမေရယ်”

“ဟုတ်တယ် မြေးရဲ့ ... ဒါကို ဖန်ချက်လက်စွပ်လေးလို့ ခေါ်တယ်၊ ဒီလက်စွပ်လေးဟာ အဖိုးမထိုက်တန်ပေမယ့် အမေ့အတွက်တော့ ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး၊ မြေးလေး ဒီဖန်လက်စွပ်လေးကို ဝတ်ထားရမယ်နော်၊ ဘယ်တော့မှ မချွတ်ရဘူး”

ဘွားအေကြီး၏စကားကြောင့် မြသီရိလေးမှာ ဖန်လက်စွပ်လေးကို လက်၌ ဝတ်ဆင်လျက် ...





“ဟုတ်ကဲ့ပါ အမေရဲ့ ... သီရိ ဘယ်တော့မှ မချွတ်ဘူး။ အမြဲဝတ်ထားမယ်နော်”

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

စက်သူဌေးဦးမြဆိုင်၏ ကားလေးသည် ခြံဝန်းအတွင်းသို့ တစ်ရှိန်ထိုး မောင်းနှင်လာ၏။

တိုက်ရှေ့ ဆင်ဝင်အောက်ရောက်လျှင် ကားပေါ်မှဆင်း၍ တံခါးကို ဂျိုးခနဲ ဆောင့်ပိတ်လိုက်၏။

ကျယ်လောင်သော တံခါးပိတ်သံကြောင့် ဒေါ်မြထိပ်တင်မှာ ရင်ထိတ်လျက် အိမ်ရှေ့သို့ ပြေးထွက်ခဲ့၏။

ညေ့ခန်းရှိ ဆိုဖာခုံ၌ကား မိမိလတ်မှာ ခြေချိတ်ထိုင်ကာ လူ့လောကမဂ္ဂဇင်းကို ဖတ်ရှုနေလေ၏။

ထိုစဉ် ...

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော့ကောင်စိုးသိန်း ထွက်ခဲ့စမ်း"

ဦးမြဆိုင်သည် ဒေါသတကြီးအော်ဟစ်လျက် အိမ်တွင်း ဝင်ရောက်လာ၏။

မြသီရိလေးမှာ ဖခင်ထံ အပြေးတစ်ပိုင်း လျှောက်သွားပြီး ...

"အစ်ကိုစိုး မရှိဘူး ဖေဖေ၊ မနက်တည်းက ထွက်သွားတာ ပြန်မလာသေးဘူး၊ အစ်ကိုစိုး ဘာဖြစ်လို့လဲ"

ဟု စိုးရိမ်တကြီး မေးမြန်းလိုက်၏။

"ဘာဖြစ်ရမှာလဲ ... ဒီကောင် ငါ့မျက်နှာကို ခွေးချေးသုတ်သွားတယ်၊ ဖအေက ဒီလောက် လိုလေသေးမရှိ ထားတာတောင် သူတောင်းစားအကျင့်ကို ကျင့်သွားတယ် ... တောက်"

ဦးမြဆိုင်၏ ဒေါသတကြီး ကြိမ်းမောင်းသံကြောင့် မိမိလတ်သည် ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ရင်း ...

"သားက ဘာအပြစ်လုပ်လို့ ဒီလောက် ဒေါသကြီးနေရတာလဲ အစ်ကိုကြီးရယ်၊ မိတို့နားလည်အောင် ရှင်းပြပါဦး၊ သမီးသီရိ ... နှင့်အဖေအတွက် သံပရာရည် သွားဖျော်စမ်း"

ဟု ပြောလိုက်လေ၏။

ဦးမြဆိုင်သည် ဆိုဖာခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလျက်





"ဒီကောင် သိပ်မိုက်တယ်၊ ဒီမယ် မိ ... ဒီကောင့်ကို ခု ချိန်ကစပြီး မုန့်ဖိုး လုံးဝမပေးနဲ့တော့၊ မိက ငွေကို အလျှံပယ်ပေးနေတာတောင် မိတမျက်နှာမထောက်ဘဲ သူများဆီက ငွေချေးရတယ်လို့ကွာ"

ဟု မချိတင်ကဲ ရေရွတ်လိုက်၏။

၎င်း၏စကားကြောင့် မိမိလတ်မှာ ရင်ဘတ်ဖိလျက် ...

"အလို ... သားက ငွေချေးတယ် ... ဟုတ်လား၊ ဘယ်သူ့ဆီက ဘယ်လောက်တောင် ချေးခဲ့လို့လဲ အစ်ကိုကြီးရယ်၊ သေချာ သေချာရဲ့လား"

ဟု မေးလိုက်လျှင် ဦးမြဆိုင်သည် မြသီရိယူလာသော သံပရာရည်အား တစ်ရှိန်ထိုးမော့သောက်လျက် ...

"မသေချာစရာ အကြောင်းမရှိဘူး မိ၊ ကိုယ့်မိတ်ဆွေ ဝန်ထောက်ဦးမောင်မောင်ဆီက ချေးသွားတာ ...ငွေငါးရာတောင်ကွ ငါးရာတောင်၊ သူ့လို ခုနစ်တန်းကို အကြိမ်ကြိမ်ကျတဲ့ကောင်က ငွေငါးရာကို ဘယ်နေရာ သုံးမလဲ၊ ဝန်ထောက်မင်းရှေ့မှာ ကိုယ် ဘယ်လောက် ရှက်ခဲ့ရသလဲ ...၊

မိ ဒီကောင့်ကို ကောင်းကောင်းဆုံးမဖို့ လိုနေပြီ ကိုယ်တ



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းတာမိုးချုပ် အလုပ်ထဲမှာပဲ အချိန်ကုန်နေတာ၊ တောက် . . . ဒီတောင်ပြန်လာမှ အသေလုပ်ပစ်ဦးမယ်''

"ငွေငါးရာများ အစ်ကိုကြီးရယ် . . . ငါးထောင်မှ မဟုတ်တာ၊ သားက ခုနစ်တန်းကို အကြိမ်ကြိမ်ကျပေမယ့် သူ့အပေါင်းအသင်းတွေက အဆင့်အတန်းရှိတဲ့ လူကြီးသားသမီးတွေချည်းပဲရှင့်၊ အပေါင်းအသင်းကြားထဲ ဝင်ဆံ့အောင်တော့ သားလေး သုံးပါစေ အစ်ကိုကြီးရယ် . . .၊

စိတ်ကိုလျှော့လိုက်ပါတော့၊ အစ်ကိုကြီးမှာ သွေးတိုးရောဂါရှိတာ မေ့မနေနဲ့လေ၊ ငွေငါးရာလောက်နဲ့ သားကို ဆူမနေပါနဲ့တော့၊ ဦးမောင်မောင်ကလည်း တကယ်ဆို မိကိုပြောသင့်တယ်၊ မနေ့ကတင် မင်းကတော်ဝိုင်းမှာ တွေ့ကြတဲ့ဟာ . . .၊

တမင်သက်သက် အစ်ကိုကြီးတို့သားအဖကို ကုန်းတိုက်ပေးနေတာရှင့်၊ ဘာမဟုတ်တဲ့ ငွေငါးရာလောက်နဲ့ . . . ဟွန်း''

ဇနီးသည်၏ မကျေမနပ်အပြောကြောင့် ဦးမြဆိုင်မှာ စိတ်ပြေသွားပြီး . . .

"ကဲပါ မိရယ် . . . ဝန်ထောက်မင်းက ကိုယ့်မျက်နှာကြောင့်ကူညီတဲ့ဟာ၊ အပြစ်ပြောမနေပါနဲ့တော့၊ မိသာ ဒီကောင့်ကို နိုင်အောင်





ထိန်းစမ်းပါ''

ဟု ပြောဆိုကာ အပေါ်ထပ်သို့ တက်သွားလေ၏။

ထိုအခိုက်မှာပင် လေကလေးတချွန်ချွန်ဖြင့် စိုးသိန်း ပြန်ရောက်လာ၏။

"ဟာ . . . ဒီနေ့ တယ်ထူးပါလား၊ မာမီတို့ အိမ်တွေဘာတွေကပ်လို့၊ ဗိုက်ဆာပြီဗျာ . . . မာမီ ထမင်းခူးကျွေး''

စိုးသိန်းသည် မိမိလတ်၏အနား ဝင်ထိုင်လျက် ခေါင်းငွေ့ပြောလိုက်၏။

"သားနော် . . . လုံကြည့်တော့ လူပျိုကြီးဖားဖား ဖြစ်နေပြီခုထိ ကလေးလို ဆိုးနေတုန်းပဲ၊ မင်းအဖေ ဝန်ထောက်ဦးမောင်မောင်နဲ့ တွေ့ခဲ့ပြီးပြီ . . . အဲဒါ သိရဲ့လား''

"အာ . . . မာမီကလည်း တစ်နေ့က ကျွန်တော့်သူငယ်ချင်းတွေနဲ့ တိုက်ကြီးဘက်ကို ပစ်ကနစ် ထွက်ကြတာလေ၊ အဲဒါ အိမ်ပြန်ပြီး ငွေယူဖို့ အချိန်မရလို့၊ ဝန်ထောက်ကြီးဆီက ငွေယူသွားတာပါမာမီရဲ့ . . .၊

ဒီဘိုးတော်ကြီးကလည်းဗျာ . . . ငွေငါးရာလောက်နဲ့ အဖေ့ကိုတိုင်ရတယ်လို့၊ တွေ့မယ် ဒီအဘိုးကြီး''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြထိပ်တင်တစ်ယောက် သမီးဖြစ်သူနှင့် စိုးသိန်းတို့ထံမှ ကြားရသော စကားများကြောင့် ရင်မောစွာ သက်ပြင်းချမိလေ၏။

✵ ✵ ✵



သည့်နေ့ ...

ရှားရှားပါးပါး အလုပ်နားရက်ဖြစ်သဖြင့် ဦးမြဆိုင်တစ်ယောက် အင်္ဂလိပ်ဝတ္ထုတစ်အုပ်အား စိတ်အေးလက်အေး ဖတ်ရှုနေလေ၏။

ထိုအခိုက်မှာပင် တယ်လီဖုန်းစင်မှ အသံမြည်လာသဖြင့် စာအုပ်ကိုချကာ တယ်လီဖုန်းစင်ရှိရာ လျှောက်သွားၤ၏။

"ဟုတ်ကဲ့ ကျွန်တော်ဦးမြဆိုင်ပါ၊ ဘာကိစ္စများ ရှိလို့ပါလဲ ခင်ဗျာ"

"__________"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘယ်လို"

"__________"

"ဟုတ် ဟုတ်ကဲ့ . . . ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်"

ဦးမြဒိုင်သည် တယ်လီဖုန်းပြောပြီးနောက် မျက်နှာကြီး နီမြန်းလျက် တောက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်၏။

မင်းကတော်များ၏ ပိုကာဝိုင်းသို့သွားရန် ဖြီးလိမ်းပြင်ဆင်၍ အခန်းတွင်းမှထွက်လာသော မိမိလတ်မှာ ယောက်ျားဖြစ်သူ၏ မျက်နှာကဲကို ကြည့်ရှု၍ . . .

"ဘာတွေများ ဒေါသထွက်နေပြန်ပြီလဲ အစ်ကိုကြီးရယ်" ဟု မေးလိုက်လေ၏။

"ဟိုကောင် မွေးရကျိုးမနပ်တဲ့ ကောင်ပေါ့၊ မိုးကို မီးနဲ့ တက်ရှို့လိုက်ပြန်ပြီ၊ ဒီတစ်ခါတော့ မလွယ်တော့ဘူး၊ ဒင်းထိုက်နဲ့ ဒင်းကံ ခံပေတော့ . . . တောက်"

ယောက်ျားဖြစ်သူ၏စကားကြောင့် သူမ ရင်ထိတ်သွားရ၏။

"သားက ဘာဖြစ်လို့လဲ၊ မိ ရင်ထိတ်လိုက်တာ အစ်ကိုကြီး ရယ်၊ မြန်မြန်ပြောစမ်းပါ"

"ရင်ထိတ်မနေနဲ့၊ မင်းသား အချုပ်ထဲရောက်နေပြီ မိ"





ဦးမြဒိုင်၏စကားကိုကြားလျှင် မိမိလတ်မှာ မျက်လုံးပြူးသွားပြီး . . .

"ဘာ . . . အချုပ်ထဲမှာ ဟုတ်လား၊ အောင်မယ်လေး . . . ကိုယ်ကျိုးတော့ နည်းပါပြီရှင်၊ ဘာ ဘာဖြစ်လို့ အချုပ်ထဲရောက်နေရတာလဲ"

"ဘာဖြစ်ရမလဲကွ . . . ဝန်ထောက်မင်းဦးမောင်မောင်ရဲ့ ကားမှန်ကို ရိုက်ခွဲလို့ အချုပ်ထဲရောက်နေတာ၊ တောက် . . . ငါ့ကို မျက်နှာပျက်အောင်လုပ်တဲ့ကောင် တွေ့ကြသေးတာပေါ့"

ဦးမြဒိုင်သည် ပြောပြောဆိုဆို ကားရှိရာ လျှောက်သွား၏။

"ဟင် အစ်ကိုကြီး . . . ဘာလုပ်မလို့လဲ နေပါဦး . . . မိလည်း လိုက်မယ်"

မိမိလတ်မှာ စလင်းဘတ်အိတ်ကို ပစ်ချ၍ အပြေးလိုက်သွား၏။

ဦးမြဒိုင်မှာ အံတကြိတ်ကြိတ်ဖြင့် ကားကို အရှိန်ပြင်းစွာ မောင်းနှင်လိုက်၏။

ပုလိပ်ဌာနသို့ ရောက်လျှင် ဝန်ထောက်ဦးမောင်မောင်နှင့် အတူ ဌာနာအုပ်ကိုပါ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓနိထောက်မင်းသည် ဦးမြဆိုင်ကိုမြင်လျှင် ...

"မင်းသားလုပ်ပုံ ကောင်းသေးရဲ့လား မြဆိုင်ရာ၊ ကားမှန်တစ်ချပ်တ ဘယ်လောက်မှ တန်ဖိုးမရှိဘူးကွ၊ အေး ... ဒါပေမဲ့ အကြောင်းမဲ့သက်သက်ကြီး ငါ့ကားမှန်တွေကို ရိုက်ခွဲပစ်တာ ခွင့်မလွှတ်နိုင်ဘူး။ ငါနဲ့မင်းဆိုတာက ပြောမနာ,ဆိုမနာ ပေါင်းသင်းနေတဲ့ လူတွေ၊ မင်းရဲ့သား မွေးလိုရင်လည်း ငါထုတ်ပေးခဲ့တာပါကွ၊ ဒါ့ကြောင့် ဒီတာလေးကို မှတ်လောက်သားလောက်အောင် အချုပ်ထဲ ထည့်လိုက်တာ၊ မင်း ငါ့ကို စိတ်မဆိုးပါနဲ့"

ဟု ပခုံးဖက် ပြောလိုက်၏။

"ဒီစကားတွေဟာ ကျုပ်အနေနဲ့ ပြောရမှာပါ ဝန်ထောက်မင်းရယ်၊ ကျုပ်သားရဲ့ရိုင်းစိုင်းမှုကြောင့် ကျုပ် ဝန်ထောက်မင်းကို မျက်နှာမပြရဲလောက်အောင် ရှက်ရွံ့မိပါတယ်၊ ဝန်ထောက်မင်းလုပ်တာ နည်းလမ်းကျပါတယ်၊ ဒီကောင် ဒါမှမှတ်မှာဗျ၊ ကျုပ် အသံ လုံးဝမပေးဘူး"

ဦးမြဆိုင်၏စကားကြောင့် မိမိလတ်မှာ မျက်လုံးပြူးသွားပြီး

"ဘယ်လိုပြောလိုက်တာလဲ အစ်ကိုကြီးရယ်၊ သား မောင်စိုးသိန်းဟာ အစ်ကိုကြီးရဲ့ သားအရင်းပါ၊ အစ်ကိုကြီးရဲ့ ဂုဏ်သိက္ခာ





လည်း ရှိသေးပါတယ်၊ သားလေးကို မျက်နှာလွှဲခဲပစ်လုပ်လို့ မသင့်တော်ပါဘူးရှင် ...၊

ဟောဒီက ဝန်ထောက်မင်းကိုလည်း မိ တောင်းပန်ပါတယ်ရှင်၊ သားလေးကို နောက်ဆုံးအနေနဲ့ ခွင့်လွှတ်ပေးပါ၊ နောင် ဒါမျိုးမဖြစ်စေရဖို့ မိ တာဝန်ယူပါတယ်ရှင်၊ တောင်းပန်ပါတယ် ဝန်ထောက်မင်းရယ် ... သားလေးရဲ့အမှုကို ရုပ်သိမ်းပေးပါရှင်"

ဟု တုန်ယင်သောအသံဖြင့် ပြောလေ၏။

"တော်စမ်း မိ ... မိ ဒီကောင့်ကို အလိုလိုက်လို့ ဘမ်းဘ အောင် ဒင်း မိုက်နေတာကွ၊ ဘာမှ အမှုကိုပိတ်စရာမလိုဘူး၊ ဒင်း မိုက်ပြစ်ကြောင့် ခံရတာ ... ခံပါစေကွ ခံပါစေ"

ဦးမြဆိုင်နှင့် မိမိလတ်တို့၏အခြေအနေကို အကဲခတ်နေသော ဝန်ထောက်မင်းမှာ သက်ပြင်းရှိုက်လျက် ...

"မင်းတို့လင်မယားနှစ်ယောက်လုံးကို ငါ စကားနည်းနည်း ပြောချင်တယ်၊ ငါဟာ အိမ်ထောင်မရှိတဲ့ လူပျိုကြီးတစ်ယောက်ဖြစ်ပေမယ့် မင်းတို့ရဲ့ကလေးတွေကို ငါ့ကလေးအရင်းတွေလို သံယောဇဉ် ရှိတာ မင်းတို့အသိပါ၊ မိမိအနေနဲ့ ကျုပ်ကို တောင်းပန်နေစရာ မလိုပါဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မောင်စိုးသိန်းကို မြုလုပ်ခြင်းရဲ့နောက်ကွယ်မှာ တန်ပြန်သက်ရောက်မှု ရှိတယ်ဆိုတာ သိစေချင်တာပါ၊ ခုလောက်ဆို မောင်စိုးသိန်းဟာ အချုပ်ရဲ့သဘောတရားကို နားလည်လောက်ပါပြီ၊

ဒီမယ် မြဆိုင် ... မောင်စိုးသိန်းကို အချုပ်ထဲပို့ကတည်းက မင်းရောက်လာတဲ့အခါ အမှုကိုပိတ်ပေးဖို့ ငါဆုံးဖြတ်ထားခဲ့တာပါ၊ အခုပဲ ငါ အမှုပိတ်ပေးလိုက်မယ်၊ မိမိအနေနဲ့ ကလေးကို ဒါမျိုးထပ်မလုပ်ဖို့ ဆုံးမရမယ်၊ ငါ့နေရာမှာ တခြားလူဆိုရင် အခြေအနေက တစ်မျိုးဖြစ်သွားနိုင်မယ်''

ဟုပြောလိုက်လျှင် မိမိလတ်မှာ မျက်ရည်တစမ်းစမ်း ဖြစ်နေရာမှ ...

''ကျေး ကျေးဇူးတင်ပါတယ်ရှင်၊ ဒီလိုအပြုအမူမျိုး ထပ်မဖြစ်ဖို့ မိ မိ သားကို ဆုံးမပါ့မယ်ရှင်''

ဟု ပျာပျာသလဲ ကတိခံလိုက်လေတော့၏။

✵ ✵ ✵



မောင်စိုးသိန်းသည် ...

အချုပ်မှလွတ်ပြီးနောက် အပြင်သို့မထွက်ဘဲ ငြိမ်ချက်သားကောင်းသွားလေ၏။

ဦးမြဆိုင်မှာ သားဖြစ်သူ၏အခြေအနေကို စိတ်တွင်းမှ ကျေနပ်နေမိ၏။

စိုးသိန်းသည် အိမ်တွင်းအောင်းသော်ငြား မြသီရိနှင့် ဒေါ်မြထိပ်တင်တို့ကို လှည့်၍ ပြဿနာရှာတတ်၏။

သူသည် မိမိလတ်၏ အရေးပေးမှုကြောင့် အနိုင်ကျင့်သော်သလို ဒေါ်မြထိပ်တင်အားလည်း လူရာမသွင်းတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောညနေစောင်း၌ စိုးသိန်း၏ သူငယ်ချင်းများ ဖြစ်သည့် အရေးပိုင်သားနှစ်ယောက် အိမ်သို့ရောက်ရှိလာ၏။

၎င်းသည် အပေါင်းအသင်းများနှင့် အော်ဟစ်တကြီး ဂီတာတီးကာ သီချင်းဆိုလေ၏။

"အဘွားကြီး အဘွားကြီး ... လာစမ်းပါဦး"

စိုးသိန်း၏ခေါ်သံကြောင့် ဒေါ်မြထိပ်တင်သည် ပန်းကန်များဆေးကြောနေရာမှ အိမ်ရှေ့သို့ ထွက်ခဲ့ရလေ၏။

"အဘွားကြီး ကျုပ်ခေါ်နေတာ ကြာပြီ၊ နားပင်းရင်လည်းဘိုးဘွားရိပ်သာကို ဂိုးတော့၊ ကျုပ်တို့အတွက် ဘိလပ်ရည်ပုလင်းတွေယူခဲ့၊ ချိစ့်ပေါင်မုန့်ပါယူခဲ့ ... သွား သွား"

သူမ ၎င်းတို့အနားက ပြန်လှည့်အထွက်တွင် စိုးသိန်း၏ အပေါင်းအသင်းတစ်ဦးက မေးငေါ့၍ ...

"ဒီအဘွားကြီးက ဘယ်သူလဲကွ"

ဟု မေးလိုက်ရာ စိုးသိန်းက ...

"အလကား နားပင်းတဲ့အိမ်စေမကြီး၊ ငါတို့ ကလေးဘဝတည်းက နိုင်းဖို့ခေါ်ထားတာ"

ဟု ပြောလေ၏။





စိုးသိန်း၏စကားကြောင့် ဒေါ်မြထိပ်တင်မှာ ရင်ဆို့မတတ်စိတ်မကောင်းဖြစ်သွားရှာ၏။

မီးဖိုခန်းသို့ရောက်လျှင် မြသီရိမှာ အဘွားဖြစ်သူ၏ မျက်နှာကို ကြည့်လျက် ...

"အမေ ... မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ ... နေမကောင်းလို့လား"

ဟုဆိုကာ နဖူးကို စမ်းကြည့်လေ၏။

"နေကောင်းပါတယ် မြေးရယ်၊ စိုးသိန်း စိုးသိန်း သိပ်ရိုင်းတယ်၊ ကလေးတွေရှေ့မှာ အမေ့ကို အိမ်စေမကြီးလို့ ပြောတယ်တွဲ့"

တုန်ယင်သောအသံနှင့်အတူ သူမ မျက်ရည်ပေါက်ခနဲ ကျမိလေ၏။

ဘွားအေကြီး၏မျက်ရည်ကို မြင်လျှင် မြသီရိမှာ တုန်လှုပ်သွားပြီး ...

"အို အမေရယ် ... မငိုပါနဲ့၊ အစ်ကိုစိုးအကြောင်းလည်း သိရဲ့နဲ့၊ သူ့ရဲ့ရိုင်းစိုင်းမှုဟာ ဗီဇလို ဖြစ်နေပြီ၊ ဘယ်လိုမှ ဖျောက်လို့ရမှာ မဟုတ်ဘူး အမေ၊ အမေ စိတ်မကောင်းမဖြစ်ပါနဲ့၊ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



တို့ သုတ်လိုက်ပါနော်''

ဟု နှစ်သိမ့်စကားဆို၏။

''အဘွားကြီး ဘာလုပ်နေလဲဗျ။ စားစရာတွေ ယူလာစမ်း၊ အဘွားကြီး''

စိုးသိန်း၏အသံကြောင့် ဒေါ်မြထိပ်တင်မှာ မျက်ရည်များ သုတ်လျက် ဘီလပ်ရည်ပုလင်းများကို ပြင်ဆင်လိုက်လေ၏။

''နေ နေ အမေ ... မသွားနဲ့၊ သီရိပဲ သွားပို့ပေးလိုက်မယ်''

မြသီရိသည် ဘီလပ်ရည်နှင့် ချိစ့်ပေါင်မုန့်ကို ပြင်ဆင်၍ ယူဆောင်သွား၏။

သူမကိုမြင်လျှင် စိုးသိန်းမှာ မျက်မှောင်ကြုတ်လျက် ...

''ဟဲ့ ... အဘွားကြီးကို ငါခိုင်းထားတာ၊ နင်က ဘာလို့ ဝင်လုပ်ရတာလဲ၊ ဘာလဲ ... အိမ်ကို ယောကျ်ားပျိုလေးတွေလာလို့ ဟန်ရေးထွက်ပြတာလား''

ဟု ရိုင်းပျသောစကားကို ဆို၏။

မြသီရိသည် စိုးသိန်း၏စကားကြောင့် ရှက်ဒေါသဖြင့် မျက်နှာကြီး နီမြန်းသွားရှာ၏။

''အစ်ကိုစိုး သိပ်လွန်နေပြီနော်၊ ခုနကလည်း အမေ့ကို





အိမ်စေမကြီးလို့ ပြောတယ်၊ အခုလည်း ကိုယ့်နှမအပျိုလေးကို သူစိမ်း ယောကျ်ားတွေရှေ့မှာ ပြောရက်တယ်၊ အစ်ကိုစိုးဟာ လူ့စိတ်မရှိ လောက်အောင် ရိုင်းစိုင်းနေပြီ၊ ဒီကိစ္စကို ဒယ်ဒီနဲ့တိုင်ပြောမယ်''

မြသီရိ၏စကားကိုကြားလျှင် စိုးသိန်းမှာ ဒေါသတကြီး ထ ရပ်လိုက်၏။

ထို့နောက် မြသီရိ၏ပါးကို ဖြန်းခနဲ ရိုက်ချလိုက်ပြီး ...

''ကောင်မ ... နင့်ပါးစပ် ပိတ်လိုက်စမ်း၊ ငါ့ကို ဘာမှအာခံ စရာ အကြောင်းမရှိဘူး၊ ဒယ်ဒီ့ကို သတ္တိရှိရင် တိုင်ကြည့်စမ်း၊ နင့်ကို လည်မျိုညှစ်သတ်ပစ်မယ်ကွ''

ဟု ကြိမ်းဝါးလိုက်လေ၏။

''မောင်စိုးသိန်း ... မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မြသီရိ ဟာ မင်းရဲ့ညီမလေးတစ်ယောက်ပါ၊ ငါ့ကိုစော်ကားတာ သည်းခံနိုင် တယ်၊ ငါ့မြေးကို စော်ကားတာတော့ လုံးဝ သည်းမခံနိုင်ဘူး၊ တစ် သက်လုံးပြုစုခဲ့တဲ့ ကျေးဇူးကိုမှ မထောက်၊ ရိုင်းစိုင်းလွန်းတဲ့ အရိုင်းစိုင်း ကောင်''

ဒေါ်မြထိပ်တင်သည် မီးဝင်းဝင်းတောက်နေသော မျက်လုံး များဖြင့် စိုးသိန်းကိုကြည့်၍ အသံကုန် အော်ဟစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီအဘွားကြီး သေတော့မယ်၊ ဘာလဲ . . . ဘာတွေစူးလဲ၊ ခင်ဗျားကြီးကို တောကြိုချုံကြားက ကျုပ်အဖေက ခေါ်ခဲ့တာဗျ၊ ဘာလဲ . . . ရွှေဘုံပေါ်စံနေလို့ ဘဝမေ့ချင်တာလား တောသူမကြီးရဲ့ ဖျာစုတ်ကနေ ကော်ဖောပေါ်တက်နေရလို့ ဖင်လေဟပ်နေတဲ့တာမကြီး၊ တောက် . . . လုပ်လိုက်ရရင်"

ဘီလူးသဘက်စီးသလို စိတ်ရိုင်းဝင်နေသည့် စိုးသိန်းမှာ ရှန့်ရင်းစွာ ပြောဆို၍ ဒေါ်မြထိပ်တင်အား ဆောင့်တွန်းလိုက်၏။

ထိုအခိုက်မှာပင် . . .

ပြင်းထန်လှသော လက်သီးချက်သည် စိုးသိန်း၏မျက်နှာသို့ ခွပ်ခနဲ ကျရောက်သွား၏။

စိုးသိန်း၏အပေါင်းအဖော်များမှာ အခြေအနေမကောင်းမှန်း ရိပ်စားမိသွားပြီး အိမ်ပြင်သို့ ပြေးထွက်ကုန်ကြ၏။

"ခွေးထက်မိုက်တဲ့ကောင်၊ ကိုယ့်ဘွားအေကို ပြန်ပြီး ရိုင်းစိုင်းတဲ့ကောင်၊ အဓာတသတ်ကောင်၊ မင်းလိုကောင်မျိုး ငါ့သားဖြစ်နေတာ သိပ်ရှက်ဖို့ကောင်းတယ်ကွ၊ သိပ်ရှက်ဖို့ကောင်းတယ်"

ဦးမြဆိုင်၏ ဒေါသတကြီး အော်ဟစ်လိုက်သည့်စကားကြောင့် စိုးသိန်းမှာ ပါးစောင်မှ ယိုစီးနေသော သွေးစများကို လက်ခုံဖြင့်





သုတ်လျက် . . .

"ဒယ်ဒီ . . . ဒယ်ဒီ့စကားကို ကြည့်ပြောပါ၊ ဘာ ကိုယ့်ဘွားအေလဲဗျ၊ ဒီအဘွားကြီးနဲ့ကျုပ် ဘာမှ မတော်စပ်ဘူး၊ ဒယ်ဒီ မာမီ မိမိလတ်ကို ယူလို့ ဒီအဘွားကြီး အိမ်ပေါ်ရောက်လာတာဗျ . . .၊

ဒီအဘွားကြီးက မြသီရိကိုပဲ သူ့မြေးထင်နေတာ၊ ကျုပ်ကလည်း သူ့လို တောသူမကြီးကို လုံးဝ ဘွားအေမတော်နိုင်ဘူး၊ တစ်သက်လုံး လက်နဲ့မရွယ်ခဲ့တဲ့ ကျုပ်ကို ဒီအဘွားကြီးကြောင့် ဒယ်ဒီ ရိုက်ရက်ပြီပေါ့ . . . ရတယ် ရတယ် ဒယ်ဒီ . . .၊

ဟုတ်တယ် . . . ကျုပ်က အရိုင်းအစိုင်းကောင်၊ အခုချိန်ကစပြီး ကျုပ်ကြောင့် ဒယ်ဒီ ပိုပြီးအရှက်ရဖို့သာ ပြင်ထား၊ စိုးသိန်းဆိုတဲ့ကောင်က မိုက်ပြီဆို ကမ်းကုန်အောင် မိုက်တတ်တယ် . . . အဲဒါ ဒယ်ဒီ မြဲမြဲမှတ်ထားဗျ"

ဟု ကြုံးဝါးလိုက်လေ၏။

စိုးသိန်း၏ ယုတ်မာရိုင်းစိုင်းလွန်းသော စကားများကြောင့် ဦးမြဆိုင်မှာ အသားဆတ်ဆတ်တုန်မတတ် ဒေါသထွက်သွားတော့၏။

"မင်း မင်း အဓာတသတ်ကောင်၊ ငါ့ကို ငါ့ကို ပြန်သတ်မယ့်အကောင် . . . အား အား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဆိုင်တစ်ယောက် ခေါင်းကိုလက်နှင့်ဖိလျက် ကြမ်းပေါ် ခွေလဲကျသွားရှာ၏။

စိုးသိန်းမှာ ဖခင်အား တစ်ချက်မျှပင် လှည့်မကြည့်ဘဲ ချာခနဲ လှည့်ထွက်သွားလေ၏။

အမြင်မှ ပြန်ရောက်လာသော မိမိလတ်မှာ ယောက်ျားဖြစ်သူ ကိုမြင်လျှင် ...

"အောင်မယ်လေး အစ်ကိုကြီး ... အစ်ကိုကြီး ဘာ ဘာဖြစ် တာလဲ"

ဟု အထိတ်တလန့် အော်ဟစ်ကာ ပြေးဖက်လေ၏။

မြသီရိလေးမှာ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလျက် ...

"အစ်ကိုစိုးနဲ့ စကားများပြီး ဒယ်ဒီမေ့လဲသွားတာ မာမီ၊ သီ သီရိတို့ ဘာလုပ်ကြမလဲ ... အဟင့် ဟင့်"

ဟု ငိုသံကြီးဖြင့် ပြောလိုက်လျှင် ...

"ဟဲ့ ဘာလုပ်ရမှာလဲ ... ခုချက်ချင်း ဒေါက်တာသက်မောင် ဆီ တယ်လီဖုန်းဆက်၊ နင်ဟာလေ ဘယ်တော့မှ ဦးနှောက်မရှိဘူး။ သားကြီးစိုးသိန်းနဲ့များ ကွာပါ့ဟယ်၊ သွား ... မြန်မြန် တယ်လီဖုန်း ဆက်"





မိခင်ဖြစ်သူ၏စကားကြောင့် မြသီရိလေးမှာ ပိုမို ဝမ်းနည်း သွားရှာ၏။

ရှိုက်ကြီးတငင် ငိုကြွေးရင်း တယ်လီဖုန်းဆီသို့ ပြေးသွားလေ တော့၏။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာသက်မောင်သည် ဦးမြဆိုင်အား စမ်းသပ်ပြီး နောက် ...

"ဒေါ်မိမိလတ်ကို ကျုပ်ပြောချင်တာက ဦးမြဆိုင်ကို နောက်ထပ် ဒီလိုအဖြစ်မျိုး လုံးဝမဖြစ်ပါစေနဲ့၊ ဦးမြဆိုင်မှာ သွေးတိုးရောဂါ အပြင် နှလုံးကပါ အားနည်းနေတယ်၊ အစားအသောက် ဆင်ခြင်တာထက် စိတ်လှုပ်ရှားစေမယ့် အဖြစ်မျိုးတွေ အဓိက ရှောင်ရှားရမယ် ...၊

ခုချိန်မှာ ဦးမြဆိုင်ကို နားနားနေနေ နေခိုင်းတာ အကောင်းဆုံးပါပဲ၊ အချိန်နဲ့ သောက်ရမယ့်ဆေးတွေ ကျုပ်ပေးခဲ့မယ်၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြာခဏ လာကြည့်ပေးပါ့မယ်''

ဟု ပြောလိုက်လျှင် မိမိလတ်မှာ ယောကျာ်းဖြစ်သူ၏ လက်တို ဆုပ်ကိုင်ရင်း ...

''ဟုတ်ကဲ့ပါ ဒေါက်တာ ... အစ်ကိုကြီးရဲ့အခြေအနေက ဒီထက်စိုးရိမ်စရာများ ရှိပါသလားရှင်''

ဟု စိတ်လှုပ်ရှားစွာ မေးမြန်းလိုက်၏။

ဒေါက်တာသက်မောင်သည် ဆေးသောက်ရမည့် အချိန်များ ရေးပေးပြီးနောက် ...

''သိပ်ရှိတာပေါ့ ဒေါ်မိမိလတ်ရယ်၊ သွေးတိုးရောဂါဟာ အသံတိတ် လူသတ်လက်နက်ပဲဗျ ... ဒါကြောင့် ဦးမြဆိုင်ကို စိတ်လှုပ်ရှားစေမယ့် အဖြစ်မျိုးတွေ သတိထားပြီး ရှောင်ပေးရမယ်လို့ ကျုပ်ပြောနေတာပေါ့၊ ကဲ ကဲ ... ကျုပ်လည်း ဆေးခန်းထိုင်ရဦးမှာမို့ ခွင့်ပြုပါဦး''

ဟုဆိုကာ ဆေးသေတ္တာအား ဆွဲ၍ ထွက်သွားလေ၏။

မိမိလတ်သည် ဆေးအရှိန်ဖြင့် အိပ်မောကျနေသော ယောကျာ်းကို ဖက်၍ ဝမ်းပန်းတနည်း ငိုကြွေးနေ၏။

''မောင်မြဆိုင် ဒီလိုဖြစ်ရတာ မောင်စိုးသိန်းကြောင့်ပဲ၊ မောင်





စိုးသိန်းကြောင့် သမီးယောကျာ်း အသက်တိုရလိမ့်မယ်၊ သမီး ဒီကလေးကို ဆုံးမဖို့သင့်နေပြီ''

မိခင်၏စကားကြောင့် မိမိလတ်မှာ ဆတ်ခနဲ ခေါင်းထောင်လာ၏။

မိခင်အား စူးစိုက်ကြည့်၍ ...

''ဒီမယ် အမေ ... သားကြီးဟာ ကျွန်မအပေါ်မှာတော့ သိပ်လိမ္မာရေးခြားရှိတဲ့ ကလေးပါ၊ ခုလို ကိုမြဆိုင် အိပ်ရာထဲလဲရတာ သားကြီးကြောင့် မဟုတ်ဘူး၊ အမေ့ကြောင့်ရှင့် အမေ့ကြောင့်၊ အမေသာ ကလေးနဲ့ပြိုင်ပြီး ဖက်မဖြစ်ရင် ဒီပြဿနာ ဖြစ်လာစရာအကြောင်း လုံးဝမရှိဘူး ... အဲဒါ အမေသိရဲ့လား''

ဟု ပြောလိုက်လျှင် ဒေါ်မြထိပ်တင်သည် အသက်မရှူမိလောက်အောင် အံ့သြသွားလေ၏။

သူမ၏ရင်ထဲ၌ ကြေကွဲဝမ်းနည်းစိတ်များ လှိုက်တက်လာ၏။ ဝေ့ဝဲတက်လာသော မျက်ရည်စအား မျက်တောင်ဖြင့် ပုတ်ခတ်၍ ...

''ဒီမယ် အေးချို ... ငါဟာ ညည်းကို လူမယ်အရွယ်ကလေးကတည်းက ဈေးတောင်းခေါင်းရွက်ပြီး နေပူ မိုးရွာမရှောင် ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆွေးခဲ့တာ ညည်း အပျိုအရွယ်ထိအောင်ပါပဲ၊ ငါ့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ,ဖြစ်ခဲ့တာတောင် သမီးမျက်နှာထောက်ပြီး နောက်အိမ်ထောင် မပြုခဲ့ဘူး ... ဒါဟာ အမေတစ်ယောက်ရဲ့ မေတ္တာတရားပဲ ...၊

ညည်းကတော့ လင်ပါသားကို မျက်နှာလုပ်ပြီး မအေကို ကျွန်တစ်ယောက်လို ဆက်ဆံတယ်၊ ကိုယ့်ရဲ့သွေးသားအရင်းဖြစ်တဲ့ မြသီရိလေးကိုလည်း လင်ပါသားလောက်တောင် မျက်နှာသာမပေးခဲ့ဘူး။ ညည်းရဲ့လုပ်ရပ်တွေ သိပ်မှားနေပြီ အေးချို ...၊

ညည်းက ငါ့ကို မအေလို မဆက်ဆံပေမယ့် ငါ ညည်းကြောင့် မျက်ရည်မကျရက်ဘူး၊ အဲဒါ ဘာကြောင့်လဲ သိလား ... မိဘရဲ့ မျက်ရည်တစ်စက်ဟာ သားသမီးဆင်းရဲ တစ်သက်တဲ့အေ၊ အဲဒါ ညည်း သိရဲ့လား''

ဟု ပြောလိုက်ရာ မိမိလတ်သည် ခနဲ့တဲ့တဲ့ရယ်မော၍ ...

''ဟင်း ဟင်း ဟင်း ... အမေပြောတာ တခြားလူအတွက် ဖြစ်ချင်ဖြစ်မယ်၊ ကျုပ်က ဆယ်သက်စားမကုန်တဲ့ လင်ကို ရထားတာလေ၊ ဒီဘဝမပြောနဲ့ ... နောင်ဆယ်ဘဝတောင် မဆင်းရဲနိုင်ပါဘူး ...၊





ဒီမယ် အမေ ... အခုချိန်မှာ ဒီအခန်းထဲက အမေထွက်သွားတာ အကောင်းဆုံးပဲ၊ အိပ်ရာထဲလဲနေတဲ့ ကျုပ်လင်ရှေ့မှာ အမေ့ကို ဒီ့ထက်ပိုမပြောချင်ဘူးနော်''

ဟု ရိုင်းပျစွာ ပြောဆို၏။

ထိုစဉ် ...

အခန်းထဲသို့ မြသီရိရောက်ရှိလာပြီး ဘွားအေဖြစ်သူကို လက်ဆွဲခေါ်ကာ –

''တော်ပါတော့ အမေရယ် ... အမေ ဘယ်လောက်ခံစားနေရလဲဆိုတာ သီရိသိပါတယ်၊ ဒယ်ဒီ နေမကောင်းလို့ အမေလတ်လည်း စိတ်ရှုပ်ထွေးနေတာ ဖြစ်မှာပါ၊ လာပါ အမေရယ် ... သီရိတို့ အောက်ဆင်းရအောင် နော်''

ဟု ဖျောင်းဖျစကားဆိုလေ၏။

ဒေါ်မြထိပ်တင်တစ်ယောက် မျက်နှာငယ်လေးဖြင့် မြသီရိကို ကြည့်ကာ ဒေါသစိတ်ကို မျိုသိပ်လိုက်ရ၏။

မြသီရိလေး၏လက်ကိုဆွဲကာ ချာခနဲ လှည့်ထွက်သွားလေတော့၏။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါအဖြစ်အပျက်များ ...

ဖြစ်ပွားပြီးနောက် စိုးသိန်းတစ်ယောက် အိမ်ကပ်သည်ဟူ၍ ရှိပေ။

စက်သူဌေးဦးမြဆိုင်သည်လည်း ဆရာဝန်၏ညွှန်ကြားချက်အရ အိမ်၌ နားနေရလေ၏။

မိမိလက်မှာ ယောက်ျားဖြစ်သူ အိပ်ရာထဲ လဲနေသော်ငြား သမားတို့၏စရိုက်အတိုင်း အချိန်တန်လျှင် ဖြီးလိမ်းပြင်ဆင်၍ ပိုကာဝိုင်းများသို့ ရောက်သွားတတ်လေ၏။

ဒေါ်မြထိပ်တင်နှင့် မြသီရိသည်သာ ဦးမြဆိုင်အား အနီး

ရွှေမင်းသမီးစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



တပ် ပြုစုရလေ၏။

စိုးသိန်းသည် အိမ်သို့ပြန်လာစဉ်များ၌ အပေါင်းအသင်းများ ကို အစုစုလိုက် ခေါ်လာတတ်၏။

ပြီးလျှင် ၎င်း၏အိပ်ခန်းတွင်းဝင်၍ ဓာတ်စက်ကြီးကို အသံ ကုန် ဖွင့်လေ၏။

၎င်း၏အပေါင်းအသင်းများနှင့် သောက်စားပျော်ပါးကာ ဘယ်သူမှ လူမထင်အောင်ပင် ထင်တိုင်းကြဲလေတော့၏။

တစ်ခါတစ်ရံ ၎င်းသည် ညဥ့်နက်ချိန်မှ အိမ်သို့ပြန်လာတတ် ၏။

ညဥ့်နက်သန်းခေါင် ၎င်း၏အခန်းမှ ဝုန်းဒိုင်းကြဲသံများကို ကြားရတတ်သလို တစ်ခါတစ်ရံ တစ်ယောက်တည်းအော်ဟစ်သံများ ကို ကြားရလေ၏။

နေ့လယ်ခင်းတစ်ခု၌ မိမိလတ်သည် စက်ရှင်တရားသူကြီး များ၏ ပိုကာဝိုင်းသို့ သွားရောက်ရန် ဖြီးလိမ်းပြင်ဆင်နေ၏။

သူမသည် စိတ်တိုင်းကျ ခြယ်သပြီးလျှင် ဗီရိုအံဆွဲတွင်းမှ လက်ဝတ်ရတနာဘူးကို ထုတ်ယူလိုက်၏။

ရတနာဘူးကို ဖွင့်လိုက်ရာ မျက်လုံးအစုံ ပြူးကျယ်သွားပြီး





“ဟင် . . . ငါ့ ငါ့ စိန်ဘယက် မရှိတော့ပါလား။ ဘယ်နေရာ များ အထားမှားပါလိမ့်”

ဟု ရေရွတ်ကာ ပျာပျာသလဲ လှန်လှောရှာဖွေလေ၏။

သို့သော် မည်သို့မှ ရှာမတွေ့သဖြင့် ချွေးသီးချွေးပေါက်များ ကျလာကာ . . .

“သီရိ သီရိ လာစမ်း . . . မြန်မြန်လာ”

ဟု သူမဖြစ်သူကို လှမ်းခေါ်ရ၏။

မြသီရိရောက်ရှိလာလျှင် . . .

“သီရိ . . . မာမီ့ရဲ့စိန်ဘယက် ပျောက်နေတယ်၊ သမီး ယူ သေးလား”

ဟု စိတ်လှုပ်ရှားစွာ မေးမြန်းလိုက်၏။

မြသီရိမှာ ကြောင်အမ်းအမ်း အမူအရာဖြင့် . . .

“စိန်ဘယက် စိန်ဘယက် ပျောက်နေတယ် . . . ဟုတ်လား။ အမေလတ်ရဲ့ စိန်ဘယက်ကို ယူဝတ်ရလောက်အောင် သီရိမှာ သွား စရာနေရာမရှိဘူး။ မနက်က မာမီ့အခန်းကို ရှင်းဖို့လာတော့ အစ်ကိုကြီး အခန်းထဲကထွက်သွားတာ တွေ့တယ်၊ အမေလတ်သားကို မေးကြည့် ပါဦး။”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မိမိလတ်မှာ ရင်ဘတ်ဖိလျက် ...

"ဟဲ့ ... စဉ်းစဉ်းစားစားလည်း ပြောစမ်းပါ သီရိရယ်၊ သားကြီးက မိန်းကလေးမှမဟုတ်တာ၊ စိန်ဘယက်ကို ယူပြီး ဘာလုပ်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာတွေ ပြောနေတယ်၊ ရှာစမ်း ... ဘယက်ကို တွေ့အောင်ရှာစမ်း"

ဟု ခိုင်းစေလေ၏။

"အာ ... အမေလတ်ကလည်း အမေလတ်ရှာထားတာပဲ တစ်ခန်းလုံး ပွနေပြီ၊ အမေလတ်ရဲ့သားယူသွားတာ သေချာတယ်၊ သူ လာမှ မေးကြည့်ပေတော့၊ သီရိရှာလည်း မောရုံရှိမှာပဲ၊ အောက်မှာ ဟင်းအိုးတန်းလန်းကြီး ... သွားတော့မယ်"

မြသီရိသည် ထိုသို့ပြောဆိုပြီး ထွက်သွားလေ၏။

"ဒီကောင်မလေး ဘာမှ အားမကိုးရဘူး၊ ဒါ့ကြောင့် သားကြီးနဲ့ ကွာတယ်လို့ပြောတာ၊ အချိန်က နောက်ကျနေပြီ၊ ပြန်လာမှ သားကြီးကို မေးကြည့်ရမယ်၊ အမြန်သွားမှ"

မိမိလတ်သည် ထိုသို့ရေရွတ်လျက် ပိုက်ကဝိုင်းသို့ ထွက်ခွာသွားလေ၏။

ညသို့ရောက်လျှင် သူမသည် စိန်ဘယက်ကိစ္စကို ဘဝင်မကျ





ဘဲ စိုးသိန်းကို မေးမြန်းရန် စောင့်ဆိုင်းနေလေ၏။

ညဉ့်သန်းခေါင်ချိန်လောက်တွင် စိုးသိန်း ပြန်ရောက်လာ၏။

"ဟင် ... မာမီ မအိပ်သေးဘူးလား၊ ဘာလဲ ... ကျွန်တော့်ကို စောင့်နေတာလား၊ အဲဒါကြောင့် မာမီ့ကိုချစ်တာ"

စိုးသိန်းသည် မိမိလတ်၏ခါးကို ဆွဲဖက်၍ ပြောလိုက်၏။

"သားကို မေးစရာရှိတယ်၊ လက်ဝတ်ရတနာဘူးထဲက မာမီ့ စိန်ဘယက် ပျောက်နေတယ်၊ မနက်က သား အခန်းထဲဝင်သေးတယ် မဟုတ်လား"

မိမိလတ်၏စကားကြောင့် စိုးသိန်းမှာ မျက်နှာပျက်သွားပြီး

"ဟုတ်တယ် မာမီ ... မာမီ့အခန်းထဲ ကျွန်တော်ဝင်တယ်၊ သီရိ ပြန်ပြောတာ မဟုတ်လား"

ဟု အသံမာမာဖြင့် ပြန်မေး၏။

"မာမီသိချင်တာ သား စိန်ဘယက်ကို ယူသလားဆိုတာပဲ၊ သားယူခဲ့ရင် မာမီ ဘာမှမပြောဘူး၊ သား ဖြေစမ်းပါ"

စိုးသိန်းမှာ ခေါင်းငုံ့လျက် ...

"ဟုတ် ... ဟုတ်တယ် မာမီ၊ ကျွန်တော် ငွေအရေးလိုလို့ ယူသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလျှင် မိမိလတ်သည် သက်ပြင်းချလျက် . . .

"သားအတွက်ငွေကို မာမီ အထပ်လိုက်ပေးထားတာပဲ၊ ဘာလို့ ငွေတွေ ဒီလောက်လိုနေရတာလဲ သားရယ်၊ ဘာလဲ . . . ရည်းစားသနာတွေများ ရနေပြီလား"

ဟု မေးမြန်းလိုက်၏။

"မဟုတ်ပါဘူး မာမီရာ . . . ကျွန်တော့်သူငယ်ချင်းတစ်ယောက် ကားဝယ်ဖို့ ငွေအသည်းအသန်လိုလို့ပါ၊ ပြန်ရမှာပါ မာမီရဲ့၊ မာမို့မှာလည်း ဝတ်စရာတွေ အများကြီးရှိနေတာပဲ ဘယက်လောက်ကို စာဖွဲ့မနေပါနဲ့ဗျာ၊ ပင်ပန်းတယ် မာမီရာ . . . ကျွန်တော် အိပ်ချင်ပြီ"

❋ ❋ ❋



တစ်ခုသောညဉ့် . . .

အိမ်သားများ အိပ်မောကျနေစဉ် ကျယ်လောင်သော ဘာရှာ တံခါးဖွင့်သံကို ကြားလိုက်ရ၏။

စိုးသိန်းတစ်ယောက် တံခါးပင် ပြန်မပိတ်နိုင်တော့ဘဲ အိမ်ပေါ်သို့ သွေးရူးသွေးတန်း ပြေးတက်သွား၏။

ထို့နောက် အိပ်ခန်းတံခါးကို တွန်းဖွင့်ကာ ဝုန်းခနဲ ပြန်ပိတ်လိုက်၏။

မိမိလတ်သည် အသံကြောင့် အထိတ်တလန့်ဖြစ်သွားပြီး အိပ်ရာမှ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး သားကြီး ... ဘာဖြစ်လာတာလဲ၊ တံခါးဖွင့်စမ်း တံခါးဖွင့်စမ်း"

သူမသည် စိုးရိမ်စိတ်နှင့်အတူ တံခါးကို တဒုန်းဒုန်း ထုနှက်လိုက်၏။

"ဘာမှမဖြစ်ဘူး၊ သွား ... ထွက်သွား၊ ကျုပ်တစ်ယောက်တည်း နေချင်တယ်၊ ထွက်သွားဗျာ"

စိုးသိန်းထံမှ အော်ဟစ်သံကြောင့် သူမ တံခါးကို ဆက်မထုရဲတော့။

"အေး ... အေးပါကွယ်၊ ဘာမှမဖြစ်လည်း ပြီးတာပါပဲ၊ ထမင်းစားပြီးရဲ့လား သား"

"ဟာ ... ဘာဖြစ်နေတာလဲ၊ ကျုပ် ဘာအသံမှ မကြားချင်ဘူး၊ ကျုပ်ကို ဘာမှလာမပြောနဲ့ ... သွားလို့ ပြောနေတယ်"

ဒေါသတကြီး အော်ဟစ်သံကြောင့် သူမ ဘာမှမပြောဝံ့တော့ဘဲ အိပ်ခန်းသို့ ပြန်ထွက်သွား၏။

ဒေါ်မြထိပ်တင်နှင့်မြသီရိမှာ ထိုအဖြစ်အပျက်ကို တိတ်တဆိတ် ကြည့်ရှုလျက် ...

"အစ်ကိုစိုးကြည့်ရတာ ခုတလော ဘာဖြစ်နေလဲမသိဘူး





သိပ် ဒေါသကြီးတာပဲနော် အမေ"

ဟု မြသီရိမှ ပြောလေ၏။

"အင်း ... အေးချိုဟာ မအေအပေါ် မောက်မာခဲ့သမျှတွေ စိုးသိန်းကြောင့် ပြန်ခံနေပြီလေ၊ မောင်မြဆိုင် အိပ်ရာထဲလဲချိန်ကစပြီး ဒီကလေး ပိုဆိုးလာတယ်၊ စိုးသိန်းရဲ့ ရိုင်းစိုင်းမှုတွေဟာ ဒီလောက်နဲ့ပဲ အဆုံးသတ်ပါစေလို့ ဆုတောင်းရုံကလွဲပြီး အမေတို့ ဘာမှ မတတ်နိုင်ပါဘူး"

ဘွားအေကြီး၏စကားကြောင့် မြသီရိမှာ ရင်မောစွာဖြင့် ပင့်သက်ရှိုက်မိလေတော့၏။

နောက်တစ်နေ့သို့ရောက်လျှင် စိုးသိန်းသည် အိမ်မှ စောစီးစွာ ထွက်သွား၏။

မြသီရိမှာ သူမ၏ဝတ္တရားအတိုင်း တစ်အိမ်လုံး သန့်ရှင်းရေးပြုလုပ်လေ၏။

စိုးသိန်း၏အိပ်ရာအား သိမ်းဆည်းရာ ခေါင်းအုံးအောက်မှ ဆေးထိုးအပ်တစ်ချောင်းကို မမျှော်လင့်ဘဲ တွေ့ရလေ၏။

ထို့ကြောင့် အထိတ်တလန့်ဖြစ်လျက် ...

"အမေရေ ... အမေ လာပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ခေါ်လိုက်လေ၏။

ဒေါ်မြထိပ်တင် ရောက်လာလျှင် ဆေးထိုးအပ်ကို ပြလိုက်လေ၏။

"ဟင် . . . ဘုရား ဘုရား၊ ဒါ ဒါ မူးယစ်ဆေး သုံးစွဲတာ၊ မောင်စိုးသိန်း ဘိန်းစွဲနေပြီ၊ ဘိန်းစွဲနေပြီ သီရိ"

✲ ✲ ✲



မြသီရိတစ်ယောက် . . .

မီးအိုးထိုး (မီးပူတိုက်) ရာမှ တိုင်ကပ်နာရီကြီးကို လှမ်းကြည့်မိ၏။

"ဟင် . . . ငါ မီးအိုးထိုးနေတာ အတော်ကြာသွားပါလား၊ ည ဆယ့်တစ်နာရီတောင် ကျော်တော့မယ်၊ မဖြစ်ဘူး . . . ဒါကိုရပ်ပြီး [illegible]မှုဖြစ်မယ်၊ မနက်ကျရင် အရေးထဲဆွမ်း ထချက်ရဦးမယ်"

အတွေးနှင့်အတူ သူမသည် အဝတ်များကို သိမ်းဆည်းလိုက်၏။

အဝတ်များသိမ်းဆည်းပြီးနောက် သူမသည် ပူလောင်းဆိုက်



www.burmeseclassic.com

www.burmeseclassic.com



စင်လွန်းလှသဖြင့် ရေချိုးရန် ပြင်ဆင်၏။

ထို့နောက် ရေချိုးခန်းအတွင်းဝင်၍ ရေကို အားပါးတရကြီး လောင်းချိုးလိုက်၏။

ရေချိုးအပြီး ရေချိုးခန်းတံခါးအား ဆွဲဖွင့်လိုက်ရာ လွန်စွာ ဆိုးရွားသော ချဉ်စူးစူးအရက်နံ့ကြီးကို ရှူရှိုက်မိ၏။

"ဟဲ ဟဲ ဟဲ . . . မိန်းမတစ်ယောက်ရဲ့ အလှပဆုံးအချိန်ဟာ ရေချိုးပြီးချိန်ပဲကွ၊ မှန်းစမ်း . . . နင် ဘယ်လောက်လှသလဲ ငါကြည့်မယ်"

စိုးသိန်းသည် ဒယိမ်းဒယိုင်ခြေလှမ်းများဖြင့် သူမ ရှိရာ လျှောက်လာ၏။

ထို့နောက် သူမကိုယ်၌ ပတ်ထားသော မျက်နှာသုတ်ပဝါကို ဆွဲဖယ်ရန် ကြိုးစားလေ၏။

"အစ်ကိုစိုး . . . ဒါ ဘာလုပ်တာလဲ၊ လွှတ် . . . လွှတ်စမ်းပါ"

စိုးသိန်းနှင့်မြသီရိမှာ ရေချိုးခန်းအဝ၌ တွန်းလားထိုးလား ရှိနေတော့၏။

မြသီရိသည် စိုးသိန်းလက်မှ ရုန်းထွက်ရန်ကြိုးစားရင်း ခြေ ချော်ကာ ဟန်ချက်ပျက်သွားလေ၏။





စိုးသိန်းသည် ဤအချက်ကို အခွင့်ကောင်းယူ၍ မြသီရိကို ကြမ်းပေါ် ဆောင့်တွန်းချလိုက်၏။

"အို အစ်ကိုစိုး . . . မိုးကြိုးတွေ ပစ်ကုန်ပါ့မယ်ရှင်၊ မသင့် တော်ပါဘူး၊ ဘာလုပ်တာလဲ . . . ဖယ် ဖယ်စမ်းပါ"

မြသီရိသည် မျက်နှာသုတ်ပဝါကို အားကုန်ဆွဲလျက် အတင်း ရုန်းကန်နေရှာ၏။

စိုးသိန်းမှာ အရက်ခိုးဝေနေသောမျက်နှာကြီးဖြင့် မြသီရိ၏ အဖြစ်ကို သဘောကျကာ တဟီးဟီး ရယ်မောနေတော့၏။

ထို့နောက် စိုးသိန်းမှာ သူမ၏လက်ကို အတင်းဆွဲရမ်းရင်း လက်မှ ဖန်ချက်လက်စွပ်လေး ကျွတ်ကျသွားတော့၏။

စိုးသိန်းသည် လက်စွပ်ကိုကောက်ယူ၍ ၎င်း၏လက်၌ ဝတ် ဆင်လိုက်၏။

"လူယုတ်မာကောင် . . . ခွေးဖာတ်ခင်းတဲ့ကောင် . . . သီရိကို လွှတ်လိုက်စမ်း"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် စိုးသိန်းသည် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ မီးဝင်းဝင်းတောက်မတတ် မျက်လုံးများဖြင့် စူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသော ဒေါ်မြထိပ်တင်ကို တွေ့ရလေ၏။

"ဘာဗျ ... ကျုပ်က လူယုတ်မာ ... ဟုတ်လား အဘွားကြီး မှာတ်တယ် ... ကျုပ်ယုတ်မာတယ်၊ ခင်ဗျားပြောသလို ခင်ဗျားကြီးရှေ့မှာတင် ခင်ဗျားရဲ့မြေးကို ခွေးဖာတ်ခင်းပြမယ် ... ကြည့်ထားစမ်း"

စိုးသိန်းသည် မျက်နှာနီကြီးဖြင့် ထိုသို့ကြုံးဝါးလျက် မြသီရိ၏ကိုယ်လေးအား ဆွဲဖက်လိုက်လေ၏။

ဒေါ်မြထိပ်တင်တစ်ယောက် မျက်လုံးများပြာဝေမတတ် ထိတ်လန့်သွားပြီး ...

"အောင်မယ်လေး ... မိုးကြိုးတွေ အတောင့်လိုက်ပစ်ကုန်တော့မှာပဲ၊ ခွေးကောင်စိုးသိန်း ဖယ်စမ်း ... ငါ့မြေးကို မထိနဲ့၊ ဟောဒီမှာ လာကြပါဦးရှင်၊ လာကြပါဦး"

ဟု အသံကုန် အော်ဟစ်လိုက်လေ၏။

ဒေါ်မြထိပ်တင်၏အော်သံကြောင့် ကင်းလှည့်သည့် ပတ္တရောင်ပုလိပ်များသည် ခြံဝန်းအတွင်းသို့ ပြေးဝင်လာကြ၏။

မိမိလတ်သည် အိပ်ရာမှလန့်နိုးလျက် အောက်ထပ်သို့ ကမူးရှူးထိုး ပြေးဆင်းရန်ပြင်လိုက်၏။





ပုလိပ်များကိုမြင်လျှင် ဒေါ်မြထိပ်တင်သည် အားတိုးတကြီး ပြေးသွားပြီး ...

"ဟောဒီမှာ လူယုတ်မာကောင်၊ ကျုပ် ကျုပ်မြေးကို မတော်မတရား ကြံစည်နေတယ်၊ ဒီကောင်ဟာ ဘိန်းစွဲနေတဲ့ ဘိန်းစားဘိန်းစား လူယုတ်မာကောင်"

ဟု သွေးရူးသွေးတန်း တိုင်တန်းလိုက်၏။

ပတ္တရောင်လှည့် ပုလိပ်များသည် စိုးသိန်းအား ကုပ်မှ ဆွဲခေါ်လိုက်၏။

ထို့နောက် ၎င်း၏အိပ်ခန်းသို့သွားကာ စစ်ဆေးရှာဖွေကြ၏။

ထိုအခါ မှုးယစ်ဆေးဝါးသုံးစွဲထားသော ဆေးထိုးအပ်နှင့် ဘိန်းဖြူထုပ်လေးများကို သိမ်းဆည်းရမိလေ၏။

ထို့နောက် ပတ္တရောင်လှည့်ပုလိပ်များသည် စိုးသိန်းအား ဖမ်းဆီးကာ ခေါ်ဆောင်သွားကြတော့၏။

မိမိလတ်သည် ထိုအဖြစ်အပျက်ကို မြင်လျှင် ...

"အောင်မယ်လေး ... သားကိုဖမ်းသွားပြီ၊ ငါ့ ငါ့သားလေး အဖမ်းခံရပြီ"

ဟု ရေရွတ်ကာ မေ့လဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲ အနားယူနေရသည့် ဦးမြဆိုင်သည်လည်း ဆူညံသံများကြောင့် အိပ်ခန်းတွင်းမှ ထွက်လာ၏။

လှေကားထိပ်သို့အရောက်တွင် အောက်ထပ်ရှိမြင်ကွင်းကို မြင်တွေ့သွားပြီး . . .

"ဟင် . . . ငါ့အိမ်မှာ ပုလိပ်တွေ ရောက်နေပါလား၊ ဟာ . . . မိမိလည်း ကြမ်းပေါ်လဲနေတယ်၊ ဘုရား ဘုရား . . . ဘာတွေဖြစ်ကုန်ပြီလဲ"

အတွေးနှင့်အတူ ဦးမြဆိုင်၏ နားထင်သွေးများ တဒိန်းဒိန်း ဆောင့်တက်သွားရှာ၏။

သူသည် မျက်လုံးများ ပြာဝေလျက် ခြေချော်ကာ လှေကားမှ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေတော့၏။

"ဟာ . . . ဒယ်ဒီ ဒယ်ဒီ ပြုတ်ကျပြီ၊ ဒယ်ဒီ ဒယ်ဒီ"

မြသီရိမှာ မိခင်ဖြစ်သူအား ပြုစုနေရာမှ ဖခင်၏အဖြစ်အပျက်ကို မြင်တွေ့သွားပြီး အသံကုန် အော်ဟစ်လိုက်လေတော့၏။

❋ ❋ ❋



အထက်ပါအဖြစ်အပျက်များ . . .

ဖြစ်ပွားပြီးနောက် စက်သူဌေး ဦးမြဆိုင် ကွယ်လွန်ခဲ့သလို ...သိန်း၏ ယုတ်မာသောသတင်းမှာ တစ်မြို့လုံး ဟိုးလေးတကြော် ...ဖြစ်သွားလေတော့၏။

ဒေါ်မိမိလတ်မှာ လင်သေ၊ သားတော်ကျ၍ လူတောထဲ ...ဆိုးဝါးသောအဖြစ်များကြောင့် စိတ်ခံစားမှု ပြင်းထန်ကာ နှလုံးရောဂါ ...အား စတင်ခံစားနေရလေ၏။

သို့သော် သူမသည် ရှိသမျှစည်းစိမ်ကို ပုံအော၍ စိုးသိန်း...ကို ထောင်မှလွတ်ရန် ကြိုးပမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် စိုးသိန်းအား ငွေအထပ်လိုက်ပေး၍ မြို့မှ ခြေရာ ပျောက်ခိုင်းလေတော့၏။

စိုးသိန်းကိုစွပြီးပြတ်လျှင် သူမသည် နှလုံးရောဂါဝေဒနာဖြင့် အိပ်ရာထဲ ဘုန်းဘုန်းလဲလေ၏။

တစ်ခုသောညနေခင်း၌ ...

မြသီရိသည် မိခင်ဖြစ်သူအား ဆေးတိုက်ရန် သွားနှိုးလေ၏။

သို့သော် ဒေါ်မိမိလတ်မှာ တစ်ကိုယ်လုံး အေးစက်တောင့် တင်းလျက် နှိုးမရတော့ပေ။

"ဟင် ... အမေလတ် အမေလတ်ကို နှိုးလို့မရတော့ဘူး။ အမေရေ ... လာပါဦး အမေရဲ့ အမေလတ်ကို နှိုးလို့မရတော့ဘူး"

မြသီရိ၏ ငိုသံကြီးဖြင့် အော်ဟစ်သံကြောင့် ဒေါ်မြထိပ်တင် မှာ အပြေးတစ်ပိုင်း ရောက်ရှိလာ၏။

သမီးဖြစ်သူ၏အခြေအနေကို ကြည့်လျက် မျက်ရည်များ ရစ်ဝဲတက်လာ၏ ...

"နှိုးမနေနဲ့တော့ သီရိ ... သမီးရဲ့အမေ အသက်မရှိတော့ ဘူး။ အေးချို အေးချို ... လင်ပါသားကို ဘုရားထင်ပြီး ကိုးကွယ်တဲ့ အမိုက်မ၊ ခုတော့ ဒင်းရဲ့စိတ်နဲ့ပဲ သေရရှာပြီ၊ ညည်းလို သမီးမိုက်





အတွက် ငါ မျက်ရည်မကျဘူး၊ ငါ မျက်ရည်မကျဘူး အေးချိုရဲ့ ... ညည်း သိရဲ့လား"

ဟု ငိုသံကြီးဖြင့် မချိတင်ကဲ ရေရွတ်လိုက်လေ၏။

ဤသို့ဖြင့် မြသီရိတို့သည် ဒေါ်မိမိလတ်၏ရုပ်နအား စီစဉ် ကြရလေ၏။

အလောင်းမြေချ ရက်လည်ပြီးသောည၌ ဒေါ်မြထိပ်တင် သည် မြေးဖြစ်သူကို ခေါ်ယူ၍ ...

"တို့မိသားစုတွေ ပြိုကွဲပြီး သာယာတဲ့ ဟောဒီအိမ်ကြီးကို သုသာန်တစပြင်လို ပြောင်းလဲသွားအောင်လုပ်ခဲ့တာ စိုးသိန်းပဲ သီရိ၊ စိုးသိန်းကြောင့် မောင်မြဆိုင်ရော၊ ငါ့သမီးလေးပါ သေဆုံးခဲ့ရတယ်၊ ပြီးတော့ ငါ့မြေးမလေးလည်း စိုးသိန်းရဲ့ယုတ်မာမှုကြောင့် လူတောထဲ မတိုးဝံ့လောက်အောင် အရှက်ရခဲ့ရတယ် ...၊

လောကမှာ အရာအားလုံးဟာ တန်ပြန်တဲ့သက်ရောက်မှု တွေရှိတယ်၊ အင်အားကြီးတဲ့ မိသားစုတစ်ခုလုံးကို အစိတ်စိတ် အမွှာ မွှာဖြစ်အောင်ဖျက်ဆီးခဲ့တဲ့ ဒင်းကို အမေ လုံးဝခွင့်မလွှတ်နိုင်ဘူး။

မြဆိုင်နဲ့ အေးချိုတို့ရဲ့အသက်အတွက်၊ ငါ့မြေးမလေး သီရိရဲ့ အရှက်အတွက် လူယုတ်မာကောင်ရဲ့အသက်ကို ရအောင်ပြန်ယူရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒင်းကို လက်တုံ့ပြန်ရမှ အမေ့ရဲ့နောက်ဆုံးအချိန်ဟာ ဖြောင့်ဖြူး လိမ့်မယ် သီရိ၊ အမေ ဒင်းကို မြေလှန်ရှာပြီး လက်တုံ့ပြန်ရလိမ့်မယ်"

ဒွားအေဖြစ်သူထံမှ မမျှော်လင့်သော စကားတို့ကြောင့် မြသီရိမှာ ကြက်သီးထမတတ် ထိတ်လန့်သွားရှာ၏။

"အို အမေရယ် ... ဒီလိုစကားတွေ မပြောပါနဲ့၊ စိုးသိန်းဟာ သူ့ရဲ့မိုက်ပြစ်တွေအတွက် သူ့ဒဏ် သူပြန်ပါလိမ့်မယ်၊ အခုချိန်မှာ အမေ့ရဲ့စိတ်တွေ သိပ်လှုပ်ရှားနေပြီ၊ အမေ့စိတ်ကို ငြိမ်အောင်ထားပါ အမေ ...।

ဆိတ်ငြိမ်တဲ့ တောရကျောင်းလေးတစ်ခုမှာ တရားအားထုတ်ရင်း -အမေ အနားယူသင့်တယ်၊ သီရိကိုချစ်ရင် သီရိရဲ့စကားကို နားထောင်ပါနော်၊ သီရိမှာ တစ်လောကလုံး ပြေးကြည့်မှ အမေ တစ်ယောက်ပဲ အားကိုးရှိတော့တာ၊ သီရိ ရင်ကွဲအောင် မလုပ်ပါနဲ့ အမေရယ်"

ဒေါ်မြထိပ်တင်သည် သနားစဖွယ် တောင်းပန်နေရှာသည့် မြေးဖြစ်သူကိုကြည့်၍ စိတ်မကောင်းဖြစ်ကာ မျက်ရည်များ လိမ့်ဆင်း လာတော့၏။

✵ ✵ ✵



ထို့နောက် ...

ဒေါ်မြထိပ်တင်သည် မြသီရိ၏ဆန္ဒအတိုင်း တောရကျောင်း တစ်ခုသို့ တရားအားထုတ်ရန် ထွက်ခွာခဲ့လေ၏။

တောရကျောင်းလေးမှာ လွန်စွာ ဆိတ်ငြိမ်အေးချမ်းလျက် ရှိသလို တရားအားထုတ်သော ယောဂီများလည်း ရှိလေ၏။

သူမသည် တောရကျောင်းလေးသို့ ရောက်ရှိပြီးနောက် တရားအမှတ်ဖြင့် နေထိုင်ရသဖြင့် စိတ်အေးချမ်းသလို ခံစားရ၏။

သို့သော် တရားထိုင်စဉ်အခါတိုင်း စိုးသိန်း၏မျက်နှာကို မကြာခဏ မြင်ယောင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မြင်ယောင်မိသည်နှင့်အမျှ နာကြည်းမှုများ လှိုက်တက်လာကာ တရားဆက်မှတ်၍ မရတော့ပေ။

ထို့ကြောင့် သူမသည် တောရကျောင်းသို့ ရောက်ရှိနေသော်ငြား အေးချမ်းမှုတစ်ဝက် ပူလောင်မှုတစ်ဝက် ဖြစ်နေရရှာ၏။

တောရကျောင်းလေး၌ ယောဂီများနေထိုင်ရန် တဲကျောင်းလေးများ ပြုလုပ်ပေးထား၏။

တဲကျောင်းလေးများမှာ အမျိုးသမီးနှင့်အမျိုးသား ခွဲခြားထား၍ တဲကျောင်းတစ်ခု၌ နှစ်ယောက် နေထိုင်ရ၏။

သူမနှင့်အတူ နေထိုင်ရသူမှာ မလှရီဆိုသော အသက်သုံးဆယ်အရွယ် အမျိုးသမီး ဖြစ်လေ၏။

မလှရီသည် ရန်ကုန်မြို့မှလာရောက်၍ တရားအားထုတ်သူဖြစ်၏။

နေထိုင်ချိန်များ ကြာမြင့်လာသည့်အခါ ဒေါ်မြထိပ်တင်နှင့် မလှရီမှာ ဆွေမျိုးသားချင်းနှယ် ခင်မင်သွားကြ၏။

တောရကျောင်းလေးမှ မလှရီ ပြန်မည့်အချိန်၌ ...

"ရန်ကုန်မြို့ကို အမေမြ တစ်ခါမှ မရောက်ဖူးဘူးမဟုတ်လား၊ ကျွန်မနဲ့ တစ်ခါတည်းလိုက်ခဲ့ပါလား အမေမြရယ်၊ အခြေ





လည်း တရားထွက်မယ့်ရက်က နီးနေပြီပဲ"

ဟု ပြောလေ၏။

မလှရီ၏စကားကြောင့် ဒေါ်မြထိပ်တင်မှာ တွေဝေသွားပြီး

"ငါဟာ ရင်ထဲကအပူမီးကို ငြိမ်းနိုင်ဖို့ တောရကျောင်းလေးတို ရောက်ခဲ့ရတယ်၊ တရားဓမ္မရဲ့ ငြိမ်းချမ်းမှုကို ခံစားရပေမယ့် အပြည့်အဝ မရရှိခဲ့ဘူး၊ ဒါဟာ ငါ့ရင်ထဲက လက်စားချေလိုမှုကြောင့်ပဲ...။

တရားကျောင်းမှာ ထိုင်ပြီး ပူလောင်နေမယ့်အစား မလှရီနဲ့ လိုက်သွားပြီး လမ်းစရှာတာက ငါ့အတွက် ပိုအကျိုးရှိလိမ့်မယ်"

ဟု တွေးတောမိပြီးနောက် မလှရီနှင့်လိုက်ရန် ခေါင်းညိတ်လိုက်လေတော့၏။

ထို့နောက် သူမသည် မလှရီ၏လိပ်စာအား တောင်းယူ၍ မော်လမြိုင်မြို့ပေါ်၌ နေထိုင်သော အသိယောဂီတစ်ဦးထံ သွားရောက်ကာ ...

"ကျုပ်ရဲ့မြေးမလေး သီရိကို ပြောပေးပါ၊ ကျုပ် တရားစခန်းကထွက်ပြီး ရန်ကုန်လိုက်သွားတယ်လို့ ပြောပေးပါ"

ဟုဆိုကာ မလှရီ၏လိပ်စာအား ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်ကား ဒေါ်မြထိပ်တင်သည် မလှရီနှင့်အတူ တကွ တရားကျောင်းလေးမှ ထွက်ခွာသွားလေတော့၏။

❋ ❋ ❋



မိုးသည် သည်းထန်စွာ ရွာသွန်းလျက် ရှိလေ၏။

ဦးမိုးဖြူတစ်ယောက် ဈေးသိမ်းချိန်ဖြစ်သဖြင့် ၎င်း၏ အပ် ချုပ်ဆိုင်လေးကို ပိတ်ကာ အိမ်သို့ပြန်ခဲ့လေ၏။

၎င်းနေထိုင်ရာ လမ်းထိပ်သို့အရောက်တွင် လမ်းနံဘေး ခွေလဲနေသော လူတစ်ယောက်ကို သတိပြုမိသွားပြီး အနားသို့ လျှောက်သွားလေ၏။

"ဟော့ သူငယ် . . . ထစမ်းပါဦးကွ၊ အင်း . . . မင်းတို့လူငယ် ဆွေ တယ်ခက်သကိုး။ မိုးမချုပ်သေးဘူး . . . ပါးစပ်ထဲကို အရက်ကာ သင်နေပြီ၊ ဟော့ . . . ထစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးဖြူသည် ပြောပြောဆိုဆို လူငယ်၏ကိုယ်ကို ဆွဲလှုပ်လိုက်၏။

"ဟင် . . . သူ့အသားတွေက ပူခြစ်နေတာပဲ၊ မှန်းစမ်း"

သူသည် လူငယ်အား ဆွဲလှန်ကာ နဖူးကိုစမ်းကြည့်၏။

"ဟာ . . . ကိုယ်တွေ ပူနေပါလား၊ ဒီသူငယ်ရဲ့ကိုယ်က အရက်နဲ့ မရဘူး၊ ငါထင်သလို အရက်သမားမဟုတ်ဘူး၊ မဖြစ်ဘူး ငါ့အိမ် ခေါ်သွားမှပဲ၊ မိုးရေထဲ ကြာကြာနေရင် ဒီကလေး အသက်ထွက်သွားလိမ့်မယ်"

ဦးမိုးဖြူတစ်ယောက် တစ်ကိုယ်တည်း ရေရွတ်ကာ . . .

"လူလေး လူလေး"

ဟု လှုပ်နှိုးလိုက်၏။

လူငယ်ထံမှ ညည်းညူသံနှင့်အတူ ဦးမိုးဖြူသည် ၎င်းအား မ,ထူပေးလိုက်၏။

ထို့နောက် လူငယ်အား တွဲခေါ်ကာ အိမ်သို့ လျှောက်ခဲ့လေ၏။

အိမ်အဝင်ဝသို့ ရောက်လျှင် ဦးမိုးဖြူ၏ဇနီးသည် ပြေးထွက်လာပြီး လူငယ်အား ကူတွဲပေး၏။





"ဘယ်လိုဖြစ်လာတာလဲ ကိုရင်ရယ်၊ သူက ဘယ်သူလဲရှင်၊ တော် နောက်ကျလို့ ကျုပ်တို့ စိတ်ပူနေတာ"

ဦးမိုးဖြူသည် လူငယ်အား အိပ်ရာပေါ်အိပ်စေပြီး အဝတ်များ လဲလှယ်ပေးလေ၏။

ထို့နောက် အပူကျငြန်းဆေးတစ်ထုပ်ကို တိုက်လိုက်၏။

လူငယ်သည် သတိရှိသော်ငြား ၎င်းတို့အား စကားမပြောနိုင်ပေ။

လူငယ် အိပ်ပျော်သွားသောအခါ ဦးမိုးဖြူသည် ခြေပစ်လက်ပစ် ထိုင်ချလျက် အကြောင်းစုံကို မိန်းမအား ရှင်းပြလိုက်၏။

"ဘယ်ကမှန်းမသိဘဲ အိမ်ခေါ်လာရသလားရှင်၊ တော်ကြာ ဝရမ်းပြေးတွေ ဘာတွေ ဖြစ်နေရင် ဒုက္ခ"

ဇနီးသည်၏ ငြိုငြင်စကားကြောင့် . . .

"မဖြစ်နိုင်ပါဘူး ရှင်မရာ၊ ကောင်လေးကြည့်ရတာ ရုပ်ရည် သန့်သန့်ပြန့်ပြန့်ပါပဲ၊ အသက်တစ်ချောင်းကို ကယ်တင်ကောင်းပါတယ် ကွာ"

ဟု ပြောနေစဉ်မှာပင် သမီးဖြစ်သူ ရောက်ရှိလာ၏။

မသဲဖြူသည် အိပ်ရာထက်လဲနေသော လူစိမ်းကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



ခင်အား မေးမြန်းလိုက်လေ၏။

ဦးမိုးဖြူမှာ သမီးဖြစ်သူကို ထပ်မံရှင်းပြရပြန်လေ၏။

"အို ... အဖေကလည်း ကိုယ့်အိမ်မှာ သမီးပျိုလေးရှိတဲ့ဟာကို ဘာလို လူစိမ်းလက်ခံရတာလဲ၊ ဂါတ်ကိုပို့လိုက် ပြီးတာပဲ"

သမီးဖြစ်သူ၏စကားကြောင့် ဦးမိုးဖြူမှာ ခေါင်းခါယမ်းလျက်

"သမီးပြောတာ မှန်ပါတယ်၊ ဒီလူငယ်နိုးလာမှ အကျိုးအကြောင်းမေးပြီး တစ်ခုခု စီစဉ်ကြတာပေါ့ကွယ်၊ ဒီကိစ္စ ငါ့သမီး ခေါင်းထဲမထည့်နဲ့၊ သွား သွား ... ထမင်းစားချည်တော့"

ဟု ပြောလိုက်လေ၏။

မသဲဖြူသည် အလိုမကျဟန်ဖြင့် ဖခင်၏အနားမှ ထွက်သွားလေ၏။

ဦးမိုးဖြူတို့လင်မယားမှာ လူငယ်နိုးထလာမည့်အချိန်ကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေကြလေ၏။

မိုးစုန်းစုန်းချုပ်ချိန်လောက်တွင် လူငယ်ထံမှ ညည်းညူသံကို ကြားလိုက်ရ၏။

ဦးမိုးဖြူသည် လူငယ်၏ ချွေးဒီးဒီးကျနေသော မျက်နှာကို သုတ်ပေးရင်း ...





"လူလေး ... လူလေး နိုးပြီလားကွဲ"

ဟု မေးလိုက်ရာ လူငယ်သည် မျက်လုံးများပွင့်လာပြီး ...

"ကျုပ် ကျုပ် ဘယ်ရောက်နေတာလဲ၊ ဦးလေးက ဘယ်သူလဲ"

ဟု မေးလာ၏။

"လူလေး လမ်းဘေးမှာလဲနေလို့ ကျုပ်ရဲ့အိမ်ကိုခေါ်လာတာ၊ ကျုပ်နာမည်က ဦးမိုးဖြူ၊ မော်ဘီဈေးကြီးထဲမှာ အပ်ချုပ်ဆိုင်လေး ဖွင့်ထားတယ်။ ကဲ ... မောင်ရင်ရဲ့အဖျားလည်း အတော်သက်သာသွားပြီ၊ မောင်ရင်က ဘယ်ကလဲကွဲ့"

ဦးမိုးဖြူ၏စကားဆုံးလျှင် လူငယ်သည် ရေတစ်ခွက်ကို တောင်းသောက်လျက် ...

"ကျုပ်နာမည် စိုးသိန်းပါ၊ မော်လမြိုင်မြို့ကပါ၊ ကျုပ်အဖေတာ မြို့မျက်နှာဖုံး စက်သူဌေးတစ်ယောက်ပါပဲ၊ ကျုပ် အိမ်က အနှင်ခံထားရတာ ကြာပြီ၊ ဒါလည်း ကျုပ်အပြစ်လုပ်လို့ မဟုတ်ဘူး၊ ကျုပ်အဖေရဲ့ နောက်အိမ်ထောင်နဲ့အတူပါလာတဲ့ အမျိုးတွေကြောင့်ပဲ ...၊

ကျုပ် ခြေဦးတည့်ရာလျှောက်သွားနေတာ အတော်ကြာပြီ မြို့ကိုရောက်တော့ မိုးမိပြီး အပြင်းဖျားတာ၊ ကျုပ်ရဲ့အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



တယ်တင်ခဲ့တဲ့ ဦးလေးကို အရမ်းကျေးဇူးတင်ပါတယ်ဗျာ''

ဟု ဆိုလေ၏။

''မလိုပါဘူး မောင်ရင်ရယ်၊ မျက်စိရှေ့မှာ ဒုက္ခရောက်နေရင် ကူညီတတ်တာ ကျုပ်ရဲ့အကျင့်ပါ၊ ကဲ မောင်ရင် . . . ဒီမြို့ကနေ ဘယ်ဆက်သွားမှာလဲကွဲ့''

ဦးမိုးဖြူ၏အမေးကြောင့် စိုးသိန်းမှာ မျက်နှာငယ်လေးဖြင့်

''ခြေဦးတည့်ရာပါ ဦးလေးရယ်၊ လမ်းရှိသရွေ့ ဆက်လျှောက်ရုံပေါ့ဗျာ''

စိုးသိန်း၏စကားကြောင့် ဦးမိုးဖြူမှာ သက်ပြင်းချမိပြီး . . .

''ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ မောင်ရင်ရယ်၊ နေရာတိုင်းမှာ အန္တရာယ်တွေချည်းပဲကွ၊ ကဲ . . . ဘယ်မှမသွားနဲ့၊ ကျုပ်တို့အိမ်မှာပဲ ပျော်သလောက်နေပေတော့ . . . ဟုတ်ပြီလား''

ဟု ပြောလိုက်လေတော့၏။

* * *

ဤသို့ဖြင့် . . .

စိုးသိန်းသည် မော်တီမြို့ရှိ အပ်ချုပ်သမား ဦးမိုးဖြူတို့နေအိမ်၌ နေထိုင်ခဲ့လေ၏။

သူသည် ထိုမိသားစုနှင့်အတူ အချိန်ကာလများစွာ နေထိုင်ခဲ့သော်လည်း မည်သည့်အလုပ်ကိုမှ မယ်မယ်ရရ မလုပ်ကိုင်ပေ။

ရိုးသားသောဦးမိုးဖြူတို့မိသားစုမှာ စိုးသိန်း ထိုသို့နေထိုင်ခြင်းကို မည်သို့မျှ မပြောကြချေ။

သို့သော် မသဲဖြူသည် စိုးသိန်းအား မေးထူးခေါ်ပြောလောက်သာ ဆက်ဆံလေ၏။




www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို စိုးသိန်းသည် မကျေနပ်သဖြင့် ...

"တောက် ... ဘာမဟုတ်တဲ့ တောသူမက ငါ့လို သူဌေးသားကို အဖတ်မတန်သလို ဆက်ဆံတယ် ... တွေ့ကြသေးတာပေါ့ သေဖြူရယ်"

ဟု စိတ်တွင်းမှ ကြုံးဝါးထားလေတော့၏။

တစ်နေ့သ၌ ဦးမိုးဖြူ၏ နေအိမ်သို့ ညေ့သည့်တစ်ဦး ရောက်ရှိလာ၏။

"ပြောရမှာတော့ စိတ်မကောင်းစရာပဲ ကိုမိုးဖြူ၊ ဆရာတော်ဘုရားကြီး ကံတော်ကုန်တော့မယ်၊ ခင်ဗျားရဲ့နာမည်ကို တဖွဖွ ရွတ်နေလို့ ကျုပ်လာပြီး အကြောင်းကြားရတာဗျ၊ ခင်ဗျားတို့ အမြန်သွားမှ ဖြစ်မယ်"

ညေ့သည်၏စကားကိုကြားလျှင် ဦးမိုးဖြူတို့ဇနီးမောင်နှံမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။

"ဖြစ်ရလေဗျာ ... ဆရာတော်ဘုရားကြီးရဲ့ကျေးဇူးက ကျုပ်တို့ လင်မယားအပေါ်မှာ သိပ်ကို ကြီးမားလွန်းပါတယ်၊ ခုလို လာပြောပေးတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ အခုပဲ ခင်ဗျားနဲ့လိုက်ခဲ့မယ်"

ဦးမိုးဖြူ၏စကားကို ညေ့သည်သည် ခေါင်းခါယမ်းလျက်





"ကျုပ်က တိုက်ကြီးကို မပြန်သေးဘူး၊ ရန်ကုန်ဘက် ခရီးဆက်ရဦးမယ်ဗျ၊ ဆရာတော်ကြီးရဲ့ တပည့်ရင်းတွေ အားလုံးကို သွားပြီး အကြောင်းကြားရမှာ၊ ကဲ ... ခွင့်ပြုပါဦး၊ နောက်ကျရင် ကားမမှီမှာ စိုးလို့ပါ"

ဟုဆိုကာ ထွက်ခွာသွားလေ၏။

ညေ့သည်ပြန်သွားသောအခါ ဦးမိုးဖြူသည် စိုးသိန်းအား ခေါ်ယူ၍ ...

"မောင်စိုးရေ ... ကျုပ်တို့ အရေးကြီးကိစ္စနဲ့ အခုပဲ တိုက်ကြီးကို သွားရမယ်၊ အပြန် နောက်ကျလိမ့်မယ်ကွ၊ မင်းနုမ ပြန်လာရင်လည်း ပြောလိုက်ဦး"

ဟု ပြောလျှင် ...

"သဲဖြူကို စောင့်လိုက်ပါလား ဦးလေး၊ သူ ကျောင်းက ပြန်လာမှ သူ့ပါခေါ်ပြီး သွားပါလား"

"မဖြစ်ဘူး မောင်စိုးရဲ့ ... ဟိုမှာက ကျုပ်တို့ကိုးကွယ်တဲ့ ဆရာတော်ကြီး အတော့်ကို နာမကျန်းဖြစ်နေတာ၊ အချိန်မရှိတော့ဘူး၊ မင်းနုမလာရင်သာ ပြောထားလိုက်ကွဲ့"

ဦးမိုးဖြူတို့လင်မယားသည် ထိုသို့ဆိုပြီးနောက် အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



ဝင် မလဲနိုင်ဘဲ ကားဂိတ်သို့ ထွက်သွားကြလေ၏။

၎င်းတို့ ထွက်ခွာသွားသောအခါ စိုးသိန်းသည် အိပ်ရာထက် ခြေချိတ်လဲလျက် ...

"ကျွားနဲ့ဆင် လယ်ပြင်မှာ ကောင်းကောင်းကြီးတွေ့ပြီပေါ့ သဲဖြူမရယ်၊ ဒီနေ့ နင့်ရဲ့ နုထွတ်နေတဲ့အပျိုစင်ဘဝကို ငါ ရအောင် ယူပြမယ် ... ဟား ဟား ဟား"

ဟု ကြုံးဝါးကာ အရက်ဆိုင်သို့ ထသွားလေ၏။

❋ ❋ ❋



မသဲဖြူတစ်ယောက် အိမ်သို့ ပြန်လာချိန်၌ ခြံတံခါးကြီး ဖွင့်နေသဖြင့် ...

"အိမ်တံခါးကို ဖွင့်ထားပါလား၊ အမေတို့ ဘယ်သွားကြပါ သိမ့်"

ဟု တွေးမိကာ အိမ်တွင်းသို့ ဝင်ခဲ့လေ၏။

"ဟင် ... တစ်အိမ်လုံး ဘယ်သူမှ မရှိကြပါလား၊ ဘာများ ဖြစ်လို့ပါလိမ့်"

အတွေးနှင့်အတူ သူမသည် အိမ်အောက်သို့ဆင်းရန် ခြေလှမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အိမ်တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်၍ ဝင်လာသော စိုးသိန်းကို တွေ့လိုက်ရ၏။

"ဟဲ ဟဲ ဟဲ . . . မင်းမိဘတွေ မရှိဘူး သဲဖြူရဲ့ တိုက်ကြီးကို သွားကြတယ်၊ ဒီအိမ်မှာ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်း . . . ဟဲ ဟဲ . . . မင်း မပျော်ဘူးလား သဲဖြူရာ"

အရက်နံ့ဝေနေသော မျက်နှာကြီးနှင့် စိုးသိန်းသည် သူမ၏ရှေ့ရှိရာ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာ၏။

မသဲဖြူသည် အကြီးအကျယ် ထိတ်လန့်သွားပြီး . . .

"ရှင် . . . ရှင် ဘာတွေ ပြောနေတာလဲ၊ ကျွန်မက ဘာလို့ ပျော်ရမှာလဲ၊ ရှင်နော် . . . လုံးဝ ရှေ့မတိုးနဲ့၊ ကျွန်မ အော်လိုက်မှာ"

ဟု ပြောလိုက်လျှင် စိုးသိန်းမှာ တဟားဟား ရယ်မောလိုက်၏။

"ဟား ဟား ဟား . . . အော်လိုက်စမ်း၊ အော်စမ်းပါ၊ ဒီနေရာမှာ တစ်ခြံနဲ့တစ်ခြံက ခေါ်မကြားလောက်အောင် ဝေးတယ်ကွ၊ ဒီလိုနေရာမှာ လာနေတဲ့ မင်းအဖေကိုသာ အပြစ်တင်ပေတော့၊ ငါ့ကို မတန်သလို ဆက်ဆံတဲ့ကောင်မ . . . ဒီနေ့ နင့်ကို ရအောင်ယူပြမယ်၊ ငါ့ရဲ့သွေးဟာ နင့်ရဲ့ခန္ဓာကိုယ်ထဲ စီးဝင်စေရမယ် . . . ဟား





ဟား ဟား"

စိုးသိန်းသည် ကြုံးဝါးသံနှင့်အတူ မသဲဖြူအား ဆောင့်တွန်းလိုက်၏။

မသဲဖြူမှာ ကြမ်းခင်းထားသည့် ဖျာပေါ်သို့ နောက်ပြန်လန်ကျသွားလေ၏။

"ရှင် . . . ရှင် မယုတ်မာနဲ့ လူယုတ်မာကြီး . . . ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ ခွေးကြီး"

မသဲဖြူ၏စကားကြောင့် စိုးသိန်းမှာ မျက်နှာကြီးနီမြန်းလျက် သူမ၏ပါးကို ရိုက်ချလိုက်လေ၏။

'ဖြန်း'

"အေး . . . ငါ့ကို ခွေးနဲ့နှိုင်းတဲ့ကောင်မ၊ နင့်ကို ခွေးဖတ်ခင်းပြမယ်၊ ကြည့်ထားစမ်း"

စိုးသိန်းသည် မသဲဖြူ၏ ကိုယ်ပေါ်အုပ်မိုးလျက် လက်များကို ဖမ်းချုပ်ထားလိုက်၏။

ထို့နောက် မသဲဖြူ၏အော်ဟစ်သံများနှင့် စိုးသိန်း၏ ဟားတိုက်ရယ်မောသံကြီးမှာ အိမ်လေးအတွင်း၌ ပွက်လောရိုက်နေကြ
၏။

www.burmeseclassic.com



စိုးသိန်းသည် ၎င်း၏အလိုဆန္ဒ ပြည့်ဝသောအခါ မသဲဖြူ၏ဆံစများကို ကလူကျီစယ်လျက် ...

"နင် မှတ်ထားစမ်း ... စိုးသိန်းဆိုတဲ့ကောင်က တန်ရာတန်ကြေးကို ရအောင်ယူတတ်တယ်ကွ၊ နင် ငါ့ကို မတန်သလို ဆက်ဆံတဲ့အတွက် နင့်ရဲ့အပျိုစင်ဘဝကို ပေးဆပ်လိုက်ရတယ်ဆိုတာ မှတ်ထားစမ်း ...၊

ယောက်ျားမှာ ကျားနဲ့နွား နှစ်မျိုးပဲရှိတယ်ကွ၊ စိုးသိန်းဆိုတဲ့ကောင်က နွားမဟုတ်ဘူး၊ ကိုးတောင်ကျားကွ ကျား။ အေး ... ဒီလိုဖြစ်လို့ နင့်ကိုပေါင်းမယ် မထင်နဲ့၊ ဒီနေ့ပဲ နင်တို့အိမ်က ငါထွက်တယ်၊ နင့်အဖေကို ပြောလိုက်"

ဟု ယုတ်မာသောစကားတို့ကို ဆိုပြီးလျှင် ဦးမိုးဖြူ၏ကုတ်အင်္ကျီကို ကောက်ဝတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

လူယုတ်မာ၏ခံတွင်းသို့ ကျဆင်းခဲ့ရရှာသည့် မသဲဖြူမှာ ကမ္ဘာတုန်မတတ် ရှိုက်ကြီးတငင် ငိုကြွေးလျက် ကျန်ရစ်ခဲ့ရှာတော့၏။

❋ ❋ ❋



အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး လများစွာကြာသောအခါ ...

ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဒေါ်မြထိပ်တင်မှာ ပြည်ရွှေဆံတော်ဘုရားအား ဖူးမြော်ရန်အတွက် ဘုရားဖူးကားနှင့် လိုက်ပါခဲ့လေ၏။

သူမသည် ပြတင်းပေါက်နား၌ နေရာရ၍ နံဘေး၌မူ သားအမိနှစ်ယောက် ထိုင်လေ၏။

ထိုသားသည်မိခင်၏ကလေးမှာ လွန်စွာအဆော့သန်သော ကလေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်သည် တစ်လမ်းလုံး ငိုက်မျဉ်း၍ လိုက်ပါခဲ့သလို ကလေးငယ်သည် ကစားစရာပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်၍ ဆော့ကစားနေ၏။

သူမသည် ပြတင်းမှတစ်ဆင့် ပတ်ဝန်းကျင်ကို ငေးမောရင်း လက်မောင်းမှ စူးခနဲ ခံစားလိုက်ရ၏။

ကြည့်လိုက်ရာ ကလေးငယ်မှာ အိမ်မိုးသွပ်၏အစဖြင့် ပြုလုပ်ထားသော ချွန်ထက်သည့် အရာတစ်ခုဖြင့် သူမကို ထိုးနေကြောင်း တွေ့ရလေ၏။

"အို ကလေးရယ် … ဒါက ဆော့စရာမှ မဟုတ်ဘဲကွယ်၊ တော်ကြာ မျက်လုံးထိုးမိမှဖြင့်၊ ပေး ပေး … အသွားကို ပေးထားနော်"

သူမသည် ပြောပြောဆိုဆို ကလေးငယ်၏လက်မှ အရာကို ဆွဲယူလိုက်၏။

ကလေးငယ်မှာ မကျေမနပ်ဖြင့် ခေါင်းကုတ်လျက် နောက်တစ်မျိုး ထုတ်ဆော့ပြန်၏။

ကားသည် တရွေ့ရွေ့ မောင်းနှင်လာရာ မော်ဘီမြို့အဝင်သို့ ရောက်ရှိလာ၏။





ဒေါ်မြထိပ်တင်သည် ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောရင်း တစ်နေရာသို့ အကြည့်ရောက်သွား၏။

ထိုအရာမှာ …

ကားလမ်းဖြတ်ကူးရန်အတွက် ပလက်ဖောင်း၌ ရပ်စောင့်နေသည့် ကုတ်အင်္ကျီနှင့် လူတစ်ယောက်ပင် ဖြစ်၏။

ဒေါ်မြထိပ်တင်သည် ကုတ်အင်္ကျီနှင့်လူအား စူးစိုက်ကြည့်ရင်း နှလုံးသွေးများ ဆူပွက်လာသလို ခံစားလိုက်ရ၏။

"ဟင် … ဒါ ဒါ စိုးသိန်း၊ လူယုတ်မာကောင် စိုးသိန်းပဲ"

သူမသည် ထိုသို့ရေရွတ်ပြီးနောက် ထိုင်ရာမှ ဆတ်ခနဲ ထရပ်ကာ …

"ကားဆရာ ကားကို ရပ်ပေးပါ၊ ကျုပ် ဒီမှာပဲ ဆင်းမယ်"

ဟု လှမ်းပြောလိုက်၏။

ကားသည် လမ်းဘေးတစ်နေရာသို့ ထိုးရပ်ပေး၏။

သူမသည် သွက်လက်သောခြေလှမ်းဖြင့် ကားပေါ်မှ ဆင်းလိုက်၏။

ထို့နောက် ကားလမ်းတစ်ဖက်သို့ ရောက်သွားသော ကုတ်အင်္ကျီနှင့်လူထံသို့ အပြေးတစ်ပိုင်း လိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီနှင့်လူသည် ဆေးပေါ့လိပ်အား စိမ်ပြေနပြေ ဖွာရှိုက်လျက် မြို့စွန်ရှိ သင်္ချိုင်းအတွင်းသို့ ဝင်သွားလေ၏။

ဒေါ်မြထိပ်တင်သည်လည်း လူရိပ်အခြေကို အကဲခတ်၍ ထိတ်တဆိတ် လိုက်သွားလေ၏။

လူသူပြတ်လပ်သော သင်္ချိုင်းမြေထဲသို့ အရောက်တွင် ...

"စိုးသိန်း ရပ်လိုက်စမ်း"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ကုတ်အင်္ကျီနှင့်လူသည် ခြေလှမ်းတုံ့လျက် နောက်သို့ လှည့်ကြည့်လိုက်၏။

"လူယုတ်မာတွေအတွက် လောကကြီးက သိပ်ကျဉ်းတယ် စိုးသိန်း၊ ငါ့ကိုရော ကောင်းကောင်းမှတ်မိရဲ့လား"

ဒေါ်မြထိပ်တင်မှာ မီးတောက်မတတ် မျက်လုံးများဖြင့် စိုက်ကြည့်လျက် စိုးသိန်းရှိရာ တစ်လှမ်းချင်း လျှောက်သွား၏။

စိုးသိန်းသည် အံ့သြတုန်လှုပ်သော အမူအရာဖြင့် ...

"ခင် ခင်ဗျား ခင်ဗျား ဒီနေရာကို ဘယ်လိုရောက်လာတာလဲ"

ဟု မေးလျှင် ဒေါ်မြထိပ်တင်သည် ခြောက်ကပ်ကပ် ရယ်မောလိုက်၏။





"ဟတ် ဟတ် ဟတ် ... သိပ်အံ့သြသွားသလား စိုးသိန်း၊ နင့်ဆီက အကြွေးနှစ်ခုတောင်းဖို့ ငါရောက်လာပြီ၊ ဒီအကြွေးကို နင် ဆပ်ဖြစ်အောင် ဆပ်ရမယ်"

စိုးသိန်းသည် ဒေါ်မြထိပ်တင်၏စကားကြောင့် ဇဝေဇဝါ ဖြစ်သွားပြီး ...

"ဘာအကြွေးလဲ ... ကျုပ် ခင်ဗျားဆီက ဘာမှမယူထားဘူး၊ ကျုပ်ရှေ့က ထွက်သွား အသွားကြီး"

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။

"သေချာရဲ့လား စိုးသိန်းရယ်၊ သေချာပြန်စဉ်းစားကြည့်ပါဦး၊ နင် မေ့နေရင် ငါပြောပြမယ် ... တစ်ခုက အသက်ကြွေး နောက်တစ်ခုက အရှက်ကြွေး"

ဒေါ်မြထိပ်တင်၏စကားကိုကြားလျှင် စိုးသိန်းမှာ ရှူးရှားရှူးရှား ဖြစ်သွားလေ၏။

"ဘာတွေပြောနေတာလဲ ... ခင်ဗျား ရူးသွားပြီလား၊ လူကြီးတွေ,ဘာတွေ နားမလည်ဘူး၊ ဖြတ်ရိုက်ပစ်လိုက်မယ် ... ဘာမှတ်သလဲ၊ ကျုပ်မျက်စိရှေ့က ထွက်သွားစမ်း"

စိုးသိန်းသည် ကယောင်ချောက်ချားအမူအရာဖြင့် ဒေါ်မြ

www.burmeseclassic.com



ထိပ်တင်အား မောင်းနှင်ထုတ်လေ၏။

ဒေါ်မြထိပ်တင်သည် စိုးသိန်းနှင့် မျက်နှာချင်းဆိုင်ရပ်လျက် ရှိရာမှ လက်တစ်ဖက် ဆတ်ခနဲ မြှောက်သွားပြီး . . .

"ရော့ . . . ဟောဒါက ငါ့မြေးသီရိရဲ့ အရှက်အတွက် နင့်ရဲ့ ယုတ်မာမှုကြောင့် ငါ့မြေးဟာ လူတောမတိုးဝံ့တဲ့ ဘဝကို ရောက်ခဲ့ရ ရှာတယ်၊ ရော့ . . . ဟောဒီမှာ နောက်တစ်ချက်၊ နင့်ကြောင့် ငါ့သမီး ရော၊ မောင်မြဆိုင်ရော မသေသင့်ဘဲ သေခဲ့ရတယ်၊ နင်လိုကောင်ဟာ ငရဲပြည်နဲ့သာ ထိုက်တန်တယ်၊ ဒါဟာ ဒီဘဝအတွက် ငါ့ရဲ့ လက်တုံ့ ပြန်မှုပဲ . . . အဟတ် ဟတ် ဟား ဟား ဟား"

သူမသည် စိုးသိန်း၏ရင်ဝအား သွပ်စအချွန်ဖြင့် ဆင့်ကာ ဆင့်ကာ ထိုးစိုက်လိုက်၏။

အမှတ်မထင်အဖြစ်အပျက်ကြောင့် စိုးသိန်းမှာ ခုခံချိန် မရ လိုက်။

နှုတ်ခမ်းမှ သွေးများယိုစီးကျကာ မျက်လုံးပြူးလျက် မြေပေါ် ပစ်လဲကျသွားရှာ၏။

ဒေါ်မြထိပ်တင်သည် သွေးအိုင်ထဲလဲနေသည့် စိုးသိန်းကို ကြည့်ရှုရင်း မျက်ရည်များ ရစ်ဝဲတက်လာ၏။





ရစ်ဝဲတက်လာသော မျက်ရည်များနှင့်အတူ အတိတ်မှ စိုး သိန်း၏ ယုတ်မာရိုင်းစိုင်းမှုများအား ဓာတ်ရှင်ကြည့်ရသည့်နှယ် တစ် ကွက်ချင်း မြင်ယောင်မိလေ၏။

သူမသည် ဒံ့ကို တင်းတင်းကြိတ်လျက် မြေပေါ် ဒူးထောက် ထိုင်ချလိုက်၏။ မြေမှုန့်များကို လက်ဖြင့်ဆုပ်ကိုင်၍ . . .

"ဒီဘဝမှာ နင့်ကို ငါ လက်တုံ့ပြန်နိုင်ခဲ့တယ်၊ ငါဟာ ငါ့ရဲ့ မိသားစု အသိုက်အမြုံလေးအပေါ်မှာ မိခင်တစ်ယောက်, ယောက္ခမ တစ်ယောက်, ဘွားအေတစ်ယောက်အဖြစ် အားလုံးအပေါ်မှာ တာ ဝန်ကျေခဲ့တယ်၊ ဒီစကားဟာ ငါ့ရဲ့ မှန်ကန်တဲ့ သစ္စာစကား ဖြစ်ခဲ့မယ် ဆိုရင် လူယုတ်မာစိုးသိန်းအား လက်တုံ့ပြန်ခြင်းဟာ တစ်ဘဝအတွက် မဖြစ်ပါစေနဲ့ ဘဝအဆက်ဆက် ဒင်းကို ငါ့ရဲ့လက်အစုံနဲ့ အဆုံးစီရင်ခွင့် ရပါရစေသား"

ဟု နာကြည်းဆို့နင့်သံဖြင့် ရေရွတ်လိုက်လေ၏။

သူမသည် မြေမှုန့်များဖြင့် သစ္စာစကားဆိုပြီးလျှင် စိုးသိန်း ၏လက်၌ ဝတ်ဆင်ထားသော ဖန်ချက်လက်စွပ်လေးကို ဆွဲချွတ် လိုက်၏။

ထို့နောက် သူမသည် ထိုင်ရာမှထရပ်ကာ စိုးသိန်း၏



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ကျောခိုင်းလိုက်လေ၏။

"တစ်ချိန်တုန်းက ငါဟာ မြေးမလေးသီရိကို ကတိတစ်ခု ပေးခဲ့ဖူးတယ်၊ ငါ့မြေးမှာ အန္တရာယ်တစ်ခုခု ကြုံလာရင် ပုံပြင်ထဲက ထီးမြှုဆောင်းမယ်တော်လိုပဲ ငါ့မြေးရဲ့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးပါ့မယ်လို့ ပြောခဲ့ဖူးတယ် ...၊

အခု ငါ့မြေးသီရိရဲ့ တစ်သက်လုံး လူရာမဝင်နိုင်တော့တဲ့ အရှက်တရားအတွက် အမိုက်ကောင်ကို လက်တုံ့ပြန်နိုင်ခဲ့ပြီ ...၊

ငါ့ရဲ့နောက်ဆုံးထွက်သက်ဟာ အေးချမ်းမှုတွေနဲ့ အဆုံးသတ်ခွင့် ရတော့မယ်၊ ဒီအတွက် ငါကျေနပ်တယ် ကျေနပ်တယ်"

သူမသည် တီးတိုးရေရွတ်သံနှင့်အတူ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသလို ခံစားနေရ၏။

လပေါင်းမြောက်မြားစွာ ရင်တွင်း၌ စိုက်ဝင်နေသော နာကြည်းမှုများတစ်စင်းကို သူမ ဆွဲထုတ်နိုင်ခဲ့ပြီ မဟုတ်ပါလား။

ကိုယ်တိုင်ထောင်တက်ရတဲ့ လှေကားဟာ
ပင်ပန်းပေမယ့် ကျေနပ်တယ် ...

ချမ်းမြေ့သရဖီလှိုင်

www.burmeseclassic.com